www.burmeseclassic.com

BURMESE CLASSIC .com

# ကျွန်တော်နှင့်အခြားသူတို့၏ အကြောင်းများ

မြင့်သန်း

www.burmeseclassic.com

# ကျွန်တော်နှင့်
# အခြားသူတို့ အကြောင်း

မြင့်သန်း

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၂၅၅ / ၂၀၀၂ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၄၆ / ၂၀၀၂ (၅)

❖

စီစဉ်သူ
ကိုမြင့်ထွန်း

❖

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၂ အောက်တိုဘာ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - ကောင်းထက်
ကာလာခွဲ - **Alpha**
ကွန်ပျူတာစာစီ - **Quality**
အတွင်းဖလင် - **Quality**

❖

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
ဦးခင်မောင်သန်း (သန်းစာပေ) (၀၁၄၅၄)
အမှတ် (၆၃/ခ)၊ (၁) လမ်း၊ ၁၁ ရပ်ကွက်၊ တောင်ဥက္ကလာ၊
ရန်ကုန်မြို့။

❖

တန်ဖိုး - ၄၀၀ ကျပ်

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| | နိဒါန်း | ၃ |
| (၁) | ချစ်ခြင်းအတွက် တစ်နေ့ရာ။ | ၁၃ |
| (၂) | တောင်ဘက်က မြောက်အရပ်။ | ၂၅ |
| (၃) | မောင်သိန်းမောင်၏အရေးအသား၌ မပါဝင် နိုင်သည့် "ကျွန်ုပ်" ၏ အခန်းကဏ္ဍ။ | ၄၀ |
| (၄) | ဒုတိယအကြိမ် မှားယွင်းမှုများအတွက် ပထမနှင့် နောက်ဆုံးဝန်ခံချက်။ | ၄၉ |
| (၅) | ပန်းချီဆရာနှင့် သွားရောက်နေထိုင်ခြင်း။ | ၅၉ |
| (၆) | ပြီးပြည့်စုံသော မနက်ခင်း၏ လိုအပ်ချက်များ။ | ၇၀ |
| (၇) | ဘဝတစ်ပါးသို့ ပြောင်းသွားသော ဆရာကလေး ကိုသာခင်၏ အကြောင်း။ | ၇၈ |
| (၈) | အသိပညာကင်းမဲ့သော အလွမ်း | ၉၁ |
| (၉) | ဘာသာစကားများအတွင်းမှ သိမှုဗေဒ၏ အနာဂတ် ရေခဲတုံး | ၁၀၁ |
| (၁၀) | ဘီယာလာသောက်ကြသူများ | ၁၁၁ |

www.burmeseclassic.com

# နိဒါန်း

(၁)

လောကတွင် လူ နှစ်မျိုးသာရှိပါသည်။ "မိမိ" နှင့် "အခြားသူများ"၊ သို့မဟုတ် "ငါ" နှင့် "အခြားသူတို့၏ငါများ" သာဖြစ်သည်။ "မိမိ" သို့မဟုတ် "ငါ" ဟူ၊ ဘာသာစကားအရ မသုံးစွဲနိုင်သူများ အားလုံးတို့သည် "မိမိ" သို့မဟုတ် "ငါ" မှအပ၊ ဖြစ်–ရှိနေကြသော "အခြားသူများ" နှင့် "အခြားသူတို့၏ငါများ" သာဖြစ်ကြသည်။ "ငါ" သည် "ငါ" ၏အကြောင်းကို အသိဆုံး၊ ရှု၊ မှတ်ယူ၊ သိမှတ်ခံစားနိုင်သူနှင့် အဆုံးအဖြတ်ပြုနိုင်သူဖြစ်သည်။ ငါက ငါ၏အကြောင်းကို တင်ပြခြင်း၊ ဖော်ထုတ်ခြင်း၊ ဖွင့်ဆိုခြင်းများ ပြုလုပ်ရာတွင် အပိုင်နိုင်ဆုံး ဖြစ်သည်။ ထိုအခါ "ငါ" က "အခြားသူတို့၏ငါများ" အကြောင်းကို တင်ပြရန်၊ ဖော်ထုတ်ရန်၊ ဖွင့်ဆိုပြရန်၊ အခွင့်အရေးရသည့်အလျောက်၊ တင်ပြခြင်း၊ ဖော်ထုတ်ပြခြင်း၊ ဖွင့်ဆိုပြခြင်းပြုလေသည်။ သို့ရာတွင် ထိုတင်ပြခြင်း၊ ဖော်ထုတ်ပြခြင်း၊ ဖွင့်ဆိုပြခြင်းများသည် "ကိုယ်စားပြု" တင်ပြခြင်း၊ ဖော်ထုတ်ပြခြင်း၊ ဖွင့်ဆိုပြ

www.burmeseclassic.com


ခြင်း၊ များသာဖြစ်တော့သည်။ "အခြားသူတို့" ၏အကြောင်းကို "မိမိ" က တင်ပြ၊ ဖော်ထုတ်၊ ဖွင့်ဆိုခြင်းဖြစ်ရာ ထိုအကြောင်းများသည် "မိမိ" က တင်ပြ၊ ဖော်ထုတ်၊ ဖွင့်ဆိုသော "အခြားသူတို့" ၏အကြောင်းများသာ ဖြစ်တော့သည်။ ထို "အခြားသူတို့" ၏ ကိုယ်စား "မိမိ" က တင်ပြခြင်းသာဖြစ်တော့သည်။ သို့မဟုတ် "မိမိ" က "အခြားသူတို့" ၏အကြောင်းကို "ပြန်လည်"တင်ပြခြင်းသာ ဖြစ်သည်။ သို့မဟုတ် "မိမိ"က တခြားသူတို့၏ အကြောင်းကို "ပြန်လည်" တင်ပြခြင်းသာ ဖြစ်သည်။ "ငါ" က သို့မဟုတ်၊ "မိမိ" က၊ "ငါ" ၏ "မိမိ" ၏အမြင်၊ သိမှတ်ခံစားနိုင်မှုနှုန်းစံ၊ ကန့်သတ်ပိုင်ခြားနိုင်ခွင့်၊ စသည်များအတွင်းမှ "အခြားသူတို့၏ငါများ"၊ သို့မဟုတ် "အခြား သူများ၏အကြောင်းကို၊ "ကိုယ်စားပြု" ၍လည်းကောင်း၊ "ပြန်လည်၍" လည်းကောင်း တင်ပြခြင်းသာ ဖြစ်ပေသည်။

ကာလနှင့် အာကာသ ကန့်သတ်ထားမှုတစ်ခုတည်းအတွင်း သို့မဟုတ် ပရိဝုဏ်တစ်ခုတည်းအတွင်း သို့တည်းမဟုတ်၊ တူညီနေသော ဖြစ်–ရှိ နေမှုဘောင်တစ်ခုတည်းအတွင်း တို့မှ၊ "ငါ" သို့မဟုတ်၊ "မိမိ" သည်၊ "တင်ပြခြင်း"နှင့် "ကိုယ်စားပြုတင်ပြခြင်း" ကိုဖြစ်စေ၊ "တင်ပြခြင်း" နှင့် "ပြန်လည်တင်ပြခြင်း" ကိုဖြစ်စေ၊ တို့ကိုပြုနိုင်လေသည်။ ပြုနိုင်ခွင့်လည်း ရှိလေသည်။ သို့ရာတွင် "ငါ" က တင်ပြသော "ငါ" ၏ အကြောင်းနှင့် "ငါ" က ကိုယ်စားပြုတင်ပြသော "အခြားသူတို့၏ငါများ" ၏အကြောင်းတို့တွင်

ခိုင်မာပုံနှင့်ဂုဏ်ရည်တို့ တူကြလိမ့်မည်မဟုတ်။ အကြောင်းမှာ ထို "အခြားသူတို့၏ငါ"များမှာ၊ "ငါ၏ အခြားသူတို့၏ငါများ" ဖြစ်နေခဲ့ပြီဖြစ်သောကြောင့်ဖြစ်၏။

(၂)

"တင်ပြခြင်း"နှင့် "ပြန်လည်တင်ပြခြင်း"များတွင် ဝတ္ထုတစ်ပုဒ်၊ သတင်းတစ်ပုဒ်၊ နှင့် သမိုင်းဆိုင်ရာ အကြောင်းရပ် တစ်စုံတစ်ရာကို ဖော်ထုတ်မှုတစ်ရပ် တို့၏ အကြားတွင် ကွာခြားမှုမှာ ကြီးမားလှသည်။ အချက်အလက်မှန်ကန်မှု၏ အရေးပါခြင်းသည် သတင်းရေးသားမှု နှင့် သမိုင်းဆိုင်ရာ ပြန်လည်တင်ပြမှုတို့တွင် အရေးပါလှရာ ဖန်တီးမှု၏ အခန်းကဏ္ဍကို ဤအရေးအသားမျိုးတွင် အလွန်နည်းပါးစွာ ထည့်သွင်းအသုံးပြုတတ်ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် ဖန်တီးခြင်းကို နေရာမပေးနိုင်သော၊ တည်ဆောက်မှုများသာဖြစ်သည်။ သတင်းတစ်ပုဒ်ရေးရာတွင် ဖြစ်စေ၊ သမိုင်းဆိုင်ရာဖော်ထုတ်မှု တစ်ရပ်ပြန်လည်တင်ပြရာတွင်ဖြစ်စေ၊ ရေးသားသူသည် သူ၏ အလို/အမြင်/မှတ်ချက်တို့ကို အထိုက်အလျောက် ထည့်သွင်းတင်ပြနိုင်ခွင့်ရှိသော်လည်း အဓိကအကြောင်းရင်း၊ အချက်အလက်မှ များစွာ သွေဖီ၍မသွားနိုင်။ သွားခွင့်မရှိ။ သွေဖီ၍သွားခဲ့သော်၊ တင်ပြဆိုလိုရင်းအကြောင်းအရာနှင့် အချက်အလက်တို့၏ တန်ဖိုးမှာ အလိုလိုပျက်စီးသွားနိုင်သည်။ သို့မဟုတ် လျှော့ကျသွားနိုင်သည်။

www.burmeseclassic.com


ဝတ္ထုကို တည်ဆောက်ရာတွင်မှု ဖန်တီးမှု၏ အခန်းကဏ္ဍသည် ရှေ့တန်းမှပါဝင်နေသည်။ "ရိုမာန်းတစ်ဝါဒ"ပရဝဏ်အတွင်းမှ ဖြစ်စေ၊ "သရုပ်မှန်ဝါဒ"ဟု ခေါ်ဆိုကြသော "ရီရယ်လစ်ဇင်" စည်းရိုးများအတွင်းမှဖြစ်စေ၊ ဝတ္ထုတစ်ပုဒ်ကို တည်ဆောက်၍ "တင်ပြခြင်း" နှင့် "ပြန်လည်တင်ပြခြင်း"များကိုပြုကြရာတွင် ဖန်တီးခြင်းကို ဖယ်ချန်၍ ဝတ္ထုတစ်ပုဒ်ကို ရေးသား၍မဖြစ်ချေ။ ဝတ္ထုတစ်ပုဒ်စရန်၊ သို့မဟုတ် ဆုံးရန်မှာ စာရေးဆရာ၏ လက်တွင်းရှိသည်ဖြစ်၍ စာရေးဆရာ၏ဖန်တီးမှုမှာ အဓိကဖြစ်ကြောင်း ပေါ်လွင်နေသည်။ သတင်းစာဆရာ၊ သမိုင်းဆရာတို့အဖို့မှာမူ သူတို့ စချင်တိုင်း၊ ဆုံးချင်တိုင်း၊ စ ခွင့်၊ ဆုံး ခွင့်မရှိ၊ သူတို့အား ကန့်သတ်ထားမှုမှာ အခိုင်အမာ ဖြစ်သည်။ သို့အတွက်လည်း သတင်းစာဆရာ၊ သမိုင်းဆရာတို့အား၊ သတင်းစာ "ပညာရှင်"၊ သမိုင်း "ပညာရှင်"များအဖြစ် ကန့်သတ်ခေါ်ဆိုထားကြပြီး၊ ဝတ္ထုရေးဆရာကို စာရေးဆရာ/အနုပညာသည်ဟု သတ်မှတ်ခေါ်ဆိုကြခြင်းဖြစ် သည်။

"တင်ပြခြင်း" နှင့် "ပြန်လည်တင်ပြခြင်း" ကို ပြုသူများသာ ဖြစ်ကြသော်လည်း မတူညီသော နယ်ပယ်များအတွင်းမှဖြစ်၍ ဝတ္ထုကို တည်ဆောက်ရေးသားသူများနှင့် အခြားသော အရေးအသားကိုပြုသူများ အကြားတွင် ကွာခြားမှုများ ရှိနေခဲ့သည်။ ဤသည်ကို တစ်သဘောတည်းဟူ၍ လည်းကောင်း၊ တစ်သားတည်းဟူ၍ လည်းကောင်း၊ နင်ပဲ ငဆေ ပြော၍မရနိုင်ပါ။

(၃)

ဤတွင် ဝတ္ထုအရေးအသား၌ တွေ့ရတတ်သော "သရုပ်မှန်ခြင်း" ဟုခေါ်ဆိုတတ်ကြသည့် "ရီရယ်လစ်ဇင်" ၏ ခြံစီးရိုးအတွင်းမှ တည်ဆောက်မှုများအကြောင်းကို လေ့လာကြည့်ရန် လိုအပ်လာပါသည်။

အလွယ်တကူနားလည်ရန် "သရုပ်မှန်ခြင်း" ဆိုသည်မှာ တကယ့်ဘဝကို ဖော်ထုတ်ခြင်းလော၊ ဟူသော မေးခွန်းကို ဖြေကြားရန် လိုအပ်ပါသည်။ မည်သည့် သရုပ်မှန်ဆရာကြီးက မည်သို့ဆိုသည်၊ မည်သည့် ပညာရှင်ကြီးက မည်သည့် ပညာရှင်ကြီးက မည်သို့ဆိုသည်၊ ဆိုသည်များကို ခေတ္တဘေးဖယ်ထားပြီးနောက် ရိုးသားသော စဉ်းစားမှု တစ်ရပ်ကိုပြုကြည့်စေလိုပါသည်။ စာပေအရေးအသားဖြင့် "တင်ပြခြင်း" နှင့် "ပြန်လည်တင်ပြခြင်း" များအား ပြုရာတွင် တကယ့်ဘဝကို ဖော်ထုတ်ခြင်းမှာ သတင်းတစ်ပုဒ် သို့မဟုတ် သမိုင်းဆိုင်ရာ ဖော်ထုတ်မှုတစ်ရပ်သာ ဖြစ်ကြောင်းဆိုခဲ့ပြီး ဖြစ်သည်။ ထပ်မံ၍ ရှင်းပါရစေ၊ သတင်းတစ်ပုဒ်၊ သမိုင်းဆိုင်ရာ ပြန်လည်တင်ပြချက်တစ်ရပ်တို့တွင် စိတ်ကူး၏ဖန်တီးမှုအခန်းကဏ္ဍ မပါဝင်ပါ။ ဖြစ်ရပ်မှန် သို့မဟုတ် ဖြစ်ရပ်မှန်ဟု ယူဆရသောအကြောင်းရပ်တို့အား ပြန်လည်တင်ပြဖော်ထုတ်ရာတွင် ဖန်တီး၍ မဖြစ်။ ဖန်တီးရန် မဟုတ်၊ ထို့ပြင် ထိုသို့သော ပြန်လည်တင်ပြခြင်းတို့မှာ ဖန်တီးစရာ မဟုတ်ခဲ့။

www.burmeseclassic.com


ဝတ္ထုတစ်ပုဒ်မှာမူ မည်သို့သော မျိုးတူစုအောက်၌ ထည့်ထားသည်ဖြစ်စေ၊ "ဝတ္ထု" ဟု၊ ခေါ်ဆိုသတ်မှတ်ထားသည်နှင့် ဖန်တီးမှု၏အပိုင်းမှာ (နေရာမှာ) ရှေ့က နေရာယူထားပြီး ဖြစ်တော့သည်။ ဝတ္ထုကို ဖန်တီးသူ၊ ဝတ္ထုရေးဆရာသည် သူ၏ဝတ္ထု၏ အရှင်သခင်ဖြစ်သည်။ မည်သို့သော၊ သရုပ်မှန်မှုကို၊ သူက ဖော်ထုတ်သည်ဖြစ်စေ၊ သူ၏ ဖန်တီးထားသော ဖော်ထုတ်မှုတစ်ရပ်သာ ဖြစ်သည်။ ထို့ကြောင့် ထိုဖော်ထုတ်မှုမှာ တကယ့်ဘဝ မဟုတ်တော့။ တကယ့်ဘဝနှင့် နီးစပ်မှုရှိရန် သို့မဟုတ် တကယ့်ဘဝနှင့် အနီးစပ်ဆုံးဟု "ထင်မှတ်" လာကြရန်အတွက်၊ ဖန်တီးထားဖန်တီးမှု တစ်ရပ်သာဖြစ်သည်။ ထို့ကြောင့်လည်း ဝတ္ထုရေးဆရာတို့အဖို့ ဝတ္ထုရေးရာတွင် အတိတ်–ပစ္စုပ္ပန်–နှင့် အနာဂတ်အကြောင်းတို့ကို ဖန်တီးရေးသားနိုင်ခွင့်ရှိကြသည်။ သတင်းရေးသူများနှင့် သမိုင်းဆိုင်ရာပြန်လည်တင်ပြ ဖော်ထုတ်သူများသည် အတိတ်၏အကြောင်းရပ်တို့ကို ပြန်လည်ဖော်ပြကြရသည်။ တကယ့်ဘဝမှာမူ ပစ္စုပ္ပန် တည့်တည့်မှာသာ ရှိလေသည်။

(၄)

ဤတွင် ကျွန်တော် ရေးသားသည်မှာ ဝတ္ထုများဖြစ်လေသည်။ သို့အတွက် ကျွန်တော်သည် ကျွန်တော်၏ သဘောဆန္ဒဖြင့် ဖန်တီးတည်ဆောက်၍ တင်ပြခွင့်နှင့် ပြန်

လည်တည်ဆောက်ခွင့်ရှိလေသည်။ တစ်ဦးတစ်ယောက်၏ သဘောတူခြင်း၊ ငြင်းဆိုကန့်ကွက်ခြင်းတို့မှာ ၎င်းတို့၏ သဘောဆန္ဒသာဖြစ်ပါသည်။ ၎င်းတို့၏လုပ်ပိုင်ခွင့်ဖြစ်သည်။ ၎င်းတို့၏ နားလည်နိုင်မှု၊ သိမှတ်ခံစားနိုင်မှုတို့မှာ ၎င်းတို့၏အရည်အသွေးသာ ဖြစ်သည်။ နေ့စဉ်ဘဝအတွင်းမှ လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် ၎င်းတို့အတွက် ၎င်းတို့ဖာသာ တာဝန်ရှိကြသည်ဖြစ်ရာ၊ ကျွန်တော်က မည်သူ၏ သိနားလည်နိုင်မှုပေါ်တွင်မှ တာဝန်မရှိ သကဲ့သို့ ကျွန်တော်က အလုံးစုံ နားမလည်သဖြင့်၊ ရကန်ဆရာဦးတိုးကို အပြစ်တင်၍မဖြစ်၊ ကျော်အောင်၏ နိဗ္ဗာန်ဘုံပျောက်ဆုံးခြင်းကို ယနေ့အထိ ကျွန်တော် ဖတ်ရင်းမှတ်စုထုတ်သည်မှာ တစ်ဆယ့်ငါးကြိမ်မျှရှိခဲ့ပြီဖြစ်သော်လည်း ဇာတ်လမ်း၏ အဆက်အသွယ်များကိုလည်းကောင်း၊ ဇာတ်ရင်းနှင့် ဇာတ်ရင်းမှ ဖယ်ရှောင်သွားချက်များကိုလည်းကောင်း၊ ဇာတ်ရင်းအားပံ့ပိုးထားသော အမြွှာဇာတ်လမ်းများနှင့် ဇာတ်ရင်းတို့၏ အပြန်အလှန် အကျိုးပြုမှု၊ သို့မဟုတ် ဆက်သွယ်နေမှုများ အကြောင်းကိုလည်းကောင်း၊ ယနေ့တိုင် ကျွန်တော် နားမလည်နိုင်သေးပါ။ သို့အတွက် ကျွန်တော်က စာရေးဆရာ ကျော်အောင်ကို အပြစ်တင်ရပါမည်လား။ မဖြစ်နိုင်ပါ။ ကျွန်တော်၏ညံ့ဖျင်းမှုသာ ဖြစ်ပါသည်။ ကျွန်တော်၏ဉာဏ်ရည် ဉာဏ်သွေး တိမ်မှုသာဖြစ်ပါသည်။ စင်စစ်၊ တွင်းထဲမှ ဖါးကလေးက တွင်းပေါက်ဝအား၊ မိုးကောင်းကင်ကြီးဟု ထင်နေခြင်းမှာ တွင်းထဲမှ ဖားကလေး၏ ကိစ္စသာဖြစ်ပါ

www.burmeseclassic.com


သည်။ တကယ့်ဘဝကြီးထဲက အမှန်တရားကို ငြင်းဆိုရန် မဖြစ်နိုင်ပါ။

တစ်ခါက ကိုသစ္စာနီ၏ စက္ကူပေါ်က သစ်ပင်နှင့် အခြားဝတ္ထုတိုများ စာအုပ်ပါ၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ပါ အချက်တစ်ချက်ကို ၊ ဝေဖန်ခြင်းအား ဖတ်ရပါသည်။ ထို စဉ်က နိုင်ငံရပ်ခြားရှိ မြန်မာစာ ပညာရှင် တစ်ယောက်၏ အခန်းအတွင်း ကျွန်တော်တို့ စကားစမြီ ပြောဆိုနေကြစဉ် ဖြစ်ပါသည်။ ထိုပညာရှင်က မြန်မာပြည်မှ စာအုပ်စာတမ်း အများအပြား အမြဲလိုရတတ်သူဖြစ်ပါသည်။ သူသည် ပြော ရင်း စကားကို ရပ်တန့်ကာ သူ၏စားပွဲပေါ်မှ စာအုပ်တစ် အုပ်အား ကျွန်တော့်ဘက်သို့ တွန်းပို့ရင်း "ဖတ်ကြည့်စမ်း ပါဗျာ။ အဲဒါ ဝေဖန်ရေးတဲ့" ဟု ဆိုပါသည်။ အကြောင်းမှာ သစ္စာနီက "ဆရာမရှိသူ" ဟု ရေးသားထားချက်အား ဝေဖန် ထားခြင်းဖြစ်ပါသည်။ ကျွန်တော် စာဖတ်နေစဉ်၊ ထိုပညာ ရှင်က "ဒီလောက်ညံ့ရင်လည်း၊ ဘာလို့ ဝေဖန်ရေးလုပ်နေ သေးလဲ၊ ဘာလို့ဝေဖန်ရေးလုပ်နေသေးလဲ။ ဘာလို့ စာရေးနေ သေးလဲ၊ လက်ဖက်ရည်ဖွန်းထဲ ရေဖြည့်ပြီး ခုန်ချ၊ သတ်သေ ဖို့တောင် ကောင်းသေးတယ်" ဟု ဆိုပါသည်။ ထိုအခါ ကျွန်တော်က "ခင်ဗျားမှာ တွင်းထဲက ဖားကလေးကို တွင်း ပြင် လွယ်လွယ်ကူကူ ထုတ်နည်းရှိသလား" ဟု မေးမိပါ သည်။ ထို့နောက် နှစ်ယောက်သား ကျယ်လောင်စွာ ရယ် လိုက်မိကြပါသည်။ ကျွန်တော်တို့၏ ရယ်သံမှာ မှန်လုံခန်း ကိုကျော်လွန်၍ အပြင်ဘက်သို့ပင် ရောက်သွားပုံရပါသည်။

အပြင်ဘက်တွင် အစာစားနေကြသော ခိုတစ်အုပ် မှာလန့်၍ ပျံသွားကြသည်ကို ကျွန်တော် တွေ့လိုက်ရပါ သည်။

(၅)

ကျွန်တော်၏အရေးအသားများတွင် တူညီသော အကြောင်းများသာ ဖြစ်သည်ဟု ဝေဖန်ရေးဆရာ (ဟု ခေါ် ဆိုခံရသူ) တစ်ဦးက ဝေဖန်သည်ကို ဖတ်ရဖူးပါသည်။ ကျွန်တော်မှာ ကျွန်တော်သာဖြစ်၍ ကျွန်တော်သိသည့် အကြောင်းတို့မှာ ကျွန်တော်သိသည့် အကြောင်းများသာ ဖြစ်ပါသည်။ ထိုသတ်မှတ်မှုအတွင်းမှ ကျွန်တော် ထွက် မပြေးနိုင်ပါ။

နေဝင်းမြင့်၏ ငှက်စုန်း၊ ဆူးငှက်၏တစ်ဝက် မကျည်းပင်။ ဇော်ဇော်အောင်၏ မိုးရေထဲက ကံ့ကော်ပင် လွမ်းချင်း။ မအိ၏ ပန်းမဲ့လိပ်ပြာ၊ အောင်ဝေး၏ ယာမာဂူချီ ခင်ဆွေရီ၊ မောင်သွေးသစ်၏ အလွမ်းဆုံးအချိန်ဟာ တောင် ညိုတန်းများပေါ်မှာပဲ ရှိမယ်။ ကျော်အောင်၏ နိဗ္ဗာန်ဘုံ ပျောက်ဆုံးခြင်း၊ မေငြိမ်း၏ ချစ်ခြင်းကိုပြဆိုသော ဝတ္ထုများ၊ သစ္စာနီ၏ ကျွန်တော်နှင့်ကျွန်တော်၏ဝတ္ထုများ ရှင်းလင်း ချက်၊ စသည်တို့ကို ဖတ်ရှုတိုင်း၊ ကျွန်တော့်တွင် ကြီးမား သော ဝေဒနာများ ခံစားရပါသည်။ အဓိကမှာ "ငါ ဘာ ကြောင့် သူတို့ကဲ့သို့ မမြင်တတ်ပါသနည်း။ ငါ ဘာ့ကြောင့် သူတို့လို မရေးတတ်ပါသနည်း" ဟုသော မေးခွန်းအား ကြိုး

www.burmeseclassic.com


စား၍ မိမိဖာသာ ဖြေဆိုနိုင်ရန် အားထုတ်နေခြင်းဖြစ်သည်။ စင်စစ် ကျွန်တော်သည် ကျွန်တော်သာ ဖြစ်ကြောင်းကို ကျွန်တော့်ဖာသာ မေ့လျော့နေခဲ့မိသည်ထင်၏။ ကျွန်တော့်တွင် သူတို့၏အတွေ့အကြုံမျိုး၊ အသိပညာမျိုး၊ ဉာဏ်ရည်ဉာဏ်သွေးမျိုး စသည်ဖြင့် မရှိပါ။ သူတို့တော်ပုံ၊ သူတို့တတ်ပုံမျိုး၊ ကျွန်တော်မတော်နိုင်၊ မတတ်နိုင်ပါ။ ကျွန်တော်၏ဖြစ်နေရခြင်းအတွင်း၊ ကန့်သတ်ခံထားရသော ဘောင်အတွင်း၌ သာသိမြင်နိုင်၊ ခံစားဖော်ထုတ်နိုင်ပါသည်။

ကာလတရား၏ ပြောင်းလဲနေမှုအောက်မှ စဉ်ဆက်ပြတ်ဖြစ်စဉ်များအတွင်း ကျွန်တော်၏အသိ၊ အမြင်၊ ဉာဏ်ရည်ဉာဏ်သွေး၊ စသည်တို့မှာ ပြောင်းလဲကောင်း ပြောင်းလဲလာမည်ဖြစ်သော်လည်း ထိုပြောင်းလဲမှုများမှာ ကျွန်တော်၏ ဖြစ်ရှိနေသော ပုဂ္ဂိုလ်ဘဝတွင် အခြေခံ၍ ပြောင်းလဲမှုများသာ ဖြစ်ပါသည်။ တူညီသော အကြောင်းအရာ၊ ကွဲပြားသော အကြောင်းအရာ၊ မည်သို့သော အကြောင်းအရာ ဖြစ်စေ၊ လူ၌ရှိနိုင်သောနှင့် ရှိနိုင်ခွင့်ရှိသော အခွင့်အရေးများသာဖြစ်သည်။ ကန့်ကွက်ငြင်းဆို၍ မရနိုင်သော တကယ့်ဖြစ်ရပ်များဖြစ်ပါသည်။ စာစုံဖတ်လိုသော် မော်ပီဆရာသိန်း၏ အရှုးလွယ်အိတ်ကိုသာ ဖတ်ကြစေချင်ပါသည်။

ကျွန်တော်သည် ပညာရှိတစ်ဦး မဟုတ်ပါ။ ထီးထမ်းလမ်းလျှောက်နေသူ တစ်ဦးသာ ဖြစ်ပါသည်။

မြင့်သန်း

www.burmeseclassic.com

# ချစ်ခြင်းအတွက် တစ်နေရာ

အလှဆုံးဟု ဆိုရမည့် မိန်းမတစ်ယောက်၏နှုတ်ခမ်းမှ အပြုံးများယိုစီးစိမ့်ထွက်လာစဉ် သူမ၏ မျက်လုံးများမှ ချစ်ခြင်း၏ရွှက်သစ်နုများ ပေါ်ထွက်လာခဲ့ပြီ။ စွဲမက်တမ်းတခြင်းအကြောင်းများ အဘယ့်ကြောင့် ခပ်လှမ်းလှမ်းတွင် တည်ငြိမ်အေးဆေးစွာဖြင့် ရပ်နေကြပါသနည်း။

*

အားလုံးနှင့်စပ်ဆိုင်သောကြောင်းများတွင် ကျွန်တော်၏အကြောင်းလည်း ပါဝင်နေသဖြင့် အရင်းနှီးဆုံးကျွန်တော့်အကြောင်းကပင် စတင်ရလျှင် မသင့်ပါလား။ ထွက်ခွာလာခဲ့ခြင်းမရှိဘဲ ဆိုက်ရောက်ခဲ့ရဖူးသည်ကို သင်နားမလည်ခဲ့ဖူးဆိုလျှင် သင့်ကိုအပြစ်မတင်တော့ပါ။ အမှတ်သညာနည်းသဖြင့်၊ ဖရန့်(ဇ)ကာဖကာ၏ မြို့တော်တံဆိပ်

ကို သင်မမှတ်မိတော့ဘူးဟုဆိုလျှင်မူ သင့်အပြစ်သာ ဖြစ်ပါသည်။ ကမ္ဘာစစ်ကြီးပြီးဆုံးသွားခဲ့သည်နေ့က ရေခဲမုန့်များအရောင်းအဝယ်ထိုင်းခဲ့ခြင်းမှာမူ သင်သိရန် မလိုသကဲ့သို့မည်သူမျှလည်း သိရန်မလိုလှပါ။ မလိုအပ်ဘဲ သိချင်နေခြင်းကို ရန်သူဟု မထင်သေးသမျှ ကျွန်တော် ပြောဆိုနေသည်များကို နားထောင်၍နေနိုင်ပါသေးသည်။ ယခုပင်ထွက်ခွာလာခဲ့ခြင်း မရှိဘဲ၊ ဆိုက်ရောက်ခဲ့သောအကြောင်းတစ်ခုကို တွေ့လိုက်ရပါသည်။ အစ၏အစ တစ်ခုဖြစ်သောမွေးဖွားခြင်း၏ အရင်းအမြစ် အဘယ်မှာနည်း။ အဘယ့်ကြောင့် ဆိုက်ရောက်လာခဲ့ကြပါသည်လဲ။ ခရီးမဆက်ခင်တစ်ခုခုတော့ ဆုံးဖြတ်ကြပါ။ သင်ဘယ်က လာခဲ့သည်ကိုကျွန်တော် မသိသကဲ့သို့ ကျွန်တော်က လာခဲ့သည်ကိုလည်းသင်တို့ မသိခဲ့ကြောင်း ကျွန်တော်တို့ သိထားကြသည်ကိုသူတို့၊ သူတို့နှင့်အစရှိသူတို့အားလုံး သိကြမည်ဖြစ်သည်ဟုကျွန်တော် သိထားသည်မှာ မမှားပါ။ စည်ပင်သာယာအမှိုက်ပုံးထဲသို့ အဘယ်ကြောင့် စာရင်းဇယားပြုစု၍ စနစ်တစ်ကျ အမှိုက်မပစ်ကြပါသနည်း။

## အဘယ့်ကြောင့် အစဖြစ်ခဲ့ရပါသနည်း။

လောကကြီးထဲသို့ ပစ်ချခံထားရသူများအကြားအပြန်အလှန် ချစ်တတ်ရန် စတင်ခဲ့သူကို တွေ့လျှင် ခဏမျှခေါ်လာခဲ့ပါ။ ဒိုဘာမင်ခွေးများသည် ဒိုဘာမင်ခွေးများသာဖြစ်နေခြင်းမှာ မဆန်းသော်လည်း သင်ပြောခဲ့ဖူးသော သစ္စာ

တရားများအကြောင်းကို သင်က အဆန်းတကြယ် မှတ်ယူနေပါသလား။ ထိုအကြောင်းအတွက်မျှဆိုလျှင် ဆောခရတ္တိ အထိမသွားပါနှင့်တော့။ ဒါဝင်၏မျောက်များထဲမှ ခပ်ကြီးကြီးတစ်ကောင်သာ ရှာလာခဲ့ပါ။ အောက်မေ့တသဖွယ်နေ့ရက်များစွာအနက် ကလေးဘဝ၏ သာယာသောနေ့ရက်များအတွင်းမှ အစ၏အစ တစ်ခုမှာပျောက်ဆုံးနေပါသည်။ ပျော်ရွှင်ဖွယ်အတိတ်တစ်ခုဖြစ်သော ကလေးဘဝ၏ နေ့ရက်များမှာမူ ပျောက်ဆုံးမသွားနိုင်ပါ။ နေရောင်ခြည်နှင့် မိုးရေစက်များအကြားမှ သက်တန့်တစ်ခု ထွက်လာခဲ့သော်လည်း ကလေးဘဝ၏အဖြစ်များမှာ ဘယ်အကြားမှ ထွက်ပေါ်လာခဲ့သည်ကို မသိရ။ ကားလမ်းဘေးက ရေတမာပင်များကို ပန်းခြံအလုပ်သမားများကလာ၍ ညှိဖြတ်သွားခဲ့ကြပြီလား။ ကြာဖြူ ကြာနီများကို ကန်ရေပြင်အလယ်မှ မည်သူက ခူးသွားခဲ့ပါသလဲ။ ကလေးအခါက တွယ်တာတတ်သော်လည်း မချစ်တတ်သေး၍ အချစ်ခံရပုံများသည် သဒ္ဒါအသုံးအနှုန်းများနှင့်အတူ မေ့လျော့ထားရစ်ခဲ့ကြပါပြီ။ ဒေဝဥယျာဉ်ထဲက မြွေကြီးထံ ဇစ်မြစ်လေ့လာရေးအဖွဲ့ တစ်ခု လွှတ်လိုက်ပါ။ ယတိပြတ်ခံစားမှု အသိပညာများ မပါသော်လည်း စတြာဗင်းစတီး၏ နွေဦးသို့ ပူဇော်ခန်း တေးအဖွဲ့အစပ်သည် နားထောင်၍ ကောင်းလှပါလား။

*

www.burmeseclassic.com


"သက်ကယ်ရိပ်သွားတဲ့ ရွှေယုန်နဲ့ ရွှေကျား ဘယ်တော့ပြန်လာမှာလဲ" လထဲက ဆန်ဖွတ်တဲ့ အဖိုးအို ကော" "တောင်ပေါ်မှာ ရေသွားခပ်တဲ့ ဂျက်နဲ့ ဂျေးလ် ရော ပြန်လာကြပြီလား" "နှစ် နဲ့ နှစ် ပေါင်းရင် လေး" "နှစ်နဲ့နှစ် မြှောက်ရင်လည်း လေး" "ရေပတ်လည်ဝိုင်းလျက်ရှိသော အရပ်ကို ကျွန်းဟုခေါ်သည်" "ဗူးသီးနုနု မခူးရ" "I am a boy"....။

*

အညိုရောင်သစ်ရွက်အိုများ ဖန်တီးလိုက်သူကို ရှာမတွေ့လိုက်သော်လည်း နွေရောက်သွားပြီဖြစ်ကြောင်း ကျွန်တော်တို့ အားလုံးသိလိုက်ကြပါသည်။ ကာလတရား များသည် ကခုန်၍ပြောင်းလဲခဲ့ကြပြီ။ ပိတောက်ပန်းကို လွမ်းသူတို့က သင်္ကြန်မိုးကို ရှာစေချင်ပြီ။ သင်္ကြန်အခါ ပေါင်းများစွာကို ဖြတ်သန်းလာခဲ့ပြီးနောက် ချစ်ခြင်းနှင့် ချစ် တတ်ခြင်းများသည် စိတ်ကူးထည် သက်သက်၏ အဖြစ် အတွင်းမှ ခုန်ထွက်ကြရန် ရှန်းကန်လျက်ရှိနေကြပြီ။ ကျွန် တော်တို့၏ အကြားသို့ ဖြည်းညှင်းစွာ ဝင်ရောက်လာခဲ့သော ချစ်ခြင်း၊ ချစ်တတ်ခြင်းနှင့် မုန်းတီးခြင်းများသည် စည်း ကမ်းတကျ မဟုတ်သော်လည်း ထုံးထမ်းစဉ်လာအတိုင်း ဖြစ်ပါသည်။ ချစ်တတ်သော "ဒွန်ဝမ်း" တစ်ယောက်တည်း ကဆုန်ပေါက်၍ ရောက်လာခဲ့ပါပြီ။ ထိုအခါ၌ ကျွန်တော်တို့ ခံစားတတ်ကြပါပြီ။ "ထိုအခါ" သော အသုံးအနှုန်းအပေါ်

သင်၏သဘောထားနှင့် လိုက်လျောညီညွတ်မှု မရှိဟု မှတ်ယူထားသည်ကို ခေတ္တ ချန်လှပ်ထားစေလိုပါသည်။ ကိန်ဘရစ်ကျောင်းတော်ကြီးမှ သရုပ်ခွဲဒဿနဆရာတို့ကလည်း မကြိုက်လှဟု ဆိုပါသည်။ "ထိုအခါ" မှာ အတိတ်က ဖြစ်ပါသည်။ ဝမ်းနည်း၍ မျက်ရည်ပေါက်များ ကျကြွေရန် ရည်ရွယ်ကာ ကျွန်တော်ပြောဆိုနေသည် မဟုတ်ကြောင်းကိုမူ သင်ယုံစေလိုပါသည်။ အရာရာသည် လှပခြင်းနှင့် လှပခြင်း အဖြစ်၌ တည်ခဲ့ပြီ။ လင်းမြီးဆွဲများလည်း ပျံကုန်ကြပြီ။ နှောင်းလာခဲ့သော နွေပင်လှဆဲ။ စားကျက်မြေများတွင် ပတ်ကြားအပ်များသည် အလှ၏ပုံစံ တစ်ခုကို ဖော်နေကြသည်။ သူမ၏နဂိုပုံစံမှာမူ ပြုပြင်ထိန်းကျောင်းရန် မဟုတ်သော အလှ ဖြစ်နေသည်။ အလှကို စတင်ဖန်တီးသူကို နိုဗယ်ဆုပေးသင့်သည်ဟု သင် တစ်ခါကမျှ မစဉ်းစားမိခဲ့ဖူးလား။ စိတ်ကူးထည်များအတွင်း၌ အလှ၏ပုံစံများ ရှိမနေသကဲ့သို့ ကွန်ပျူတာများထဲတွင်လည်း အလှ၏ပုံစံများရှိမနေခဲ့ပါ။ ဟောရာကလိုက်တပ်(စ်)က လှပခြင်းအကြောင်းကို အကျယ်တဝင့်မပြောဘဲ အဘယ့်ကြောင့် စမ်းချောင်းတစ်ခုအတွင်းသို့ နှစ်ကြိမ်မဆင်းနိုင်ကြောင်း ပြောခဲ့သည်ကို ကျွန်တော်စဉ်းစားမိသောအခါ နေသည် အနောက်ဖက်တွင် ဝင်ရန် တာစူနေပါပြီ။

*

www.burmeseclassic.com


တပ်မက်မှုအပြည့်ပါသော ပဥ္စသိခ်၏ ချစ်ခြင်း အဖွဲ့အနွဲ့များသည် ရပ်တန့်နေခြင်းမရှိဘဲ ကျွန်တော်ထံတွင် သာယာနေခဲ့ပြီ .....။

*

မိုးစက်များကျလာကုန်ပြီ။ ကြာဖက်များပေါ်မှ ဖားငယ်များ၏ သာယာသံနှင့်အတူ သူမ၏ချစ်ခြင်း၏ သာယာသံများကို ကြားလိုက်ရပြီ။ ချျူတန်အားသူ၏ ရွှေ့လျားမှုဆိုင်ရာ တတိယ နိယာမအတွက် ကျေးဇူးတင်ပါသည်။ သိုးဆောင်းဘာသာဖြင့် ရေးသားထားသော ဆရာဒင်ကြီး၏ ယုတ္တိဗေဒဆောင်းပါးတွင် ချစ်ခြင်းကိုခြုံယူနည်းလမ်းတကျ စဉ်းစားနိုင်ရန်အတွက် ပုံစံပြမထားခဲ့။ ချစ်ခြင်းကို သူသိသော်လည်း "ထိုအခါ" ကျွန်တော် မသိခဲ့။ ယခု သုံး စွဲသော "ထိုအခါ" သည် ယခင်က သုံးစွဲသော "ထိုအခါ" မဟုတ်သဖြင့် ဘာသာဗေဒ၏ သုံးနှုန်းမှုစည်းကမ်းများအရ မှားယွင်းမည် မဟုတ်ပါ။ သူမ၏ တုံ့ပြန်မှုများသည်ပင် မမှားပါ။ သစ်ပုတ်ပင်အောက်က ထိုင်ခုံတန်းကလေးများ၏ အောက်တွင် ခရုကောင်ကလေးများရှိနေသည်ကို ကျွန်တော် မသိခဲ့သော်လည်း သူမ၏ မစ်ဒီအောရေမွှေးနံ့၏ လှပနေခြင်းအကြောင်းကို သိလိုက်မိပါသည်။ ပုန်းလျှို့ရှုပါလာကြသော သူ၏မိတ်ဆွေများကို လေ့ကားထစ်များ မဆုံးမီ တွေ့ရပါပြီ။ ကုလားတမာပင်များ မဆုံးမီ ဝင်းတံခါးအဝသို့ ရောက်ကြပါပြီ။ "ထိုအခါ" က လိုက်ပါလာခဲ့ခြင်းမရှိသော ပိုင်ဆိုင်လိုမှုများသည် ဝင်းတံခါး၏ထိပ်မှ ရပ်စောင့်နေကြ

ပြီ။ ယခု သုံးစွဲသော "ထိုအခါ"မှာ ပထမဆုံးသုံးစွဲသော "ထိုအခါ" နှင့် အတူတူပင် ဖြစ်သည်။ ဘာသာစကား၏ ရဲတိုက်အတွင်း ပိုင်ဆိုင်လိုမှုများသည် ချစ်ခြင်းနှင့်အတူ ပိတ်လှောင်ခံကြရရန်အတွက် ရောက်ရှိလာခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။ အမှန်ပင် သူမကို ကျွန်တော် ချစ်သည်။ ချစ်ခြင်းသည် အဆုံး–အစ ရှာဖွေရန် အခွင့်အရေး မပေးတော့ပါ။ ကျွန်တော်၏ချစ်ခြင်းများသည် သူမအဖို့မှ လွဲ၍ အခြားဌာတည်နိုင်သေးကြောင်း ယခု ကျွန်တော် ဆင်ခြင်မိပါပြီ။ ဤနေရာတွင်မူ "ထိုအခါ" ဟု သုံးစွဲလျှင် လုံးဝ မှားပါသည်။ ပီကတ်ဆို၏ မှန်ရှေ့က မိန်းမကို လှသည်ဟု မထင်မိသဖြင့် မချစ်ခဲ့ခြင်းမှာမူ ကျွန်တော့်အပြစ်သာဖြစ်ပါသည်။ "လှပခြင်း" "ချစ်ခြင်း" နှင့် "ပိုင်ဆိုင်လိုခြင်း" အစရှိသောစကားများကို ယတိပြတ်အနက် ဖွင့်ရန် လိုအပ်သည်ဟု သိရှိရသောအခါတွင် "နှောင်တ" သော စကားလုံး၏ ဆိုလိုရင်းအနက်ကို ကျွန်တော် နားလည်ခဲ့ပါပြီ။

*

...... ပုထုဇဉ်သည် ရုပ်ကို အတ္တ၍လည်းကောင်း၊ ရှု၏။ ရုပ်ရှိသော အတ္တ၍လည်းကောင်း၊ အတ္တဌ်ရုပ်၍ လည်းကောင်း၊ ရုပ်နှင့်အတ္တဟူ၍ လည်းကောင်း ရှု၏။

*

www.burmeseclassic.com


ရပ်တန့်ခြင်း မရှိခဲ့ ကာလတရားများ ငိုက်မြည်းစ ပြုလာပြီ။ ထိုနေ့ကို ကျွန်တော် မမျှော်လင့်ခဲ့ပါ။ အချို့ကိစ္စရပ်များသည် ဖိတ်ကြားရန်မလိုဘဲ ရောက်လာမည်ကို သိလျှင် ကျွန်တော့်အနေဖြင့် ဖိတ်ကြားရန် ပြင်ဆင်ကောင်း ပြင်ဆင်ထားပါမည်။ သူမနှင့် စပ်လျဉ်းခဲ့သော ချစ်ခြင်းများသည် နှောင်းကာလမှတ်သုန်နှင့် အတူလျှော့ပါးသွားသော မိုးစက်မိုးပေါက်များကဲ့သို့သာ ဖြစ်ချေပြီ။ အဘိဓာန်ကျမ်းတစ်ခု ပွင့်ထွက်လာသောအခါ "ချစ်ခြင်း" သောစကားလုံးအတွက် အနက်သစ်ကို တွေ့လိုက်ရပါပြီ။ ဟောင်းနွမ်းခဲ့ပြီဖြစ်သော ကလေးဘဝက ချစ်ခြင်းတွင် တွယ်တာခဲ့သော်လည်း မတပ်မက်ခဲ့ပါ။ အိုမာခရာမ်း၏ ကဗျာများနှင့်အတူ စွဲမက်တသခဲ့ရသော သူမအား ချစ်ခြင်းတွင်မူ တပ်မက်မှုများပါလာခဲ့သည်ကို ကိုယ်ကိုတိုင် မသိခဲ့သည့်နည်းတူ သင်တို့လည်း နားမလည်ခဲ့ဘဲ ခေါင်းညိတ်ခဲ့ရကြောင်း ကျွန်တော် သိပါသည်။ ထို ကျွန်တော်သည် မည်သူ ဖြစ်မည်ဟု သင်ထင်ပါသလဲ။ သင် မဟုတ်ခဲ့ ဟု ဆိုသည်မှာ သေချာလှရန် မလွယ်ပါ။ ချစ်ခြင်းတွင် ကွက်လပ်ဖြစ်နေခဲ့သော ကျွန်တော် လာပါပြီ။ သင်၏ ကျွန်တော်မဟုတ်သည့်နည်းတူ သူတို့၏ကျွန်တော်များလည်း မဟုတ်ပါ။ ငယ်စဉ်အခါက ဆုံးခဲ့ဖူးသောအချစ်များနှင့် မတူလှသည့်အကြောင်းများကို ဘိုင်ရွန်၏ကဗျာများနှင့် နတ်ရှင်နောင်၏ ရတုများတွင် ရှာဖွေသော်လည်း သင်တို့တွေ့ရလိမ့်မည် မဟုတ်ပါ။ မေ့လျော့ခြင်းကို အတတ်ပညာတစ်ခု အဖြစ်ဖြင့် သင်ကြား

တတ်မြောက်လာခဲ့သည်ကို မေ့လျော့ကြပြီလား မသိပါ။ မသိသည်ကဲ့သို့ မသိခြင်း၏ရှိနေခြင်းအကြောင်းများကို သင် မသိခဲ့ဖူးမဟုတ်လား။ ယခုမှ ချစ်ရသောချစ်ခြင်းကို အရွယ်လွန်နေပြီဟု ထင်သဖြင့် အိုမင်းလှချေပြီဟု ထင်သော်၊ သင်၏အမှားပါပေ။ ရပ်တည်ခဲ့ခြင်းမရှိသောကြောင့် အရွယ်မှာ အိုမင်းခဲ့ရသော်လည်း ချစ်ခြင်းသည်ကား နုပျို ဆဲ၊ ထို့ကြောင့်လည်း ကိုမြကြီး၏ မခင်နှင်းဆီမှာ ဆို၍ ကောင်းလှဆဲ ထွက်ပြေးရှောင်ပုန်းခြင်း မပြုနိုင်သည့်အခါ တစ်ခုသို့ရောက်ခဲ့ပြီဖြစ်၍ ငိုကြွေးရပါမည်လား။ ဝမ်းနည်းသဖြင့် ကျကြွေမည်ဆိုလျှင် မျက်ရည်အစုစုကို သိုလှောင်ရန် သမုဒ္ဒရာ ခုနှစ်စင်းဖြင့် မလောက်နိုင်ပါ။ မေ့လျော့စွာ ကျန်ရစ်ခဲ့သော အချစ်တစ်ခုအတွက် ဝမ်းနည်းမည်ဆိုလျှင် ဝမ်းနည်းရန်မှာ သင့်လှသော်လည်း သူ့ဘာသာနေသော လောကကြီးသည် ဝမ်းနည်းပူဆွေးမှု အစုစုကို ခံစားရန် အတွက် နေရာပေးနိုင်လိမ့်မည် မဟုတ်ကြောင်း ကျွန်တော် သိပါသည်။ သို့သော်လည်း ဝမ်းနည်းခြင်းသည် ဝမ်းနည်းခြင်းအတွက် ဝမ်းနည်းသည် မဟုတ်ဘဲ ချစ်ခြင်း၌ တည်သောဝမ်းနည်းခြင်းသာ ဖြစ်ပါသည်။ ချစ်ခြင်းနှင့် အချစ်ခံ အရာတို့၏အကြားတွင် တစ်စုံတစ်ရာ ကွာခြားမှု ရှိပါသည်ဟု သင်ကဆိုသော် ကျွန်တော်က လက်မခံနိုင်ပါ။ စိတ်ကူးယဉ်ဖွယ်ကောင်းသော နေ့ရက်များအတွင်းက ထိုကဲ့သို့သော စိတ်ကူးပုံစံမျိုးကို ကျွန်တော် တည်ဆောက်ခဲ့ဖူးသော်လည်း ဥတုရာသီပေါင်းများစွာ ဆုံးပါးခဲ့ပြီးနောက် ထိုကဲ့သို့

www.burmeseclassic.com


သော စိတ်ကူးပုံစံများကို သတ်ဖြတ်ကာ ဝေးလံရာတွင် မြုပ်နှံထားခဲ့ပါပြီ။ ချစ်ခြင်းနှင့် အချစ်ခံအရာသည် တစ်သားတည်း ဖြစ်ခဲ့ပါပြီ။

*

အလှဆုံးဟုဆိုရမည့် မိန်းမတစ်ယောက်၏နှုတ်ခမ်းမှ အပြုံးများယိုစီးစိမ့်ထွက်လာစဉ် သူမ၏မျက်လုံးများမှ ချစ်ခြင်း၏ရွက်သစ်နုများပေါ်ထွက်လာခဲ့ပြီ။ စွဲမက်တမ်းတခြင်းအကြောင်းများသည် ခပ်လှမ်းလှမ်းတွင် တည်ငြိမ်အေးဆေးစွာဖြင့် ရပ်နေကြပါသည်။ ကျွန်တော် လာခဲ့ပါပြီ။

*

အားလုံးနှင့် စပ်ဆိုင်သော အကြောင်းများတွင် ကျွန်တော်၏အကြောင်းလည်း ပါဝင်နေသဖြင့် အရင်းနီးဆုံး ကျွန်တော့်အကြောင်းကပင် စတင်ခဲ့ပါသည်။ ဆိုက်ရောက်လာခဲ့ရပြီးနောက် ထွက်ခွာရမည်ကို သင် နားမလည်ခဲ့ဖူးဆိုလျှင် သင့်ကို အပြစ်ပါ။ ဖရန့်(ဇ)ကာဖကာ သေပြီးနောက် သူ၏မြို့တော် တံဆိပ်ကို မေ့ပစ်လိုက်ကြပါသည်။ ဆောင်းဝင်စဖြစ်၍ ရေခဲမုန်များအရောင်းအဝယ်ထိုင်းခဲ့ခြင်းမှာမူ သင် သိသင့်ပါသည်။ တာအိုဆရာချောင်ဇူးပြောသကဲ့သို့ ဘာမျှမသိဘဲ နေနိုင်လျှင်လည်း ကောင်းလှပါသည်။ ထွက်ခွာရန် အကြောင်းတရားများရှိခဲ့သော်လည်း မေ့လျော့

စွာတည်ခဲ့မှုကြောင့် ထွက်ခွာရန် တုန်လှုပ်မိပါသည်။ ဦး တည်ရာအရပ်မသိသဖြင့် သင်တို့အားလုံးအတွက် လိပ်စာ သစ်တစ်ခု မရေးပေးနိုင်ခဲ့ခြင်းကိုမူ၊ ခွင့်လွှတ်ကြစေလိုပါ သည်။ စည်ပင်သာယာ အမှိုက်ပုံးများထဲမှ အမှိုက်များ၏ စနစ်တကျမရှိနေခြင်းသည်ပင် ခံစားချက်ဖော်ထုတ်မှုဆိုင် ရာ ရသသီဝရီနှင့် ညီညွတ်မှု ရှိပါသည်။ အဘယ်အရာ သည် "အစ" ဖြစ်ခဲ့သည်ကို မသိရသော်လည်း "အစ" ပေါင်းများစွာကို သိရှိခဲ့ပါသည်။ ယခုရောက်ရှိနေသော အဆုံးအနီးနား၌ပင် အစကို တွေ့ရပါပြီ။ ရှည်ကြာခဲ့ပြီဖြစ် သော ကာလတရားပေါင်းများစွာအတွင်းက ချစ်ခဲ့သော ချစ် ခြင်းများ၏ ကုန်ဆုံးပြီးမြောက်တော့မည့်အခါ စတင်ခဲ့သော ချစ်ခြင်းများသည် နောက်ဆုံးပိတ်ဖြစ်ပါလိမ့်မည်။ ထိုချစ် ခြင်းတွင် အချစ်ခံအရာသည် ချစ်သူမှလွဲ၍ အခြားသူမဟုတ် တော့ပါ။ ချစ်သူကို မရှာတော့ဟု ဆုံးဖြတ်ခဲ့သော ကျွန် တော့်အတွက် အဘယ့်ကြောင့် သည်အတိုင်း လက်ခံမည့် သူမှာ ကျွန်တော်၏ ဆန္ဒကျင်ရာတွင် မရှိတော့ပါ။ အချစ် တွင်မီ၍ ဖြစ်တတ်သော တပ်မက်မှုအပေါင်း ခပ်လှမ်းလှမ်း တွင် ရပ်နေကြသဖြင့် ဝမ်းသာအားရစွာဖြင့် "တာ့တာ" လုပ် လိုက်ရပါသည်။ အလုံးစုံသော ချစ်ခြင်းများသည် အရာရာ ကို စွန့်လွှတ်ပြီးနောက် ကျွန်တော်၏ဖြစ်တည်မှုအတွင်း ခုန် ဆင်းကြကာ ပန္နက်ချ၍နေကြပါပြီ။

*

www.burmeseclassic.com


ရှားမီးသကြားလုံးများ၊ ရေခဲမုန့်များ၊ ကော့ညက်ဘရန်ဒီများ၊ ဆာထာ၏ ပြဇာတ်တိုများ၊ ခရေပန်းများ၊ လှသောမိန်းမငယ်များ၊ သကြၤန်၏ နေ့ရက်များ၊ မက်ဝေလျံ၏ အနီရောင်ဝိုင်များ၊ သစ်ပုတ်ပင်အောက်က ထိုင်ခုံကလေးများ၊ မမြရင်၏ အငြိမ့်သီချင်းများ၊ နဂါးနီစပယ်ရှယ် ဆေးပြင်းလိပ်များ၊ ပီရယ်ကာဒိုင်း၏ ပိုးအင်္ကျီများ၊ အစရှိသည်များကို ချစ်ခြင်းက ထားရစ်ခဲ့ပေပြီ။ အချစ်စစ်ကိုတွေ့သောအခါ အချစ်စစ်သည် ကျွန်တော့်ကို အောင်နိုင်သွားပြီဖြစ်သည်။ ဝမ်းမြောက်ဂုဏ်ယူခြင်းများစွာနှင့်အတူ ချစ်ခြင်းအတွက်တစ်နေရာကို ကျွန်တော် ပေးခဲ့ပါပြီ။ ရာစုနှစ်ပေါင်းများစွာ ကုန်ဆုံးသည်၏တိုင်၊ ချစ်ခြင်းသည် ကျွန်တော့်ထံပါး၌ နိစ္စထာဝရ မြဲပါစေလေ။ ခပ်လှမ်းလှမ်းက ကြားရသော ကြေးစည်သံနှင့်အတူ အမှုဝေသောအခါ သင်လည်းသာခုခေါ်ပါ တစ်နေ့သောအခါ ချစ်ခြင်းကိုတွေ့လျှင် သင်ကျွန်တော့်ကို သတိရကောင်းပါလိမ့်မည်။ ထိုအခါ သင်၏အနားတွင် ကျွန်တော် ရှိလေလိမ့်မည် မဟုတ်သော်လည်းချစ်ခြင်းသည် သင့်အပါး၌ တည်ပြီဖြစ်ပါလိမ့်မည်။ သင်အားငယ်ရန် မလိုတော့ပါ။ ချစ်ခြင်းသည် မြဲခဲ့ပါ၏။

**ရုပ်ရှင်မဂ္ဂဇင်း၊ အတွဲ ၃၊ အမှတ် ၈၊ နိုဝင်ဘာ ၁၉၈၂။**

www.burmeseclassic.com

# တောင်ဘက်က မြောက်အရပ်

ဆောင်းဥတုနှင့် များစွာ မနီးလှသေးသော်လည်း မိုးရက်ဆက်ရွာပြီးနောက် လေထဲတွင် အအေးဓာတ်များ သိသိသာသာပါနေခဲ့သော နေ့တစ်နေ့တွင် သူသည် များမကြာမီ ဤနေရာမှ ပြန်ရတော့မည်ဖြစ်ကြောင်း ပြောပြပါသည်။ အစဉ်လိုပင် ရေရာသေချာခဲ့ခြင်း မရှိတတ်သော ကျွန်တော်က သူပြောသောစကားလုံးများကို ပြန်၍ စိစစ်ကြည့်မိလိုက်သည်။ သူ့ကိုလည်း ပြန်လည်မေးမြန်းကြည့်မိလိုက်သည်။ "ပြန်မည်" ဟု သောအသုံးအနှုန်းကိုသုံးရန်မှာ သူတွင် ပြန်ရန်နေရာရှိဖို့ လိုသည်မဟုတ်ပါလား။ "ပြန်မည်" ဟု ဆိုနိုင်ရန်အတွက် လာခဲ့သောနေရာကို သိဖို့လိုသည် မဟုတ်ပါလား။ သူသည် တောင်ကုန်းများ၏ နောက်ဘက်ရှိဝင်တော့မည့် နေရောင်နောက်ကွယ်နားမှ မိုးကုတ်စက်ဝိုင်းဆီသို့ လှမ်းကြည့်လိုက်ရင်း သူ၏သက်ဝင်ယုံကြည်မှု အခြေခံတွင် တည်ခဲ့သော အမြင်ကို ကျွန်တော့်အား ပြောပြသောအခါ

ကျွန်တော်က ဘာသာစကားများကိုသာ သတိရမိလိုက်သည်။ ဤသို့ဆိုသဖြင့် ကျွန်တော့်ကို တစ်မျိုး မမြင်စေချင်ပါ။ ဘာသာစကားဖြင့် ပြောဆို၍မရသည်များမှာ မတည်ရှိကြပါ ဟု ပြောခဲ့ကြသည် မဟုတ်ပါလား။ ကျွန်တော့်အနေဖြင့် သူ့ကိုသော်လည်းကောင်း၊ ဘာသာစကားဆိုင်ရာဒဿနပညာရှင်များကိုသော်လည်းကောင်း မငြင်းဆိုလိုပါ။ သို့မဟုတ် မငြင်းဆိုနိုင်ပါ။ ကျွန်တော် မသိသောအကြောင်းတို့ကိုသာ ပြောဆိုလိုပါသည်။ ကျွန်တော့်မှာ သူ့ကဲ့သို့သက်ဝင်ယုံကြည်မှု တစ်စုံတစ်ရာ မရှိခဲ့၍ သူပြောပြနေသော အပြန်ခရီး အကြောင်းကို နားမလည်နိုင်ခြင်းမျှသာဖြစ်ပါသည်ဟု ကိုယ့်ကိုကိုယ် ထင်လိုက်မိသည်။ သံသရာဆိုသည်ကိုမူ ကနဦးကပင် နားမလည်ခဲ့သည့်အတွက် ကျွန်တော့်ကို အပြစ်မတင်ကြစေလိုပါ။ ထိုအခါ သူက အလာခရီးအကြောင်း ပြောပြပါသည်။

ကျွန်တော်က မိုးကောင်းကင်ကြီးကို မော့၍ကြည့်လိုက်မိသည်။ ထိုတစ်ခဏ၌ တိမ်တစ်စုတို့သည် နေ၏အရှေ့ဘက်ဆီသို့ ဖြတ်သွားကြသဖြင့် နေရောင်ခြည်မှ ပျောက်လုလုဖြစ်နေတော့သည်။ နေမှာလည်းဝင်လုလုနီးဖြစ်ခဲ့၍ အကယ်၍ ထိုမိုးတိမ်တစ်ခဲတို့နေလုံး၏ရှေ့မှ ရွေ့လျားသွားခဲ့သည်တိုင် ကျွန်တော်သည် ယနေ့အဖို့ နေရောင်ခြည်ကို ပြန်၍မြင်ရတော့မည် မဟုတ်ဟု၊ တွေးလိုက်မိပါသည်။ ထိုအတွေးမှာ စင်စစ် အတွေးဟု ဘာသာစကားအရခေါ်ရသော်လည်း စနစ်တကျ တည်ဆောက်ထားသော ဆင်

ခြေ တစ်စုံတစ်ရာမှ ရခဲ့သော အတွေးဟု ဆိုစမ်းပါရစေ၊ ထို့ကြောင့် ကျွန်တော့်အတွေးမှာ စိတ်ကူးတစ်စုံတစ်ရာ မဟုတ်ကြောင်း၊ သင်တို့သိထားရန် လိုပါလိမ့်မည်။ စင်စစ် ကျွန်တော်သည် အရာရာကို ကာလနှင့် အာကာသ တို့ ယှဉ်တွဲဖြစ်ပျက်နေမှုဖြင့် အရာရာကို ဆက်စပ်ကြည့်တတ်သည်ဟု တင်ကူး၍ပြောပြလိုက်လျှင် ကျွန်တော်၏ဆိုလိုရင်း အကြောင်းကို သင်တို့အားလုံးသဘောပေါက်ကြလိမ့်မည် ထင်သည်။ သဘောမပေါက်လောက်ဘူးဟု ထင်လျက်မူ အီမာန်နျူအယ်လ်ကန့်ကို နေ့စဉ်ထုတ်သတင်းစာထဲတွင် လူပျောက်ကြော်ငြာအဖြစ် ထည့်၍ အရံသင့်ရှာထားကြစေလိုပါသည်။ ကျွန်တော်ကမူ ကျွန်တော်၏ပတ်ဝန်းကျင် တစ်ဆယ့်ရှစ်လက်မ အတွင်းရှိ လေတို့ကိုရှူ၍ သူနှင့် ကျွန်တော်တို့၏အကြား သိထားသော်လည်း နားမလည်ခဲ့သည့် အကြောင်းများနှင့် နားလည်နိုင်သော်လည်း မရှိခဲ့ကြသည့် အကြောင်းများ အကြောင်းကို ပြောပြပါမည်။

## ကျွန်တော်နှင့် သူ၏အကြောင်း

ဤနေရာတွင် သူသည် ကျွန်တော်မဟုတ်သကဲ့သို့ ကျွန်တော်သည် သူ မဟုတ်ကြောင်း၊ ခိုင်ခိုင်မာမာ ရှင်းရှင်းလင်းလင်း သိထားကြစေရန် တင်ကူး၍ပြောထားလိုပါသည်။ သို့မဟုတ်ပါက လူဟုသော မျိုးတူစုကြီးအောက်၌ သူနှင့် ကျွန်တော်သည်လည်းကောင်း၊ သူနှင့်သင်တို့အားလုံးသည် လည်းကောင်း၊ သို့တည်းမဟုတ်၊ ငါတို့အားလုံး

www.burmeseclassic.com


ဟု ခေါ်ဆိုထားသော သင်တို့အားလုံးနှင့် ငါ ဟု ခေါ်ဆိုနိုင်သော ကျွန်တော်သည် လည်းကောင်း၊ ရောထွေးသွားကာ တစ်မျိုးတစ်စားတည်း ဖြစ်သကဲ့သို့ ဖြစ်ပြီး ဘာသာစကား တစ်စုံတစ်ရာကို အခြေတည်၍ တည်ဆောက်ထားသည်။ ကနဦးကပင် မရှင်းလင်းလှသော ကျွန်တော်တို့၏ နေ့စဉ်ဘဝများမှာ ပိုမို၍ရှုပ်ထွေးသွားဖွယ်ရာရှိပါတော့မည်။

"ဘာသာစကားဖြင့် တည်ဆောက်ထားသော နေ့စဉ်ဘဝ" ဟူသော ကျွန်တော်၏ အသုံးအနှုန်းကို သင်သဘောမတွေ့ဘူး မဟုတ်လား။ ဘဝဆိုတာ စာအုပ်ထဲမှာ ပညာတတ်တို့၏ ပရဝဏ်ထဲမှာ မဟုတ်ဘူးဟု သင်နားလည်ထားသကဲ့သို့ ကျွန်တော်လည်း သိနားလည်ထားပါသည်။ သို့သော် ဤနေရာတွင် ကျွန်တော်ပြောချင်သော အကြောင်းမှာ သင်တို့ထင်မှတ်ထားသကဲ့သို့ မဟုတ်ပါ။ သို့အတွက်လည်း သင်တို့ကို တစ်စုံတစ်ရာ ရှင်းပြရန် လိုအပ်နေပြီဆိုသည်ကို ကျွန်တော် သဘောပေါက်မိပါသည်။ ထို့ကြောင့် သင့်ကိုမှာထားလိုက်ပါရစေ။ တစ်နေ့သောအခါ အကယ်၍ တက္ကသိုလ် ကျောင်းတော်ကြီးတစ်ခုခုမှ သင်သည်လည်းကောင်း၊ သင်တို့ထဲမှ တစ်ယောက်ယောက်သည်လည်းကောင်း၊ ဘာသာစကားနှင့် စပ်ဆိုင်၍ဖြစ်စေ၊ လူမှုဆက်သွယ်ရေးနှင့် ပတ်သက်၍ဖြစ်စေ၊ ယုတ်စွအဆုံး၊ ပလေတို့၏ အသိပညာဖြန့်ဖြူးမှုနှင့် စပ်ဆိုင်၍ဖြစ်စေ၊ အနိမ့်ဆုံး မဟာဝိဇ္ဇာဘွဲ့လောက်ရခဲ့ပါလျှင်၊ ကျွန်တော့်အား လှမ်း၍အကြောင်းကြားလိုက်ပါ။ ရောက်ရာ

အရပ်မှ လာ၍ရှင်းပြမည်။ လောလောဆယ်တွင်မူ သင် နားမလည်သည့်တိုင်၊ အပြင်းပြေသဘောဖြင့် နားထောင်စေချင်ပါသည်။ အပျင်းမပြေသည့်တိုင် သင့်အဖို့ အကျိုးစီးပွားတစ်စုံတစ်ရာ ဖြစ်ထွန်းလိမ့်မည်မဟုတ်ပါ။ အထူးသဖြင့် အကျိုးစီးပွားဆိုသည်မှာ ငွေရေးကြေးရေး မြတ်စွမ်းမှုကို ခေါ်သည်ဟုသာ နားလည်တတ်သော စကြာဝဠာလူ့အဖွဲ့အစည်းကြီးအတွင်း၊ ကျွန်တော်တို့အားလုံးပြောဆိုလိုသော စကားများသည် များစွာ အကျိုးရှိနိုင်မည် မဟုတ်ဟု ကျွန်တော် နားလည်ပြီးသားပါ။

သို့ဖြစ်လျှင် အလွယ်ဆုံး ကိစ္စတစ်ခုဖြစ်သည့် မိုးလင်း၍နေထွက်ခြင်း အကြောင်းမှ စကြပါစို့။ နေသည် အရှေ့မှ ထွက်၍ အနောက်တွင် ဝင်သွားလေ့ရှိပါသည်။ “နေထွက်ရာအရပ်သည် အရှေ့”ဆိုခဲ့ကြသဖြင့် အရှေ့တွင် နေထွက်သည်ဟု ဆိုကြပြန်ပါသည်။ သို့ရာတွင် အဘယ့်ကြောင့် အရှေ့ကို အရှေ့ဟု ခေါ်သည်ဆိုခြင်းကိုမူ မည်သူကမျှ တစ်ခါကမျှ အချိန်ကုန်ခံ၍ ရှင်းမပြခဲ့ကြပါ။ ကျွန်တော်က တစ်စုံတစ်ရာ ရှင်းပြလိမ့်မည်လား ဟူ၍လည်း မျှော်လင့်မထားကြစေလိုပါ။ ဤသို့သော အသိပညာမျိုးတွင် သင်နှင့်လည်းကောင်း၊ သင်တို့နှင့်လည်းကောင်း ကျွန်တော်ရယူခဲ့ပုံမှာများစွာ ကွဲပြားလှသည်မဟုတ်။ မျက်စိစုံမှိတ်၍ ရယူခဲ့သော အသိပညာများတွင် ကျွန်တော်တို့ မကျွာလှကြပါ။ အရှေ့ကို အဘယ်ကြောင့် အရှေ့ဟု ခေါ်ဆိုကြသည်ကို မဖြေရှင်းနိုင်သဖြင့် အဘယ့်ကြောင့် “လ” ကို

www.burmeseclassic.com


"လ" ဟု ခေါ်ရခြင်းနှင့်၊ "နေ" ကို "နေ" ဟု ခေါ်ရခြင်းကို လည်း ရှင်းပြနိုင်တော့မည်။ မထင်တော့။ သို့ဖြစ်၍ ကျွန်တော်တို့စတင်လိုက်သော နေ့တစ်ခုမှာ အရှေ့ကို အရှေ့ အဖြစ် မသိသလို၊ သိသလိုနှင့် စတင်လိုက်ကြရတော့သည် ဟူ၍သာ သဘောထားလိုက်ပါတော့။

ယခုအခါ မိုးမှာလင်းခဲ့ပါပြီ။ သင်၏သဘောတူလက်ခဲ့ခြင်း၊ ကျွန်တော်၏ ငြင်းဆိုကန့်ကွက်ခြင်းတို့နှင့် မဆိုင်ပါ။ နေသည် အရှေ့ဘက်မှ ထွက်လာခဲ့ပြီဖြစ်၍ မိုးမှာ လင်းခဲ့ရပါပြီ။ မိုးလင်းခဲ့ပြီဆိုသည်မှာ စင်စစ် ညဘက်တွင် နေ၏အလင်းရောင်ခြည် တစ်စုံတစ်ရာမရခဲ့၍ ယခု နေ ထွက်ပြူလာသောအခါမှ မိုးကောင်းကင်ကြီး ထိန်လင်းလာ ခဲ့ခြင်းသာ ဖြစ်တော့သည် မဟုတ်လား။ သို့ဖြစ်လျှင် "မိုး ကောင်းကင်ကြီး ထိန်လင်းလာခဲ့ပြီ" ဟု ဆိုကြရန်မသင့်ပါ လား။ ဆိုသင့်မည်ဖြစ်သော်လည်း ယခုအခါ သင်တို့အား လုံးရော ကျွန်တော်ပါ "မိုးလင်းပြီ" ဟုသာ ပြောဆိုကြတော့ မည်ဆိုခြင်းကို မည်သူမျှ မငြင်းနိုင်တော့။ သို့ဖြစ်၍ တစ်ရံ ရောအခါက စကား သို့မဟုတ် ဝါကျတစ်ခုကို အပြည့်ပြော ဆိုရန် ပျင်းရိလှသော လူပျင်းကလေးတစ်ယောက်ယောက် က ဤသို့ တီထွင်ပြောဆိုခဲ့ပါသလား သို့မဟုတ် "မိုး ကောင်းကင်ကြီး ထိန်လင်းလာခြင်း" မှာ ကာလရွေ့လျား ခြင်း၏အောက်၌ "မိုးလင်းခြင်း" အဖြစ် ဘဝပြောင်းခဲ့ရပါ လား။ ဆိုသည်မှာ ကျွန်တော်တို့ စဉ်းစားကြည့်လိုက စဉ်း စားနိုင်သော အကြောင်း ဖြစ်လာပါသည်။

သို့ရာတွင် ကျွန်တော်တို့ မစဉ်းစားကြတော့ပါ။ မိုးမှာ ၎င်းဘာသာ လင်းနိုင်ခွင့်ရှိသကဲ့သို့ “မိုး” အဘယ်ကြောင့် လင်းခဲ့ရခြင်းနှင့် အဘယ်သို့လင်းလာခဲ့ရခြင်းမှာ ကျွန်တော်တို့အားလုံးနှင့် မပတ်သက်သကဲ့သို့ နေခဲ့သည်မှာ ကြာလှပါပြီ။ ထို့အတူ ဘယ်အခါတွင် မိုးလင်းခဲ့သည်ဆိုခြင်းကိုလည်း စင်စစ် ကျွန်တော်ကို တိတိကျကျ သိခဲ့ကြပုံမရ။ မိုးလင်းရန် စံ တစ်စုံတစ်ရာ လိုအပ်ပါသလား။ စံ တစ်စုံတစ်ရာ ရှိပါသလား။ မိုးလင်းခြင်းမှာ အသိတရား သက်သက် မဟုတ်ပေဘူးလား။ ကျွန်တော်တို့ အားလုံးမှာ “မိုးလင်းခြင်း” ဟု သော ကာလတရား၏ သတ်မှတ်ချက် အတွင်းတွင်သာ တည်ရှိနေခဲ့ကြသည် မဟုတ်ပါလား။ ယခုအခါ သင်တို့နှင့် ကျွန်တော်နှင့် “မိုးလင်းခြင်း” တို့အကြား၌ သူသည် ပျောက်ဆုံးနေခဲ့ပြီ မဟုတ်ပါလား။

သင်တို့ သူ့ကိုလည်း မေ့လျော့ခဲ့ကြပြီ မဟုတ်လား။

## သူနှင့် ကျွန်တော်၏အကြောင်း

သက်ဝင်ယုံကြည်မှုတစ်စုံတစ်ရာသည် သူ့တွင်မြဲစွဲခဲ့ရာ သူ့ထံ၌ ကျွန်တော့် ကဲ့သို့မေးခွန်းများမရှိဘဲ၊ အဖြေများသာ ရှိတော့သည်။ အဖြေများမှာ အရင်းမြစ်တစ်ခုတည်းမှ လာခဲ့သည်ဟူ၍ ဆိုလည်းဆိုလိုက၊ ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် သူ၏အဖြေများမှာ အခြားသူတို့ ကျေနပ်စိမ့်သောငှာဖြေကြားထားသော အဖြေများမဟုတ်ဘဲ

www.burmeseclassic.com


သူကျေနပ်စေရန်အတွက် သူ့ဘာသာ ရှာဖွေထားသော အဖြေများသာ ဖြစ်နိုင်ပါသည်။ သူ၏အဖြေများက အခြား သူတို့အတွက် မေးခွန်းများဖြစ်ခဲ့သော် သင်တို့၏မကျေနပ် ချက်များကို လောကကြီးပေါ်အပြစ်ပုံမချပါနှင့် လောကကြီး မှာ ယခုမှ မဟုတ်ပါ။ အမြဲလိုပင် စနစ်တကျ မရှိခဲ့သည်ဆို ခြင်းကို ဆယ်တန်းကျောင်းသားဘဝကပင် သင်တို့နား လည်ခဲ့ဖို့ ကောင်းလှပါသည်။

ထိုစဉ်က ... ထိုစဉ်က ဟူ၍ပင်ဆိုပါရစေ။ ထိုစဉ် က ဘဝဆိုသည်မှာ စိတ်ကူးယဉ်စရာ တစ်ခုဟု သင်တို့ ထင်မှတ်ခဲ့ကြသည် မဟုတ်ပါလား။ ထင်မှတ်မှားခဲ့ကြသည် မဟုတ်ပါလား။ မေတ္တာတရားဆိုသည်မှာ အရာရာ၏ အခြေခံတစ်ခုဟု ယုံကြည်ခဲ့ကြသည် မဟုတ်ပါလား။ ထို့ ထက်လွန်ကဲ၍ မေတ္တာတရားနှင့် ချစ်ခြင်းကို ရောထွေးပစ် ကာ ဘဝကို စိတ်ကူးပေါင်းများစွာအတွင်း သာယာစွာ တည်ဆောက်ခဲ့ကြသည် မဟုတ်ပါလား။ အဘယ့်ကြောင့် ဘဝဆိုသည်မှာ ဘဝသာဖြစ်သည်ဟု ခပ်လွယ်လွယ် လက် ခံမထားခဲ့ကြပါသလဲ။ ဤကိစ္စနှင့် ပတ်သက်၍ သင်တို့ကို သော်လည်းကောင်း၊ သူ့ကိုသော်လည်းကောင်း၊ ကျွန်တော့် ကိုယ် ကျွန်တော်သည်လည်းကောင်း၊ အပြစ်မတင်လိုပါ။ ကျွန်တော်တို့အားလုံးသည် တစ်ရံရောအခါက ဘဝဆိုသည် မှာ စိတ်ကူးယဉ်စရာတစ်ခုသာဖြစ်သည်ဟု အနည်းဆုံး တစ်ကြိမ်မျှ စိတ်ကူးယဉ်ခဲ့ကြသူများသာဖြစ်ခဲ့သည်ချည်း မဟုတ်ပါလား။ နေဝင်ခြင်း၊ နေထွက်ခြင်း၊ မိုးလင်းခြင်း၊

မိုးချုပ်ခြင်း စသည်တို့မှာမူ စိတ်ကူးယဉ်ခြင်းကြောင့် ဖြစ်ပေါ်လာသည် မဟုတ်ဟု ကျွန်တော်ကဆိုသော် သူသည် ကောင်းကင်ဘုံ၏ အစီအမံများအကြောင်းမှစ၍ ကံ–ကံ၏ အကျိုးသက်ရောက်မှုများအကြောင်း ပရုသျှနှင့် ပြကတိ အကြောင်းအတ္တမံ နှင့် ဗရမံတို့၏အကြောင်း၊ ယင်းနှင့် ယာန်တို့၏အကြောင်း စသည်များကို အားကိုးကာ နဂိုက ပင် ရှုပ်နှင့်ခဲ့သော ကျွန်တော်တို့၏လောကကြီးအတွင်းသို့ ပိုမို ရှုပ်ထွေးလာစေခဲ့ပါသည်။

"ကိုယ့်ရင်ထဲက ညတစ်ညတည်းမှာတော့ လမင်းကြီးတစ်ခုဟာ အမြဲသာ နေတာပဲ" ဟု သူက ပြောလိုက်သည်။ စင်စစ် သူပြောသည်ကို ကျွန်တော်က ကြားလိုက်မိသည်။ ဟု ဆိုရပါမည်။ ကျွန်တော်က "ဒီလိုတော့လည်း၊ ခင်ဗျားက ကဗျာဆန်သွားပါကလား" ဟု မရေမရာသံနှော၍ ပြောလိုက်မိသည်။ "ကဗျာဆန်တယ်တော့လည်း မဟုတ်ပါဘူး။ ဒီစကားလုံးတွေက အထဲက ထွက်လာတဲ့ စကားလုံးတွေပါ" ဟု သူက ပြန်ပြောပါသည်။ ကျွန်တော့်အနေဖြင့် "အထဲက" ဆိုသောသူ၏အသုံးအနှုန်းကို နားရှင်းလှသည် မဟုတ်။ ဘယ်က၊ ဘယ်လို စသည်များဖြင့် အမေးပုဒ်များ ပြုချင်လှပါသည်။ သို့ရာတွင် အရွယ်ရောက်သူမှန်လျှင် ဤမျှဖြင့် သိသင့်သည်ဟူသော မည်သည့်အရပ်မှလာမှန်း မသိသည့် အသိတစ်ခုက ကျွန်တော့်အား တားမြစ်ထားလိုက်ပုံရပါသည်။ ထို့ကြောင့် သူ့ကို တစ်စုံတစ်ရာမျှ မမေးလိုက်တော့ပါ။ သူကမူ၊ ခပ်လှမ်းလှမ်းမှ အကြည့်ခံအရာ

တစ်ခုအား ကြည့်နေရင်း "တကယ်တော့၊ ခံစားချက်ဆိုတာက အထဲကပဲ ထွက်လာတတ်တာ မဟုတ်လား။ ခံစားချက်ကို တင်ကူးပြဋ္ဌာန်းထားလို့မရဘူးလေ။ ပြဋ္ဌာန်းခံ၊ ခံစားချက်ဟာ တကယ်တော့ မရိုးသားတဲ့ ခံစားချက်ပဲဖြစ်မှာပေါ့" ဟု ပြောပါသည်။ သူပြောသမျှကိုလည်း ကျွန်တော်ကြား လိုက်သည်ဟု ထင်သည်။ ကျွန်တော်၏ ပတ်ဝန်းကျင် တစ်ဆယ့်ရှစ်လက်မ အတွင်းရှိ လေထုမှာမူ ထိုတစ်ခဏအတွင်း၌ မညစ်ညမ်းသွားသည်တိုင် ရှုပ်ထွေး၍ သွားခဲ့သည်။ လေထုအတွင်း စကားလုံးများစွာတို့ ခလုတ်တိုက်မိကြကုန်ပြီ ထင်သည်။

သူက စိတ်ရှည်စွာ ရှင်းပြတတ်သည်။ သူနှင့်ကျွန်တော်တို့မှာ အတူတကွ ကြီးပြင်းလာကြသည့်အတွက် ကျွန်တော်တို့နှစ်ဦး အကြားရှိချောက်ကမ်းပါး၏အကျယ်ကို သူရော ကျွန်တော်ပါသိပြီးသား ဖြစ်သည်။ အမြဲတစေလို သူသည် ထိုချောက်ကမ်းပါးကို တံတားထိုးနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ကျွန်တော်ကမူ တစ်ရံတစ်ဆစ်ကမျှ အားမပေးခဲ့ဖူးပါ။ အကယ်၍ သူ၏တံတားကြီး ပြီးမြောက်ခဲ့သော် ကျွန်တော့်အနေဖြင့် တံတားကြီး၍အလယ်အထိပင် လျှောက်စမ်းကြည့်မည် မထင်ပါ။ ကျွန်တော် ရပ်နေသောကမ်းပါးတွင် အားကိုးရန် တစ်စုံတစ်ရာမရှိသော်လည်း အခြေမြဲခဲ့ပြီဖြစ်၍ လေဒဏ်ကိုမိုးဒဏ်ကို ကျွန်တော် ခံနိုင်ခဲ့ပြီဟု ယုံမှတ်ထားခဲ့ဖူးပါ။ သူက "ခံစားချက်နဲ့ သက်ဝင်ယုံကြည်မှုအကြားမှာ အပြန်အလှန်အကျိုးပြုမှုတွေတော့ ရှိ

တာပဲ။ သက်ဝင်ယုံကြည်မှုတွေကြောင့်၊ တချို့က အချစ်ကို ကိုးကွယ်တယ်။ တချို့က အလှအပကို ကိုးကွယ်တယ်၊ တချို့ကလည်း သစ္စာတရား လိုဟာမျိုး ကိုးကွယ်တယ်။ အဲဒီကနေ ဦးတည်ရာအရပ်ကို ရွေးကြတယ် မဟုတ်လား။ မင်းလိုတော့ ဦးတည်ရာအရပ်လည်း ရှိမှာ မဟုတ်ဘူး။ မင်းမှာက ထွက်ခွာရာပုဒ် ရှိနိုင်ပေတဲ့။ ဆိုက်ရောက်ရာပုဒ် ကဖြင့် ချရေးပြလို့မရနိုင်ဘူးထင်ပ" ဟု ဆိုပါသည်။ တကယ့်ဘဝသည် စင်စစ် ချရေးပြရန်မလိုကြောင်း၊ သူ့ကို ကျွန်တော်မည်သို့ ရှင်းပြရပါမည်နည်း။ သင်တို့ရော စဉ်းစားကြည့်ကြစမ်းပါ။

သူပြောသည့်အတိုင်း ကျွန်တော့်တွင် ကိုးကွယ်အားထားရာမရှိပါ။ ချစ်ခြင်း၊ သစ္စာတရား၊ မှော်(စ) ဝါဒ၊ လောင်ဇူး စသည်တို့ထံမှ ကျွန်တော် ရုန်းထွက်ခဲ့သည်မှာ ကြာလှပါပြီ။ ကျွန်တော့်ထံ၌ ကျွန်တော်သာရှိခဲ့ပါသည်။ ထို့ကြောင့်လည်း ကျွန်တော့်တွင် ဦးတည်ထွက်ခွာရန်အရပ် မရှိတော့ပါ။ ဤနေရာတွင်မူ သူမှားခဲ့သည်ဟု ထင်၏။ သူက ကျွန်တော့်အား ထွက်ခွာရာပုဒ်ရှိ၍ ဆိုက်ရောက်ရာပုဒ်မရှိသူဟု ဆိုသည် မဟုတ်ပါလား။ စင်စစ် ကျွန်တော့်တွင် ထွက်ခွာရာပုဒ်လည်း မရှိခဲ့ပါ။ တစ်နေ့သောအခါတွင် ကျွန်တော်သည် နွေဦးကာလများတွင်ကြွေ ကြွေတတ်သော သစ်ရွက်ခြောက်များ အနက်မှ တစ်ရွက်ကဲ့သို့ ကျကြွေပြီး နောက် မြေသားနှင့်ရောထွေးကာ စနစ်တကျ မရှိလှသော လောကကြီးအတွင်းပျောက်ဆုံးသွားရန်သာ ရှိခဲ့သည်

www.burmeseclassic.com


မဟုတ်လား။ သင်တို့ကမူ သူနှင့် တစ်သဘောထားတည်း မဟုတ်ခဲ့သည့်တိုင် လှေကြုံစီးများ မဟုတ်ခဲ့ကြဖူးလား။

အဘယ့်ကြောင့် ဘဝ၏ဖြစ်ရှိနေခြင်းများကို ကဗျာကောင်းတစ်ပုဒ်ကဲ့သို့၊ တင်ကူးပြဋ္ဌာန်းထားခြင်းမရှိဘဲ၊ မခံစားနိုင်ကြပါသလဲ။ သူ့တွင်လည်းကောင်း၊ သင်တို့တွင် လည်းကောင်း၊ အဖြေများရှိလိမ့်မည် ထင်သည်။ နား အပို တစ်စုံဝယ်ယူ၍ တပ်ဆင်နိုင်သည့် တစ်နေ့တွင် သူနှင့် သင်တို့ထံမှ အဖြေစကားများကြားလိုလှပါသည်။

## သင်တို့အပါအဝင် ကျွန်တော်တို့အားလုံး၏အကြောင်း

ကျွန်တော်တို့အားလုံးမှာ ခရီးသွားများဟု ဆိုကောင်းဆိုနိုင်မည်ဖြစ်သော်လည်း၊ တစ်ခရီးတည်းသွားကြသူများဖြစ်ကောင်းမှဖြစ်ပါမည်။ သို့အတွက်မူ ဝမ်းမနည်းကြပါနှင့်။ လမ်းဆုံးသော် ရွာတွေ့ပါလိမ့်မည်။ ဤသည်မှာ ကျွန်တော်၏ရွာ၊ ဤသည်မှာ ကျွန်တော်၏အရပ်၊ ကျွန်တော့်အဖို့ လမ်းမှာ ဤမှာပင် ဆုံးခဲ့ပါပြီ။ မျှော်လင့်ထားခြင်း၊ မျှော်လင့်နေခြင်းများ မရှိခဲ့သဖြင့် ခရီးဆက်ရန် မရှိတော့ဟု ထင်ပါသည်။ ပိုမိုခိုင်မာစွာဆိုရသော် ထင်ပါသည် ဟူသော အသုံးအနှုန်းကို ပယ်ဖျက်၍ ထင်မှတ်ယုံကြည်သည်ဟု ဆိုရပါလိမ့်မည်။ စိတ်ကူးယဉ်ယဉ်နှင့် ပြောကြမည်ဆိုသော် ကျွန်တော်၏ တွေးပုံမျိုးကို သရုပ်မှန်ဝါဒ၏ လက်ဝေခံအတွေးအခေါ်တစ်ရပ်ဟုသာ ခေါ်ကြပါတော့။

ကျွန်တော့်အပေါ်တွင်လည်း အနက်ယူမလွဲကြစေ

ချင်ပါ။ လွဲကြသော်လည်း ကျွန်တော့်တွင် ဝမ်းနည်းစရာ အကြောင်းမရှိဟု ထင်သည်။ ကျွန်တော်၏ဖြစ်နေခြင်း အတွင်း စုစည်းထားသော အပိုင်းအစများကို ပညာတတ်တို့က ကင်ပွန်းတပ်ပေထားသောကြောင့်သာ ခုထိ ဘဝ ဟု ခေါ်နေကြရသည် မဟုတ်ပါလား။ လူ၏ဖြစ်တည်နေခြင်းကို စာလုံး၊ စကားလုံးများဖြင့် ဖော်ထုတ်တင်ပြနိုင်သော်လည်း လူလည်စာလုံး၊ စကားလုံးများ မဟုတ်သကဲ့သို့ စာလုံး၊ စကားလုံးများမှာ လူများမဟုတ်ကြပါ။ သို့အတွက် ကျွန်တော့်ကို သင်တို့ကလည်းကောင်း၊ သူက လည်းကောင်း၊ ကြိုက်သလို ပုံဖော်ယူနိုင်ကြပါသည်။ ဤသည်မှာပင် သင်တို့အားလုံး၏အခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ ရေတွင်းအရုပ်ရေးသကဲ့သို့ ခိုင်ခိုင်မာမာ ပုံဖော်နိုင်ကြလိမ့်ဟု ထင်ပါသည်။ တင်ကူး၍ ပြောထားလိုသည်မှာ ကျွန်တော့်ကို အနောက်ဘက် အရပ်ကလာသော အဘိဓာန်စာအုပ်ထဲတွင် ပစ်ချခြင်း၊ အနက်မဖော်ပါနှင့် သို့မဟုတ် အနက်မဖွင့်ပါနှင့်၊ သို့တည်းမဟုတ်၊ စမ်းသပ်၍တည်ဆောက် မကြည့်ပါနှင့်။ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်နေရရှာသော ကျွန်တော်၏ဘဝယေဘုယျသတ်မှတ်ထားမှုများအတွင်း ထပ်မံ၍ အသီးသီးသဘောဆောင်ရန်အတွက် ခွဲခြားစိတ်ဖြာရန် လက်ကျန်များစွာ မရှိတော့ပါ။

ဖြည့်ကြည့်လိုသော် ကြည့်ကြပါ။ သို့မှသာ အလုပ်လက်မဲ့ဘဝရောက်လုဆဲဆဲ ဖြစ်နေသည့် ဘာသာစကားကို ၁၀၉/၁၁၀ ဘဝမှ ကယ်တင်နိုင်ပါလိမ့်မည်။ သူ

www.burmeseclassic.com


က “ပြန် မည်” ဆိုသော်ပြန်ပါစေ။ တား၍မဖြစ်နိုင်ပါ။ “သွားမည်”ဟု ဆိုသော်သွားပါစေလေ။ သွားရန်မရှိသည်၊ ပြန်ရန်မရှိသည် ကျွန်တော်ကိုမူ နှင်ထုတ်လိုက နှင်ထုတ်ကြပါ။ ကျွန်တော့်တွင် သူ့ကဲ့သို့ သက်ဝင်ယုံကြည်ထားမှု တစ်စုံတစ်ရာ မရှိခဲ့မှု၍ ပေးရန်ဆင်ခြေမရှိ။ စာဒက တက်ရန် အကြောင်းမရှိ။ ခံစားရန်အကြောင်းမရှိ။ “အထဲမှ” ကဗျာတစ်ပုဒ်ထွက်လာရန် အကြောင်းမရှိ။ ဘာသာစကားအားဖြင့် တည်ဆောက်ထားခြင်း၊ ငြင်းဆိုထားခြင်းများအား လက်ခံရန်ငြင်းဆိုရန်မရှိ။ ရှိခြင်း မရှိခြင်းများ၏ ရှိခြင်း၊ မရှိခြင်းများ မရှိ။ ကျွန်တော်မရှိတော့ဘူး ဟုဆိုသော်၊ ကျွန်တော်၏မရှိခြင်းသည် သင်တို့ထံ၌ရှိခဲ့တော့မည် မဟုတ်ပါလား။ သို့အတွက် သူက ပြန်မည်ဟု ဆိုသော် သူ့ကို ပြန်စေချင်ပါသည်။ သူက တောင်ဘက်အရပ်များဆီသို့ ပြန်မည်ဆိုသော် ကျွန်တော်သည် မြောက်ဘက်အရပ်တွင် ကျန်ရစ်ခဲ့ပါလိမ့်မည်။ ကျွန်တော်၏မြောက်ဘက်အရပ်တွင်လည်း မြောက်ဘက်တစ်ခု အနည်းဆုံး ရှိနေလိမ့်မည်မှာ မုန်သကဲ့သို့ သူပြန်သွားသည့် တောင်ဘက်အရပ်တွင်လည်း မြောက်ဘက်အရပ် တစ်ခုရှိနေပါလိမ့်မည်။ ထိုအရပ်ကို ကျွန်တော်က တောင်ဘက်က မြောက်အရပ်ဟုခေါ်ပြီး ကျွန်တော်ကျန်ရစ်ခဲ့ရာအရပ်ကို ခပ်လွယ်လွယ်ပင် မြောက်အရပ်ဟု ခေါ်ပါမည်။ မြောက်ဘက်က မြောက်အရပ်ဟု ခေါ်ဆိုလိုက ခေါ်နိုင်သော်လည်း မြောက်ဘက်က မြောက်အရပ်သည် အားလုံးအတွက် မြောက်အရပ်သာ ဖြစ်နေခဲ့၍

မြောက်အရပ်ဟု ခေါ်ဆိုခြင်းအပေါ် တစ်စုံတစ်ရာငြင်းဆိုရန် မဖြစ်နိုင်ပါ။ လင်းလက်သောနေရောင်ခြည်အောက်၌ဖြစ်စေ၊ မှုန်ဝါးသော လရောင်အောက်၌ဖြစ်စေ၊ အဘိဓာန်စာအုပ်များအတွင်း၌ ဖြစ်စေ၊ ဘာသာစကား အသုံးအနှုန်းများ အတွင်း၌ ဖြစ်စေ၊ မြောက်အရပ်သည် မြောက်အရပ်သာဖြစ်သော်လည်း တောင်ဘက်က မြောက်အရပ်နှင့် တောင်ဘက်၏မြောက်အရပ်တို့မှာ မည်သည့်အခါမှ တူကြလိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် သင်တို့နှင့် မဆိုင်သောကိစ္စတစ်ခုအတွက် အဘယ့်ကြောင့် ခေါင်းရှုပ်ခံချင်ရပါသလဲ”

**မဟေသီရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၁၆၄၊ ဩဂုတ်လ၊ ၁၉၉၈။**

# မောင်သိန်းမောင်၏အရေးအသား၌ မပါဝင်နိုင်သည့် ''ကျွန်ုပ်''၏ အခန်းကဏ္ဍ

(၁)

ထိုတစ်နေ့မှာ အခြားသောနေ့များကဲ့သို့သာ ဖြစ်သည်။ နေသည် အရှေ့ဘက်မှ ထွက်ခဲ့ပြီးနောက် အနောက်ဘက်တွင် ဝင်၍သွားသောနေ့မျိုးသာ ဖြစ်တော့သည်။ ကောလိပ်ကျောင်းတွင် လုပ်ခဲ့စဉ် ကျွန်ုပ်၏တပည့်တစ်ဦးဖြစ်ခဲ့ဖူးသူ မောင်သိန်းမောင် က သူနှင့်အတူနေသော မိတ်ဆွေတစ်ဦးနှင့် အတူ ကျွန်ုပ်ထံ ရောက်လာခဲ့သည်မှာ နေ့ခင်းနှစ်နာရီခန့်ကပင် ဖြစ်တော့သည်။ မောင်သိန်းမောင်မှာ ခေတ်ပညာတတ်၊ တည်တည်ကြည်ကြည် ရှိသူမှန်သော်လည်း လောလောဆယ်တွင် မယ်မယ်ရရ အလုပ်ရှိပုံမပေါ်။ အလားတူပင် သူနှင့်အတူနေသည်ဟု ဆိုသော သူ့မိတ်ဆွေမှာလည်း မယ်မယ်ရရ အလုပ်ရှိပုံမပေါ်။ သို့ရာတွင် စကား

ပြောကောင်းသူ၊ စကားလုံးအစီကောင်းသူဖြစ်သည်။ မောင်သိန်းမောင်မှာမူ နှုတ်နည်းသူဖြစ်ကြောင်း၊ သူ ကျောင်းသားဘဝကပင် ကျွန်ုပ် သိနှင့်ခဲ့ပြီးဖြစ်သည်။ မောင်သိန်းမောင်၏ မိတ်ဆွေစကားပြောကောင်းမှုကြောင့် ထိုနေ့ နေ့ခင်း၏အချိန် သုံးနာရီကျော်ကျော်မှာ ကျွန်ုပ်ထံမှ ပျောက်ဆုံးသွားတော့သည်။ ကျွန်ုပ်အနေဖြင့် ဟုတ်၏မဟုတ်၏။ မပြောနိုင်သော်လည်း မောင်သိန်းမောင်၏ မိတ်ဆွေ၏စကားထဲ၌ နစ်မွန်းသွားခဲ့မိသည်မှာ အမှန်ဖြစ်သည်။

(၂)

မောင်သိန်းမောင်၏မိတ်ဆွေမှာ ဂိုက်ကောင်းသူဖြစ်ပါသည်။ သူစကားပြောနားသည့်အခါတွင် ဆေးတန်ဖွာလေ့ရှိသည်။ ထိုနေ့ကမူ သူအပျော်တမ်းလိုက်ခဲ့သော စုံထောက်မှုတစ်ခုအကြောင်း ပြောပြပါသည်။ အချက်အလက်နှင့်ပြောသဖြင့် နားထောင်၍ကောင်းသော်လည်း သူပြောသမျှဟုတ်သည်ဟု ကျွန်ုပ်က မည်သူ့ကိုမျှ အာမ မခံလို။ မောင်သိန်းမောင်ကမူ သူ၏မှတ်စုစာအုပ်ကလေးထုတ်ကာ စိတ်ပါလက်ပါ မှတ်သားနေပုံကို ကျွန်ုပ် သတိပြုမိသည်။ မောင်သိန်းမောင်၏ ပြောပြချက်အရ သူ(မောင်သိန်းမောင်)မှာ၊ သူ၏သူငယ်ချင်းပြောပြချက်များအား ဝတ္ထုသွားမျိုးဖြင့် ပြန်လည်ရေး၍ သတင်းစာတိုက် မဂ္ဂဇင်းတိုက်များသို့ပို့ကာ စာရေးဆရာဖြစ်ရန် အားထုတ်နေသူဖြစ်ကြောင်း သိရပါသည်။ သူ၏အရေးအသားများကို သတင်း

www.burmeseclassic.com


စာ မဂ္ဂဇင်းများတွင် မည်ရွေ့မည်မျှ ဖော်ပြခံခဲ့ရသည်ကို မေးစမ်းကြည့်မိသော်လည်း မောင်သိန်းမောင်မှာ ကောလိပ်ကျောင်းသားဘဝကပင် လက်စလက်နရှိကြောင်း၊ ကျွန်ုပ်အမှတ်ရနေမိသည်။

(၃)

မောင်သိန်းမောင်၏ မိတ်ဆွေ ပြောဆိုနေသည်ကို နားထောင်ရင်း မောင်သိန်းမောင်က သူ၏မိတ်ဆွေပြောသည်တို့အား ဝတ္ထုသွားဖြင့် ပြန်လည်ရေးသားမည်ဆိုခြင်းအကြောင်းကို ကျွန်ုပ်ဖာသာ စဉ်းစားကြည့်နေမိသည်။ အထင်ပေါ်ဆုံးအချက်တစ်ချက်မှာမူ ထိုဝတ္ထုထဲတွင် ကျွန်ုပ်ပါဝင်မည်မဟုတ်ပါ။ ကျွန်ုပ်မှာ ယခုအခါ မောင်သိန်းမောင်၏မိတ်ဆွေ ပြောသည်ကို နားထောင်နေသူတစ်ဦးသာလျှင်ဖြစ်ပါသည်။ ကျွန်ုပ်၏လက်ခံခြင်း–လက်မခံခြင်း၊ သဘောတူခြင်း–မတူခြင်း၊ တန်ဖိုးထားခြင်း–မထားခြင်း၊ စသည်တို့မှာ ပုဂ္ဂလိကစံတစ်ခု ဖြစ်နေခဲ့သည်သာမက၊ မောင်သိန်းမောင်၏ မိတ်ဆွေပြောပြနေသော အကြောင်းအရာများအပေါ်သို့ လွှမ်းမိုးနိုင်ခြင်းရှိမည် မဟုတ်ပါ။ အလားတူပင် မောင်သိန်းမောင်က ပြန်လည်ရေးသားတင်ဆက်မည့် သူ၏မိတ်ဆွေပြောပြခဲ့သော အကြောင်းအရာ၊ ဇာတ်လမ်းအပေါ်သို့လည်း လွှမ်းမိုးမှု ရှိလိမ့်မည် မဟုတ်ပါ။ မောင်သိန်းမောင်၏ မိတ်ဆွေကို စာပြောသူဟု သဘောထားသော် ကျွန်ုပ်မှာစာနာသူ၊ မောင်သိန်းမောင်မှာ စာမှတ်သူ၊ များဖြစ်

ကြသည့်အတွက် ကျွန်ုပ်တို့၏အကြား၌ ယာယီဆက်နွယ်နေမှုတစ်ခုရှိနေသည်မှအပ၊ အခြားသော အကျိုးတရား တစ်စုံတစ်ရာမျှ မရှိပေ။

(၄)

ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်မှာ မောင်သိန်းမောင်၏ မိတ်ဆွေပြောပြသည်ကို နားထောင်နေသူဖြစ်နေခဲ့သည့်အတွက် မောင်သိန်းမောင်က သူ၏မိတ်ဆွေပြောပြချက်များအား ဝတ္ထုသွားဖြင့် စာတစ်ပုဒ်ရေးနိုင်ခဲ့သော် ထိုအရေးအသားထဲတွင် ကျွန်ုပ်ပါဝင်နိုင်သော နေရာရှိမည် မဟုတ်ပါ။ သို့ဖြစ်လျှင် မောင်သိန်းမောင်အနေဖြင့် မည်သည့်နေရာတွင် ပါဝင်ပါမည်နည်းဆိုသည်ကို စဉ်းစားကြည့်ကြဖို့သာ ရှိပါသည်။ အကယ်၍ မောင်သိန်းမောင်က "ကျွန်တော်သည် ....." ဟု အစချီကာ သူ၏ဝတ္ထုကို ရေးသားခဲ့သော် ထို "ကျွန်တော်မှာ စာရေးဆရာမောင်သိန်းမောင်၏ ကျွန်တော်ဟု ကျွန်တော်တို့က မှတ်ထားရပါလိမ့်မည်။ ထိုအခါ မောင်သိန်းမောင်၏ ကျွန်တော်က မောင်သိန်းမောင်၏ မိတ်ဆွေပြောပြခဲ့သော အကြောင်းများအား ပြန်လည်တင်ပြပေးသူ ဖြစ်လာပါတော့မည်။ စင်စစ် ဝတ္ထုအရေးအသားထဲတွင် မောင်သိန်းမောင် တည်ဆောက်ထားသော "ကျွန်တော်"က ပြန်လည်တင်ပြမည့် အကြောင်းအရာ (ဇာတ်လမ်း)မှာ၊ မောင်သိန်းမောင်၏ မိတ်ဆွေကပြောပြခဲ့သော အကြောင်းအရာ (ဇာတ်လမ်း) သာ ဖြစ်ပါသည်။ ထို့ကြောင့် မောင်

www.burmeseclassic.com


သိန်းမောင်က စာလုံး–စကားလုံးများဖြင့် တည်ဆောက်ထားလိုက်သော "ကျွန်တော်"မှာ သူက ပြန်လည်တင်ပြခြင်းကို ပြုနိုင်ရန် မောင်သိန်းမောင်၏ မိတ်ဆွေပြောနေသော အကြောင်းအရာတို့အား မောင်သိန်းမောင်က ဝတ္ထုတစ်ပုဒ် အဖြစ်ရေးသားလိုက်သည်နှင့် စာရေးသော မောင်သိန်းမောင်အား သူ့မိတ်ဆွေက သတ်ပစ်လိုက်သည်နှင့်သာ တူတော့သည် မဟုတ်ပါလား။

(၅)

မောင်သိန်းမောင်၏ မိတ်ဆွေပြောပြနေသည်များကို နားထောင်ရင်း၊ ဝတ္ထုစတင်ရေးသားသည်နှင့် ကျွန်ုပ်တပည့် မောင်သိန်းမောင်မှာ သူ့မိတ်ဆွေ၏ သုတ်သင်ခြင်း ခံတော့မည့် အရေးကို ကျွန်ုပ်က တွေးပူလိုက်မိသည်။ သို့ရာတွင် သူ၏မိတ်ဆွေအား တစ်စုံတစ်ရာ ပြန်မလုပ်ပါပြီလော။ သို့မဟုတ် မောင်သိန်းမောင်၏ အရေးအသား(အပြုအမူ)က သူ၏ မိတ်ဆွေအပေါ် တစ်စုံတစ်ရာ အကျိုး (ကောင်းကျိုး/ ဆိုးကျိုး) သက်ရောက်မှု မရှိနိုင်ပါပြီလော။ စဉ်းစားကြည့်မိရပြန်ပါသည်။ ထိုအခါ မောင်သိန်းမောင်၏ အရေးအသား(အပြုအမူ)က မောင်သိန်းမောင်၏ သူငယ်ချင်းနှင့် ၎င်း၏အတွေ့အကြုံ/ အသိပညာတို့အား ဖျက်ဆီးပစ်နိုင်သော၊ အစွမ်းအစများ တွေ့လိုက်ရပါသည်။ အကြောင်းမှာ မောင်သိန်းမောင်က ဝတ္ထုသွားအဖြစ်နှင့် ရေးသားသော သူ့မိတ်ဆွေဖော်ထုတ် တင်ပြခဲ့ခြင်း မဟုတ်တော့

ပါ။ ကျွန်ုပ်၏ဉာဏ်ရည်ဉာဏ်သွေးနှင့် နားလည်ရသမျှ ရှင်းရသော် မောင်သိန်းမောင်က သူ၏အတတ်ပညာဖြင့် သူ့မိတ်ဆွေ၏ အသိပညာတို့ကို သူ၏အသိပညာတစ်ရပ် အဖြစ် ပြန်လည်တင်ပြထားခြင်း တစ်ရပ်သာဖြစ်ပါတော့ သည်။ တစ်နည်းဆိုရပြန်သော် မောင်သိန်းမောင်က သူ၏ အတတ်ပညာအားဖြင့် သူ့မိတ်ဆွေနှင့် စာဖတ်ပရိသတ်ကို ဆက်သွယ်ပေးသည် မဟုတ်တော့ဘဲ၊ သူ့မိတ်ဆွေ၏ အတတ်ပညာကို အသုံးပြုကာ သူနှင့်စာဖတ်ပရိသတ်ကို ဆက်သွယ်လိုက်ခြင်းသာ ဖြစ်ပေသည်။ မောင်သိန်းမောင် ၏ အတတ်ပညာနှင့် အရည်အချင်းများက သူ့မိတ်ဆွေ၏ အသိပညာနှင့် ပုံရိပ်တို့ကို သူ၏အရေးအသားထဲတွင် ကြိုက်သလိုဖော်ထုတ်ပြနိုင်ခွင့်ပေးလိုက်သည်နှင့်သာ တူ တော့သည်။ ဤသို့ဖြင့် မောင်သိန်းမောင်၏ မိတ်ဆွေ၏ ဘဝမှာ ပျက်စီးသွားရပါတော့သည်။

(၆)

ဤတွင် စပ်ဆိုင်သည်–မစပ်ဆိုင်သည်ကို မသိ သော်လည်း၊ ကျွန်ုပ်ဖတ်ရှုခဲ့ဖူးသော အနုပညာဖန်တီးမှု၏ သဘောသဘာဝများကို သတိရလိုက်ပါသည်။ သဘာဝကျ သည်ဟု ဆိုကြသော သရုပ်သကန်မှန်အောင် ပြန်လည်တင် ပြတတ်ကြသူတို့က နေ့စဉ်ဘဝအဖြစ်အပျက်များကို ပုံတူ ကူးကာပြန်လည်ဖော်ထုတ်ကြပြီး စိတ်ကူးယဉ်သမားတို့က မိမိတို့၏ စိတ်ကူးကို ပုံတူကူးကာ ကိုယ်စားပြုတင်ပြတတ်

ကြသည် မဟုတ်ပါလား။ စင်စစ် အနုပညာဖန်တီးမှုတို့မှာ တစ်နည်းမဟုတ်တစ်နည်း၊ ပုံတူကူးနေကြခြင်း မဟုတ်ပါ ၏လော ဟု ကျွန်ုပ်ဆင်ခြင်မိပါသည်။ သို့ဖြစ်လျှင် ကျွန်ုပ် ၏တပည့်ဖြစ်သူ မောင်သိန်းမောင်က ရေးသားတင်ဆက် မည့် သူမိတ်ဆွေ၏တကယ်ဘဝထဲက ဖြစ်ရပ်များမှာ တကယ့်ဘဝကို ပုံတူကူးထားသော ဖော်ထုတ်မှုများသာ မဟုတ်တော့ပါ၏လော။ မောင်သိန်းမောင်၏ ဖန်တီးမှု အတတ်ပညာအစုံစုံဖြင့် ပြန်လည်တင်ပြထားသော သူ့ မိတ် ဆွေ၏တကယ့်ဘဝထဲက အကြောင်းအရာတို့မှာ စင်စစ် မောင်သိန်းမောင်က သူ့မိတ်ဆွေ၏တကယ့်ဘဝထဲမှ ဖြစ် ရပ်အစုံစုံကို နေရာတကျဖြစ်အောင် စီစဉ်၍ ကိုယ်စားပြုတင် ပြထားချက်များသာ မဟုတ်ပါ၏လော။ ထို ကိုယ်စားပြု တင်ပြချက်တို့မှာ မောင်သိန်းမောင်က သူ၏စာဖတ်သူတို့ ဖတ်ရှု၍ကောင်းစိမ့်သောငှာ၊ သင့်လျော်အောင် ပြုပြင်စီမံ ထားသော ဖန်တီးချက်တို့သာ ဖြစ်တော့သည်။ တကယ့် ဘဝကို ပုံတူကူးထားသည်မှန်သော်လည်း တကယ့်ဘဝ မဟုတ်တော့။ တကယ့်ဘဝဆိုသည်မှာ ယခု ကျွန်ုပ်ကို ကြည့်ပါ။ မည်သို့မျှ စနစ်တကျ ရှိသည်မဟုတ်။ ယခု ကျွန်ုပ်၏စိတ်ကူးပုံများအား သင့်အား ပြန်လည်ဖော်ထုတ် ပြနေသည်။ ခုနက အပေါ့ ထသွားသည်။ ထိုအရင်က မောင်သိန်းမောင်၏ မိတ်ဆွေပြောသည်များကို နားထောင် နေသည်။ ရံဖန်ရံခါ မောင်သိန်းမောင်က သူ၏မှတ်စု စာ အုပ်ထဲတွင် ရေးသားနေသည်များကို လှမ်းကြည့်မိသည်။

သို့မဟုတ် နံရံတွင် ချိတ်ထားသော နံရံကပ်နာရီကို ကြည့် နေမိတတ်သည်။ တကယ့်ဘဝသည် ဘယ်တုန်းကမျှ စနစ် တကျ မရှိခဲ့သည်ကို ကျွန်ုပ် မေ့မထားနိုင်ပါ။

(၇)

ယခုအခါ နေမှာ အတော်စောင်းသွားခဲ့ပေပြီ။ ဤသည်ကို ကျွန်ုပ်က တကယ့်ဘဝဟု ဆိုချင်ပါသည်။ နေ စောင်းသွားခြင်းသည် မောင်သိန်းမောင်၏ မိတ်ဆွေစကား ပြောရပ်သွားခြင်းနှင့် မဆိုင်ပါ။ မောင်သိန်းမောင်က အပေါ့ ထသွားခြင်းမှာ မောင်သိန်းမောင်၏ မိတ်ဆွေက စကား ပြောရပ်သွားသော ကြောင့် ဖြစ်နိုင်သည်မှာ မှန်သော်လည်း ကျွန်ုပ် ခါးကြောဆန့်လိုက်ခြင်းနှင့်လည်းကောင်း၊ ရထား လုံးတစ်စင်းလမ်းပေးတွင် မောင်းနှင်သွားခြင်းနှင့် လည်း ကောင်း၊ ဆိုင်မည်မဟုတ်။ အလားတူပင် နံရံကပ်နာရီက ငါးနာရီထိုးလိုက်ခြင်းမှာ ကျွန်ုပ်တို့စကားဝိုင်းရပ်လိုက်ခြင်း နှင့် မဆိုင်။ စင်စစ် လောကကြီးမှာ မောင်သိန်းမောင်က သူ၏မိတ်ဆွေပြောပြခဲ့သည်တို့ကို ပြန်လည်၍ ဝတ္ထုသွား ဖြင့် အစီအစဉ်တကျ ရေးသော်၊ ထိုအစီအစဉ်တကျ ဖန်တီး ထားမှုသည်ပင်လျှင် တကယ့်ဘဝနှင့် ဝေးကွာ၍သာသွားပေ တော့မည် ဟု ကျွန်ုပ်က မြင်မိပါတော့သည်။ သို့သော် လည်း ကျွန်ုပ်အနေဖြင့် တစ်စုံတစ်ရာမျှ တတ်နိုင်သည့် ကိစ္စ မဟုတ်ချေ။ မောင်သိန်းမောင်တို့ သူငယ်ချင်း နှစ်ယောက် လည်း ပြန်ကြရန်ပြင်ဆင်နေပေပြီ။ ကျွန်ုပ်အဖို့မှာလည်း

www.burmeseclassic.com


ရေတာရှည်လမ်းဟောင်းထဲမှ မေဂျာမောင်မောင်လေး ဇရပ်တွင် မိတ်ဆွေဟောင်းတို့နှင့် ဆုံတွေ့ကြ အစီစဉ်ရှိနေသေးသည်။ တောင်စဉ်ရေမရ ပြောကြဆိုကြခြင်းဖြင့် ပင်စင်စားတို့၏ဘဝနေ့ရက်များကို ဖြုန်းတီးပစ်ရန်ကိစ္စ ရှိနေသေးသည်။ ကိုယ်ကာယငါးပါးကို အစွဲပြု၍ ကျွန်ုပ်ဖာသာ ယုံကြည်မှတ်ယူကာ မှန်ကန်ထားမှုများသည် အခြားသူတို့အတွက် မှန်ချင်မှ မှန်မည်ဖြစ်သော်လည်း ကျွန်ုပ်အတွက်မှာမူ တစ်စုံတစ်ခုသော အတိုင်းအတာအထိ မှန်နေပေလိမ့်ဦးမည် မဟုတ်ပါလား။

www.burmeseclassic.com

# ဒုတိယအကြိမ်မှားယွင်းမှုများအတွက် ပထမဆုံးနှင့် နောက်ဆုံး ဝန်ခံချက်

"သတိထွေပြား၊ သူမချစ်လို့ စွန့်ပစ်သွားသော်"

**ရွှေနဘေနတ်သံပစ်**

(အစဉ်အလာ)

အသက်မရှိသကဲ့သို့ဖြစ်နေသော ကိုယ်ခန္ဓာကို ဆွဲမ၍ထူလိုက်ပြီးနောက် ကျွန်တော်သည် ပြတင်းပေါက် တံခါးမှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်နေလိုက်မိပါသည်။ ပြတင်းပေါက်ဟု ဆိုသော်လည်း တံခါးရွက်မရှိသဖြင့် ပိတ်ရန်ဖွင့်ရန် မလိုပါ။ လေပူ၊ လေကြမ်းဒဏ်တို့ကို ရှောင်ရှားရန်မလွယ်လှသော်လည်း ပြင်ပလောကနှင့် ကျွန်တော် အမြဲတစေလိုပင် အဆက်အသွယ် မပြတ်ပါ။ အနည်းဆုံး ပြင်ပလောက၏ သူ့ဘာသာဖြစ်ပျက်နေခြင်း အကြောင်းများကို တွေ့နေရပါသည်။ ဆောင်းအခါတွင်

www.burmeseclassic.com


မြောက်ဘက်သို့ ပြန်သွားကြသော ငှက်များ၊ နွေတွင်ကျကြွေသော သစ်ရွက်များ၊ မိုးအခါတွင် စည်းစနစ်တကျမရှိဘဲ အော်ဟစ်နေကြသော ဖားသူငယ်များ၊ စသည် စသည်တို့မှာ အမြဲတစေ ကျွန်တော်နှင့် အတွေ့အထိရှိနေခဲ့ကြပါသည်။ သူ့ဘာသာ တိုက်ခတ်လာရာ အရပ်လည်း ပြောင်းတတ်ပါသည်။ ကျွန်တော့်အဖို့မှာမူ ထူးခြားမသွားပါ။ ကျွန်တော်ရှိရာအခန်းမှာ ပြတင်းပေါက်ရှိသော်လည်း တံခါးရွက်မရှိသဖြင့် လေမျိုးစုံတို့ ကျွန်တော်ရှိရာ အခန်းအတွင်း အချိန်မရွေး ဝင်–ထွက်နေကြပါသည်။ ထိုအခန်းမှာ ကျွန်တော် စိတ်ကြိုက်ရွေးထားသော အခန်းဖြစ်၍ ကျွန်တော်က တစ်ဦးတစ်ယောက်ကိုမျှ အပြစ်တင်ရန်အကြောင်းမရှိပါ။ ထို့အတူ တစ်ဦးတစ်ယောက်ယောက်က ကျွန်တော့်ကို အပြစ်တင်မည်ဆိုသော် ဈေးရပ်ကွက်ထဲက ဆင်ခြင်ခြင်းကို အသုံးချမှန်း မသိရှာသော ကာလသားကလေးများပြောသကဲ့သို့ "တောမှာသွားပြော" ဟူ၍သာပြောရပါတော့မည်။ ကျွန်တော်ကိုယ်တိုင်လည်း ဤပြတင်းတံခါးပေါက်မှသာ ဝင်ထွက်သွားလာပါသည်။ တည့်တည့် ပြောမှသာ နားလည်မည်ဆိုလျှင် ကျွန်တော်ရှိနေရာအခန်းမှာ၊ ဝင်ရန်ထွက်ရန် တံခါးပေါက်ရှိသည် မဟုတ်။ ရှိရန်လည်း လိုအပ်သည်ဟု ကျွန်တော်တစ်ရံတစ်ဆစ်ကမျှ မထင်မိပါ။တံခါးမတစ်ပေါက်ရှိနေခြင်းဖြင့် ဝင်ထွက်သွားစရန်လွယ်ကူ သည်မှန်သော်လည်း ကျွန်တော်သည် မည်သည့်ကာလနှင့် ဒေသတစ်ခုအတွင်းကိုမှ ဝင်ထွက်သွားလာလိုလှသည် မဟုတ်ပါ။

ထို့အတူ ပယောဂ တစ်စုံတစ်ရာကမှ ကျွန်တော့်အား စေ့ဆော်တိုက်တွန်းခဲ့သည် မရှိပါ။ ကျွန်တော်သည် ကျွန်တော်၏ဖြစ်နေရခြင်းအတွင်းတွင်ပင် ဝင်ထွက်သွားလေ့လာရှိပါသည်။ ဝင်ထွက်သွားလာကာ သာယာ၍သာနေမိတတ်ပါသည်။ ပြတင်းတံခါးပေါက်မှတစ်ဆင့် မြင်ရတတ်သော သူ့ဘာသာ ဖြစ်နေသောလောကကြီးမှာ ကျွန်တော်နှင့် ပတ်သက်နေသော်လည်း ကျွန်တော်နှင့် များစွာ မဆိုင်လှ။ ထို့အတူ ကျွန်တော်ပေါင်းမြောက်မြားစွာ၏ ဖြစ်ရှိနေခြင်းမှာ သူ့ဘာသာဖြစ် ရှိနေသော လောကကြီး၏ ဖြစ်–ရှိနေခြင်းနှင့် ဆိုင်ပုံမရပါ။ လောကကြီးမှာ ကျွန်တော်တို့၏ အသိအမှတ်ပြုခြင်းကိုသာခံရပါသည်။ လောကကြီး၏ အသိအမှတ်ပြုခြင်းကို ကျွန်တော်တို့ ခံရသည် မဟုတ်ပါ။ ဖြစ်ပျက်ပြောင်းလဲခြင်းတို့ အပေါ်ခံစားခြင်း၊ သာယာခြင်းသည် ကျွန်တော်တို့ ကျူးလွန်လေ့ရှိသော အမှားပေါင်းများစွာ အနက်တစ်ခုသာ မဟုတ်ပါလား။ စင်စစ် ကျွန်တော်တို့၏ အပြစ်ရှိနေခြင်းအပေါ် သူ့ဘာသာဖြစ်နေသော လောကကြီးက ဒဏ်ခတ်ခြင်းတစ်ရပ်သာ ဖြစ်ခဲ့သည် မဟုတ်ပါလား။ ကျွန်တော်တို့၏ ရှိနေခြင်းနှင့် မရှိတော့ခြင်းများကြောင့် လောကကြီးတွင် ထူးခြားမှု မရှိသဲ့သို့ ကျွန်တော်တို့တွင်လည်း ထူးခြားမှုမရှိခဲ့ပါ။ ရှိနေခြင်းနှင့် မရှိတော့ခြင်းကြောင့် ထူးခြားမှုရှိခဲ့ရသူမှာ ရှိနေခြင်းကို ခံစားနေရသေးသော ကျွန်တော်တို့သာ ဖြစ်ခဲ့သည် မဟုတ်ပါလား။ ထိုခံစားရခြင်းအဖြစ်ကို သိခဲ့ရပြီဟု ဆိုခဲ့သောအခါ ထိုအသိ

www.burmeseclassic.com


ပညာမှာ နှောင်းခဲ့ပါပြီ။ မနေ့ညကပင် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ပြီဖြစ်သော ညီကလေး မောင်ချစ်ဖို့အတွက် လောကကြီးသည် ပြောင်းလဲ၍ မသွားခဲ့သော်လည်း ကျွန်တော်၏ဖြစ်ရှိနေခြင်းအတွင်းမှ သိမှတ်ခံစားမှု အလုံးစုံမှာ ပြောင်းလဲ၍သွားခဲ့ပါပြီ။ ထိုပြောင်းလဲခြင်းများစွာအတွင်း ကျွန်တော်၏အသိတရားတို့မှာ ပြောင်းလဲခဲ့ပါသည်။ ညီကလေးမောင်ချစ်ဖို့၏အမှားများကိုလည်း တွေ့လိုက်မိပါပြီ။ စင်စစ်ညီကလေးမောင်ချစ်ဖို့၏ ပထမဦးဆုံးသော အမှားမှာ ချစ်ခြင်း၏ဝင်ထွက်သွားလာရာ လမ်းမကြီးကို ဖွင့်လှစ်ထားခဲ့ခြင်းသာ ဖြစ်သည်။ အကယ်၍သူသာ ထိုချစ်ခြင်း၏ ဝင်ထွက်သွားလာနေရာလမ်းမကြီးကို ပိတ်ဆို့ထားနိုင်ခဲ့ပါလျှင်သူ၏လောကကြီး သူနှင့်ပတ်သက်သော လောကကြီးမှာပိုမိုတင့်တယ်နေခံပေမည် ဟု ကျွန်တော် ထင်ပါသည်။ သူက လက်ခံထားရှိခဲ့သော လမ်းမကြီးတစ်ကြောမှ ချစ်ခြင်းတို့ သူ့ထံဝင်ထွက်သွားလာခဲ့သည်တွင် ညီကလေးသည်အချစ်ခံခြင်းတို့၏ အကြား၌မွေ့လျော်ခဲ့ပါသည်။ အချစ်ခံလိုခြင်းသည် ပထမအမှား၏အရှေ့က အမှားတစ်ခုသာ ဖြစ်ပြီး ပြန်လည်ချစ်ခြင်းသည် ပထမအမှား၏နောက်မှ အမှားတစ်ခုသာ ဖြစ်သည် မဟုတ်ပါလား။ ညီကလေးမောင်ချစ်ဖို့ကမူ အချစ်ခံရသဖြင့် တုံ့ပြန်ရသည်ဟု ပြောလေ့ရှိသော်လည်း ထိုအပြောမျိုးကို ကျွန်တော် လက်မခံချင်လှပါ။ ဆင်ခြင်ခြင်းဆိုသည်ကို နားမလည်တတ်သောအရွယ်ကို ဆင်ခြင်တုံတရားအကြောင်း ကျွန်တော် မည်သို့ရှင်းပြပါမည်

လဲ။ "ချစ်ခြင်း"၏ ဆန့်ကျင် ဘက်မှာ "မုန်းခြင်း" မဟုတ်။ "မချစ်ခြင်း"သာဖြစ်သည်ကို ကျွန်တော် မည်ကဲ့သို့ ရှင်းရပါမည်လဲ။ ကျွန်တော်တို့တွင် အစဉ်အလာအရ မရှိခဲ့သော ဆင်ခြင်ခြင်းစနစ် တစ်စုံတစ်ရာကို မည်သို့အားကိုးရပါမည်လဲ။ ဆင်ခြင်ခြင်းစနစ်များအပေါ် ငြင်းဆိုလာကြသော ကာလကြီးတွင် ကျွန်တော်၏ သိမှုတစ်စုံတစ်ရာကို အခြား "လူ" တစ်ယောက်ထံ မည်သို့ပြန့်နှံ့စေရပါမည်လဲ။ သိမှုများနှုန်းစံများ တန်ဖိုးများ၊ စသည်တို့ကို ဒွေးရောယှက်တင် လက်ခံကြသော၊ မော်ဒန်လွန်ကာလကြီးတွင် ကျွန်တော်မှန၍ သူမှားကြောင်း မည်ကဲ့သို့ ကျွန်တော်က ပြောရပါမည်လဲ။ ခွေးတစ်ကောင်သည် ကြောင်တစ်ကောင် မဟုတ်သောကြောင့်သာ ဖြစ်ပါသည်။ သို့ရာတွင် "ချစ်ခြင်း" မှာ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် မဟုတ်ပါ။ ဤတွင် ကျွန်တော်ပြောသည်ကို လက်ခံကြစေလိုပါသည်။ "ချစ်ခြင်း" သည် ဘာဘာ–ညာညာ ဟု ယတိပြတ် ကျွန်တော် မပြောတတ်သော်လည်း "ချစ်ခြင်း" သည် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင်ကဲ့သို့ ခြေလေးချောင်းပါသော သတ္တဝါ တစ်ကောင် မဟုတ်သည်မှာ သေချာပါသည်။ ခွေးတစ်ကောင် ကြောင်တစ်ကောင်နှင့် တန်းတူထားနိုင်သည်မှာ ညီကလေး မောင်ချစ်ဖို့သာ ဖြစ်ပါသည်။ အကြောင်းမှာ ညီကလေးမှာ၊ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင်ကဲ့သို့ "အချစ်ခံအရာ" တစ်ခုသာဖြစ်ခဲ့သည် မဟုတ်ပါလား။ အဆိုးရွားဆုံး ကိစ္စမှာ "အချစ်ခံအရာ" သည် သူ့ဘာသာရပ်

www.burmeseclassic.com


တည်မနေနိုင်ခြင်း ဖြစ်သည်။ လောကကြီးကမူ သူ့ဘာသာ ရပ် တည်နိုင်သည်။ “အချစ်ခံအရာ” သည် ချစ်လာခြင်း အပေါ် တုံ့ပြန်တတ်ကြသည်က များသည်မဟုတ်ပါလား။ ကျွန်တော်ပြောသည်ကို မယုံပါနှင့်။ ညီကလေး မောင်ချစ်ဖို့ ၏ အဖြစ်ကိုသာ ကြည့်ပါ။ သူသည် အချစ်ခံအရာဖြစ်လို ခြင်း၊ အချစ်ခံမည့် အရာများကို ရှာဖွေ၍ဖန်တီးခြင်း၊ အချစ် ခံအရာတစ်ခု၏အဖြစ်တွင် ချစ်ခြင်းအား လက်ခံခြင်း၊ ငြင်း ဆိုခြင်း၊ အခြားသော အချစ်ခံအရာတို့ထံမှ ချစ်ခြင်းဖြင့်သာ တုန့်ပြန်စေလိုခြင်း စသည် ချစ်ခြင်း၏သောကများစွာဖြင့် ဘဝတစ်ခုကို တည်ဆောက်ခဲ့သည် မဟုတ်ပါကလား။ “ချစ်ခြင်းသည် အပြစ်ကင်းလှပါ၏ ” ဟု လောဒ်ဘိုင်ရွန်၏ ကဗျာအပိုင်းအစတစ်ခုကို ရွတ်လေ့ရှိသော ညီကလေးမှာ ယခုအခါ အပြစ်ကင်းလှသည် ချစ်ခြင်း၏ ယုတ္တိနည်းလမ်း တစ်ကျ တည်ဆောက်ထားခြင်း မရှိသော အကြိုးဆက်များ အောက်တွင် အေးငြိမ်းသာယာစွာ ရှိခဲ့ပြီထင်သည်။ ချစ်ခြင်း မှာ ဆောင်းအခါ မြောက်ဘက်အရပ်သို့ ပြန်သွားတတ်ကြ သော ငှက်ငယ်များကဲ့သို့ မဟုတ်ကြောင်း၊ ညီကလေးမောင် ချစ်ဖို မသိသည်ကို ကျွန်တော် သိနေကြောင်း သူက မသိခဲ့ သည့်အကြောင်း ကျွန်တော်က သိနေခဲ့ပါသည်။ သူက သူ သိနေသည်ဟု ထင်နေခဲ့သောအကြောင်းအရာများစွာအနက် ချစ်ခြင်းမှာ ခံစားမှု တစ်စုံတစ်ရာကို ဖော်ထုတ်ပေးနိုင် “အသိပညာ” တစ်ခုသာ ဖြစ်နေကြောင်းဖြစ်ပါသည်။ သို့ရာ တွင် ညီကလေး မောင်ချစ်ဖို့သည် ချစ်ခြင်းကို အပြစ်ကင်း

လှသော အသိပညာတစ်ရပ်အဖြစ် တစ်ခါကမျှ လက်ခံထား ခဲ့ခြင်း မရှိပါ။ ကျွန်တော်ကသာလျှင် "ချစ်ခြင်း" မှာ သူ့ဘာ သာသူ ဖြစ်နေသော လောကကြီးအတွင်းမှ လူသားကို ကိုင်လှုပ်စေနိုင်သည့် အသိပညာတစ်စုံတစ်ရာသာ ဖြစ် ကြောင်း လက်ခံထားခဲ့ပါသည်။ ထို့ကြောင့်လည်း ရံဖန်ရံခါ ညီကလေး မောင်ချစ်ဖို့နှင့် ကျွန်တော်တို့ ဘာသာစကားကို သုံးစွဲ၍ စစ်ဆင်ကြရာ တွင် ညီကလေးက "အစ်ကိုလေးရာ၊ တစ်ခါတလေများ ဆင်စွဲရဲတိုက်ကြီးထဲက ထွက်ခဲ့စမ်းပါ" ဟု ဆိုလေ့ရှိသည်ကို ယခုတိုင် ကျွန်တော် သတိရနေမိတတ် သည်။ ကျွန်တော့်အဖို့မှာမူ ဆင်စွယ်ရဲတိုက်ထဲတွင် သယာ စဖွယ်ရှိနေသောကြောင့် အဘယ့်ကြောင့် လူတို့ စနစ်တကျ မဟုတ်ဘဲ ဖန်တီးထားသော တကယ့်ဘဝကြီးအတွင်းသို့ ဆင်းရပါမည်နည်း။ ကျွန်တော်၏ဆင်စွယ်ရဲတိုက်ကြီးတွင် စိတ်ကူးထည်များ၊ အသိပညာကိုဖြစ်စေနိုင်သော အကြောင်းများ၊ လက်ဆုတ်လက်ကိုင်မပြနိုင်သော သညာ များအကြောင်းများ ခံစားချက်တစ်စုံတစ်ရာဖြင့် ဖော်ထုတ် ထားသော်လည်း လူတကာ နားမလည်နိုင်သည့် အနုပညာ ဖန်တီးမှုများ စသည်ဖြင့် ဖော်ထုတ်ထားသော်လည်း လူ တကာနားမလည်နိုင်သည့် အနုပညာဖန်တီးမှုများ စသည် ဖြင့် အလျှံအပယ်၊ အသိပညာ ဆိုသည်မှာ နေ့စဉ်ဘဝထဲက ချစ်ခြင်းကဲ့သို့လည်းကောင်း၊ အချစ်ခံအရာများကဲ့သို့ လည်း ကောင်း၊ စိတ်ကောက်တတ်သည်မဟုတ်၊ ငြင်းပယ်တတ် သည်မဟုတ်။ လက်ခံတတ်သည် မဟုတ်။

www.burmeseclassic.com


ဘာသာစကားကို တိမ်သောနားလည်မှု အတွင်းမှ သာယာခြင်းနှင့် လှပခြင်းကို ဖော်ထုတ်နိုင်သည့် တစ်စုံတစ်ရာဖြစ်သာ လက်ခံပြီး၊ ဘာသာစကား၏ အားထုတ်ခဲ့မှုများအပေါ် အသိအမှတ်မပြုဘဲ နေတတ်သော စိတ်ကူးယဉ်ဝတ္ထုဖတ်ကောင်ကလေး၊ ကောင်မလေးများကဲ့သို့ မှားခြင်းကို နှောင်းကာလတစ်ခုတွင်မှာမှ၊ ဖော်ထုတ်ပေးတတ်သည် မဟုတ်။ သို့ရာတွင် ကျွန်တော်ပြောနေသော အသိပညာဆိုသည်မှာ မှားခြင်း၊ မှန်ခြင်းကို ဖော်ထုတ်ပေးသည့် ကိရိယာတန်ဆာပလာတစ်ခု မဟုတ်ကြောင်းကိုမူ မေ့မထားစေလိုပါ။ "...ယုံမှားလွဲစွာ၊ မှောင်မဲအဝိဇ္ဇာဖုံးပိတ်ကွယ်။ ... အော်၊ တွေ့နိုင်ခဲလှတယ်။ "....။ ပြတင်းတံခါးပေါက်၏ အခြားတစ်ဖက်တွင် ရှိသောအရာများထဲတွင် ယခုအခါ ညီကလေးမောင်ချစ်ဖို့ ပါဝင်သွားခဲ့ပြီဖြစ်သောအခါ ကျွန်တော့်အဖို့ ဝမ်းနည်းခြင်းကို အခြေခံသော အသိတရားများနှင့် ရင်ဆိုင်နေရပါတော့သည်။ ဝမ်းနည်းခြင်းမှာ၊ ဝမ်းသာခြင်းကဲ့သို့ ကာလတရား၏ ဘောင်ခတ်ထားခြင်း၏ အတွင်း၌သာ ဖြစ်ပျက်နိုင်တတ်သဖြင့်၊ ထိုကာလတရား ပျက်သုဉ်းသွားသည့်တိုင်၊ ကျွန်တော့်ထံတွင် ဝေဒနာတစ်ရပ် ဖြစ်ရှိနေရစ်ပါတော့မည်။ ဝမ်းနည်းခြင်းကို ဖြစ်စေခဲ့သော၊ ပယောဂမှာ "ချစ်ခြင်း"သာ ဖြစ်သော်လည်း၊ ကျွန်တော်၏ သိမှုအတွင်းရှိ အာကာသတစ်စုံတစ်ရာတွင် နေရာယူထားခဲ့သည်မှာ ပြန်လည်တွေ့ရတော့မည် မဟုတ်တော့သည့် ညီကလေး မောင်ချစ်ဖို့၏ ပျောက်ဆုံးသွားခဲ့ပြီဖြစ်သော အကြောင်းတစ်ရပ်သာ ဖြစ်ခဲ့

ပါပြီ။ ထိုအရာမှာမူ ဝေဒနာတစ်ရပ်သာ ဖြစ်ပါသည်။ ဝေဒနာမှာ အသိပညာတစ်ရပ် မဟုတ်၍ ကျွန်တော်က ငြင်းပယ်ခြင်း လက်ခံခြင်းပြုရန်မှာ ခက်ခဲခဲ့ပါပြီ။ ကျွန်တော်သိရှိထားခဲ့ပြီဖြစ်သော အကြောင်းများအနက် "ချစ်ခြင်း"၏ ရှိနေခဲ့မှု" မှာ ပါဝင်ခဲ့ပြီးပါပြီ။ ကျွန်တော်ငြင်းဆိုရမည်မှာ "ချစ်ခြင်း" သာဖြစ်ခဲ့ပါပြီ။ လသာသောညများတွင် ကောင်းကင်ယံရှိ လမင်းကြီးအား ကြည့်ကာ ငယ်စဉ်ကကဲ့သို့ ထမင်းဆီဆန်း ရွှေလင်ပန်းအား တောင်းဆိုရန် မလိုတော့သော်လည်း၊ "ချစ်ခြင်း" ကို ငြင်းဆိုခဲ့ပြီးနောက် "ချစ်ခြင်း၏ ရှိနေခဲ့မှု" ကို လက်ခံခဲ့ရပြီ ဖြစ်တော့သည်။ ရံဖန်ရံခါ ကောင်းကင်ယံကို ကြည့် ... ရင်း၊ ရည်ညွှန်းချက် တစ်စုံတစ်ရာ မပါဘဲ "ပြောလိုက်ပါ့ လဝန်းသော်တာရေ ... ပြောလိုက်ပါ လဝန်းသော်တာရေ" ဟု ရေရွတ်နေခြင်းဖြင့်သာ ကျွန်တော့်၌ ကပ်ငြိခဲ့သော ဝေဒနာတို့၏ ကုန်ဆုံးချိန်ကို စောင့်ရပါတော့မည်။ တကယ့်ဘဝထဲက လူများကွယ်လွန်သွားသည်အခါ တစ်စုံတစ်ရာမျှ မကျန်ရစ်ခဲ့ကြောင်း သင့်တို့လည်း ကြားခဲ့ဖူးပါလိမ့်မည်။ သို့ရာတွင် ဆင်စွယ်ရဲတိုက်ထဲက လူများ ကွယ်လွန်သွားသည့် အခါတိုင်း သူတို့၏စိတ်ကူးစိတ်သန်း အများအပြားတို့မှာ လေထဲတွင် ဝဲပျံကခုန်၍ ကျန်ရစ်ခဲ့တတ်ကြောင်းကိုမူ သင်တို့ကြားဖူးခဲ့ကြပုံမပေါ်ပါ။ သို့အတွက် ယခုကပင် မှာထားခဲ့ပါရစေ။ အကယ်၍ ချစ်ခြင်းကို အခြေခံ၍ ဆုံးရှုံးခဲ့ရသော ညီကလေးမောင်ချစ်ဖို့နှင့် ပတ်သက်သည့် ဝေဒနာများ ကျွန်တော့်ထံ

www.burmeseclassic.com


တွင် တည်ဆဲ။ ကျွန်တော် ကွယ်လွန်ခဲ့သော တံခါးရွက်မရှိသော ကျွန်တော်၏ အခန်းပြတင်းပေါက်ကို တစ်စုံတစ်ရာဖြင့် ပိတ်ဆို့ထားလိုက်ကြစေလိုပါသည်။ သို့မှသာ ကျွန်တော့်၏ မျက်ကွယ်တွင် ကျွန်တော်၏စိတ်ကူးထည်များမှာ ပျော်ရွှင်မြူးထူးစွာ ကခုန်နေရစ်ခွင့် ရသွားကြပေတော့မည်။ ကျွန်တော့်အတွက်မှာမူ မပူပင်ကြစေလိုပါ။ ချစ်ခြင်းဖြင့် ... ချစ်ခြင်းကြောင့် ... ချစ်ခြင်းအတွက် ... သေဆုံးခဲ့ရသူများ၏ စာရင်းတွင် မပါခဲ့ရုံမျှနှင့်ပင် ကျွန်တော်က ကျွန်တော့်ပြီး ဘာသာစကားအသစ် တစ်စုံတစ်ရာကို တီထွင်ကာ အသိပညာတစ်စုံတစ်ရာကို ထုတ်လုပ်ရင်းခြင်း ကျေနပ်ပျော်ရွှင်စွာ နေပါမည်။ တံခါးရွက်မရှိသော ပြတင်းပေါက်မှ အရင်ကလိုပင်အပြင် ဘက်ကိုကြည့်၍သာ နေစမ်းပါရစေ။

(In memories of Sigfrid Skjitfaurt and Georgina.)

**မြရိပ်ညိုမဂ္ဂဇင်း၊ အမှတ် ၇။ ဇွန်လ ၁၉၉၈။**

# ပန်းချီဆရာနှင့် သွားရောက်နေထိုင်ခြင်း

ခြောက်သွေ့၍ ပျင်းရိဖွယ်ရှိသော နေ့တစ်နေ့က မငြီးငွေ့နိုင်သေးသော ကျွန်တော်သည် ကျွန်တော်၏ သူငယ်ချင်း ပန်းချီဆရာကို သတိရလိုက်မိပါသည်။ လောကကြီး၏ ပျင်းရိဖွယ်ရှိနေခြင်းကို စဉ်းငယ်မျှ မပြုတတ်သောသူ့ကို ကျွန်တောက် သတိရလိုက်မိခြင်းတွင် "သတိရလိုက်မိခြင်း" ဟူသော အကြောင်းတစ်စုံတစ်ရာ ထက်ပို၍ စနစ်တကျ တည်ဆောက်ထားသော ဆင်ခြေတစ်စုံတစ်ရာကို ကျွန်တော်က တည်ဆောက်ပြနိုင်လိမ့်မည် မဟုတ်ပါ။ အကယ် ၍ ခိုင်မာသော ဆင်ခြေတစ်စုံတစ်ရာ မပေးနိုင်ခြင်းအတွက် ကျွန်တော့်ကို တစ်ယောက်ယောက် အပြစ်တင်မည်ဆိုသော် ယခုအခါများတွင် ကျွန်တော်က သည်းခံတော့မည် မဟုတ်ပါ။ ဆင်ခြေနည်းလမ်းတစ်ကျ တည်ဆောက်ထားသည်ဟု ဆိုသော ယုတ္တိပုံစံ၊ ယုတ္တိစနစ်အများအပြားမှာ

www.burmeseclassic.com


စာအုပ်ထူထူကြီးများထဲမှ ခုန်မထွက်နိုင်ဘဲ၊ သာရေဖုံးစာအုပ် ထူထူကြီးများထဲတွင်ပင် ကွယ်လွန်အနိစ္စရောက်သွားလေ့ရှိကြကြောင်း၊ သင်တို့ တစ်ရံတစ်ဆစ်ကမျှ မကြားခဲ့ဖူးလား။

ယခုကဲ့သို့ပင် ပျင်းရိဖွယ်ကောင်းသောအခါ တစ်ခုအတွင်း ကျွန်တော်သည် ယုတ္တိနည်းလမ်းတကျ ဆင်ခြင်ထားသော ဆင်ခြေများကိုဖြစ်စေ၊ A သည် B ထက် ကြီး၍ B သည် C ၌ အကျုံးဝင်သဖြင့် နှင့် တို့ကလည်း အပြန်အလှန် ဆက်နွယ်မှုရှိကြသောကြောင့်၊ သကာကဲ့သို့ မချိုသော ဆားမှာ၊ ငန်မြဲငန်သည်ဟု အခိုင်အမာ သက်သေပြနိုင်သော၊ ဖရန်စစ်ကိုပီ၏ ကမြောက်ကခြောက် သဗ္ဗာယုတ္တိနည်းလမ်းများကိုဖြစ်စေ၊ သို့မဟုတ် လူအားလုံးများမှာ သေမျိုးဖြစ်သည်ဟု ကြိမ်ဖန်များစွာ ပြောဆိုရင်း၊ သေဆုံးသွားကြရှာသော ကောလိပ်ကျောင်းဝင်းထဲမှ အာရစ်တော်တယ်(လ)၏ နောက်လိုက်၊ အစဉ်အလာယုတ္တိသမားများ အကြောင်းကိုဖြစ်စေ၊ ကျွန်တော် မစဉ်းစားလိုပါ။ မစဉ်းစားချင်ပါ။ မစဉ်းစားခဲ့ပါ။

ခဲတစ်ပစ်လောက်အကွာမှ နေ၍ ပျင်းရိဖွယ်ကောင်းသော လောကကြီး၏ ဖြစ် ရှိနေခြင်းအကြောင်းကို မဆင်မခြင် ခံစားနေစမ်းပါရစေ။ ပျင်းရိငြီးငွေ့ဖွယ်ရှိနေခြင်းများကို အပေါင်းအသင်း၊ အဆက်အဆံမရှိခဲ့သော ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာထံသွားကာ ငြီးငွေ့ဖွယ်ရှိခြင်းများနှင့် ကျေနပ်သာယာစွာ နေပါတော့မည်။

သင်လည်း လိုက်ခဲ့စေချင်ပါသည်။

*

ကျွန်တော့်သူငယ်ချင်းပန်းချီဆရာသည် ကရင်ကနှင့် အရင့်အရင့်ကလိုပင် ဖြစ်သည်။ ကာလတရားများကို သူက သတ်ဖြတ်ပစ်လိုက်ပြီးလား မပြောတတ်ပါ။ ပြုပြင်ပြောင်းလဲတတ်သည်ဟု ဆိုသော ကာလတရားကြီး၏ ဖြစ်ပျက်တရားများအတွင်း၊ သူသည် နုပျိုမလာသည်သာမက ရင့်ကျက်၍လည်း မသွားခဲ့ပါ။ သူ့တွင် ရှိခဲ့ဖူးသော နာရီတစ်လုံးမှာလည်း ဒါလီက ယူ၍ ပန်းချီဆွဲပစ်သောကြောင့် အရည်ပျော်သွားခဲ့ပြီဟူ၍ပင်၊ ကျွန်တော်က တွေးလိုက်မိသော်လည်း မဖြစ်နိုင်ကြောင်း ကျွန်တော့်ဖာသာ သိလိုက်မိပါသည်။ ပစ္စုပ္ပန်တရားကြီးပေါ်တွင် သူသည် အမြဲတမ်း ငုတ်တုတ်ထိုင်နေခဲ့ပါပြီလားဟု ရံဖန်ရံခါ ကျွန်တော်တွေးကြည့် မိတတ်ပါသည်။

"လာဟေ့၊ သူငယ်ချင်း၊ မင်းကတော့ အရင်ကလိုပါပဲလား။ အရင်ကလိုပဲ။ လောကကြီးရဲ့ ကစဉ့်ကလျားဖြစ်နေပုံတွေနဲ့၊ မင်းရန်ဖြစ်နေတုန်းပဲဆို။ မင်းရဲ့ စနစ်တကျဆိုးသွမ်းမှုအကြောင်းလဲ ငါ ကြားပ"၊ ... အစရှိသဖြင့် သူက နှုတ်ဆက်လိုက်သောအခါ သူသည် ကျွန်တော်ဖြစ်သွား၍ ကျွန်တော်က ကျွန်တော်၏ သူငယ်ချင်း ပန်းချီဆရာ ဖြစ်သွားပါပြီလား ဟု ဝေဝါးမှုအရင်းခံကာ တွေးလိုက်မိပါတော့သည်။ စင်စစ်၊ ထိုအတွေး တွေးမိသူမှာ ကျွန်တော်သာ ဖြစ်ပါသည်။

www.burmeseclassic.com


"မင်းလာတာနဲ့အတော်ပဲ။ မကြာခင်ကပဲ ငါလည်း ကားတစ်ကားဆွဲနေလေရဲ့။ မင်းဆီက မင်းပြောနေကြ ဝေဖန်နေကြ ... သည်လိုဆို မကောင်းဘူးလား၊ သည်ဟာက ဟိုလိုမဖြစ်သင့်ဘူးလား။ အပြာရောင်အစားအဝါရောင် ထည့်ရင် မကောင်းပေဘူးလား။ ... စသည်ဖြင့် ပြောစမ်းပါဦး" ဟု သူက ပြောသောအခါတွင်မှ သူသည် ကျွန်တော် မဟုတ်ကြောင်း သိသာသွားပါသည်။ ကျွန်တော့်ကို ကျွန်တော်မှန်းလည်း သိလိုက်မိသည်သာမက ကျွန်တော်သည် ပန်းချီဆရာလည်း မဟုတ်၊ အနုပညာသည်လည်း မဟုတ်ကြောင်း မှန်းဆကြည့်၍ရခဲ့ပါပြီ။

ကျွန်တော်ကလည်း "သည်မယ်ဟေ့၊ သူငယ်ချင်း။ သည်တစ်ခါ မင်းဆီလာတာ အဲသလိုမျိုးတွေ ပြောရ၊ ဆိုရအောင် မဟုတ်ဘူး။ မင်းနဲ့ ငါနဲ့ ငယ်ငယ်တုန်းကလို မိုးဦးကျမှာ ရေစပ်စပ်ချောင်းကလေးထဲဆင်ပြီး ငါးကလေးတွေ ဖမ်းကြသလို နေချင်လို့လာခဲ့တာပဲ" အစချီ၍ သူ့ကို ပြောလိုက်မိပါသည်။ ထိုအခါက သူ၏မျက်လုံးများ၊ မျက်နှာထားများအပေါ်သို့ အံ့သြခြင်းများစွာသည် ခုန်ပေါက်ကာ တက်လာခဲ့ကြောင်း၊ ကျွန်တော်က သတိပြုမိလိုက်သော်လည်း၊ သူက သတိပြုမိပုံမပေါ်ခဲ့။

*

ထို့နောက် ပျင်းရိဖွယ်ကောင်းလှသည့်အခါ တစ်ခုကို ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်သား ဝေမျှခံစား

ကြပါသည်။ သူသည် သူ၏ဆွဲလက်စပန်းချီကားပေါ်တွင် ဆေးရောင်များပစ်ရင်း၊ ကျွန်တော်တို့ငယ်စဉ်က ငါးမျှားသွားကြခြင်း အကြောင်းများ၊ ချိုးတယ်သွားခဲ့ကြခြင်း အကြောင်းများ မြစ်ထဲတွင် ရေချိုးဆင်းခဲ့ကြပုံ အကြောင်းများကို ပြောနေခဲ့ပါသည်။ ကျွန်တော်ကလည်း သူ၏ပန်းချီကားထဲက အရောင်များ သဟဇာတမရှိလှပုံများအကြောင်းကိုပြောရင်း၊ နွေအခါတွင် နေသည် အလွန်ပူကာ၊ မိုးအခါတွင် မိုးအလွန်ရွာခဲ့ပုံများနှင့် ငယ်စဉ်က သရက်သီးခိုးပစ်ခဲ့ကြပုံများကို ပြောနေမိခဲ့ပါသည်။

ကျွန်တော် သူငယ်ချင်း ပန်းချီဆရာက ပန်းချီဆွဲခြင်းကို ခေတ္တရပ်နားလိုက်သောအခါတွင် ကျွန်တော်တို့ နှစ်ယောက်သား ကွင်းပြင်ထဲသို့ ထွက်၍သစ်ပင်ရိပ် ကောင်းကောင်း တစ်ခုအောက်တွင် ထိုင်ရင်း၊ မျက်စိရှေ့တွင် ရှိရှိသမျှတို့အား မမောမပန်းကြည့်နေလိုက်မိကြပါသည်။ ကွင်းပြင်ကြီး၏အလယ်နားက စမ်းချောင်းကလေးတစ်ခုသည် ကွင်းပြင်ကြီးကန့်လန့်ဖြစ်သလို ဖြစ်နေသည်ကို ကျွန်တော်က မကျေမနပ်ဖြစ်နေမိသော်လည်း သူက တောရိပ်တောင်ရိပ်များ ဆွဲလေ့ရှိသော ဆရာကြီးဦးလှရှိန်၏ ပန်းချီကားများတွင် ညာဘက်မှ အလင်းရောင်ဝင်လေ့ရှိကြောင်း၊ ကျွန်တော့်ကို ရှင်းပြနေပါသည်။ သူ့ကို ကျွန်တော် နားမလည်နိုင်သောအကြောင်းအရာပေါင်း မြောက်မြားစွာအနက်၊ သူသည် အဘယ့်ကြောင့် လောကကြီးကို သူ့ဖက်မှသာ သူရှုမြင်ကာ ကျေနပ်နေခဲ့ခြင်းလည်း ပါဝင်ပါသည်။

www.burmeseclassic.com


စိမ်းလန်းသော ကွင်းပြင်ထဲသို့ ကြုံလှီသော နွားသားအမိတစ်သိုက် ဝင်ရောက်လာသောအခါ နွားမိသားတစ်ခုမှာ ကွင်းပြင်၏သာယာလှပနေမှုနှင့် သဟဇာတမဖြစ်နိုင်ကြပါသနည်း။ လောကကြီးတစ်ခု၏အတွင်း ကိုးလိုးကန့်လန့် အရာပေါင်းများစွာ မည်ရွေ့မည်မျှ ရှိနေကြပါသနည်းဆိုသည်ကို ကျွန်တော်သိချင်လှပါသည်။ "သည်မယ်ဟေ့၊ သူငယ်ချင်း၊ ဆရာဦးစောမောင်ရဲ့ နွားဟာတကယ့်နွားတွေထက် နွားနဲ့ ပိုတူသေးတယ်" ဟု သူကပြောသောအခါ ကျွန်တော် လန့်နိုးသွားပါတော့သည်။

သို့သော်လည်း သူ့အမြင်များမှာ ကျွန်တော့်အမြင်များ မဟုတ်မူ၍ သူပြောသမျှကို ကျွန်တော် နားမလည်နိုင်ခဲ့ခြင်းကို အားလုံးက ခွင့်လွှတ်ကြစေလိုပါသည်။ ဆရာကြီးဦးစောမောင်၏ နွားပုံပါ ပန်းချီကားများကို ကျွန်တော်ကြည့်ခဲ့ဖူးသော်လည်း ကျွန်တော့် သူငယ်ချင်း ပြောသကဲ့သို့ ကျွန်တော်တစ်ခါကမျှ မမြင်မိ။ ထိုအသိမျိုးလည်း တစ်ခါကမျှ မဖြစ်ခဲ့။ ကွင်းပြင်ထဲက နွားမိသားတစ်စုထက် ပို၍နွားနှင့်တူသော ပန်းချီကားထဲက နွားများအကြောင်းကို ကျွန်တော်က စိတ်ကူးထဲတွင် ပုံဖော်ကြည့်ရင်း၊ တကယ့်ဘဝကြီးကို ရန်ဖြစ်ချင်လာပါသည်။ ထို့မျှသာမက ကျွန်တော့် သူငယ်ချင်း ပန်းချီဆရာကိုလည်း ရန်ဖြစ်ချင်မိပါသည်။

"မင်းကတော့ ငါနဲ့တစ်သဘောတည်းဖြစ်ချင်မှဖြစ်မယ်။ ငါကတော့ အနုပညာဆိုတာ ပုံတူကူးတာပဲလို့

ဆိုတဲ့ စောစောပိုင်းက ရသသီဝရီတစ်ခုကို သဘောကြတယ်။ သဘာဝတရားကို ပုံတူကူးတာဆိုရင် ဖြစ်နိုင်တယ် မဟုတ်လား။ အေး ... မင်းကတော့ ဘာဘာဝတရားကြီးနဲ့ အမြဲရန်ဖြစ်ချင်တဲ့သူကိုး။ မင်းနဲ့ငါတစ်သဘောတည်း မဟုတ်သည့်တိုင်၊ ငါကတော့ မင်းနဲ့ဖက်ပြီး မငြင်းနေချင်တော့ဘူး။ မင်းသဘောကျတယ်ဆိုတဲ့ အနုပညာဖန်တီးမှုတစ်ရပ်ပဲ ဆိုတာတော့ ငါလည်း သဘောအကျသား၊ ဒါပေမယ့် အသေချာတော့ မပြောတတ်ဘူး။ လေးဒေါင့်ကွက်၊ သုံးမြှောင်ကွက်တွေနဲ့ ဆွဲထားတဲ့ အငြိမ့်သမပုံကို စာပေဗိဗာန် ပန်းချီပြပွဲမှာ ကြည့်ခဲ့ရတုန်းကလည်း ငါအကြိုက်သား၊ မင်းကသာ ခုထိကြိုက်တယ်လို့ မပြောသေးတော့။ နေစမ်းပါဦး။ မင်းကြိုက်လှချည်ရဲ့ဆိုတဲ့ ကောင်မလေးတွေကိုကော မင်းတကယ်ကြိုက်တာမှ ဟုတ်ရဲ့လား။ ပြောစမ်းပါဦး"

ယခုအခါတွင် ကျွန်တော် မပြောလိုလှသည့် အကြောင်းများကို ကျွန်တော့်သူငယ်ချင်းက ပြောစေချင်နေသည်ကို ကျွန်တော် နားမလည်နိုင်ပါ။ ကလေးဘဝ၏ နေ့ရက်များအတွင်းကလိုပင် ဆင်ခြေတုံတရားနည်းပါးစွာဖြင့် ဘဝကိုဖြစ်သလိုပင် ခံစားနေခြင်းပါသည်။ ဖြစ်နိုင်မည်ဆိုလျှင် ထိုအခါကာလများကလိုပင် ခံစားချက်ကင်းပခြင်း များစွာကို ပင်ခံစားနေခြင်းလှသည်။ အဘယ့်ကြောင့် ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာသည် အမြဲတမ်းပြုံးနေမည့် လောကတစ်ခုကို တည်ဆောက်နေချင်ရပါနည်း။

www.burmeseclassic.com


သေဆုံးခဲ့ပြဖြစ်သော နေ့တစ်ခုအတွက် ကျွန်တော်တို့ မလွမ်းဆွေးကြတော့ပါ။ နေ့တစ်ခုသည် ၎င်း၏ ဖြစ်ပျက်တရား အတွင်း၌ပင် ညတစ်ခုအဖြစ် ပြောင်းခဲ့ပြီ ဖြစ်သော်လည်း ကျွန်တော်၏ပျင်းရိခြင်းများစွာသည် မြဲဆဲ။ ပျင်းရိခြင်းများစွာနှင့် အဆက်အသွယ်လုပ်လေ့မရှိသော ကျွန်တော့်သူငယ်ချင်းပန်းချီဆရာကမူ အရက်တစ်လုံး ဖွင့်၍သောက်နေခဲ့သည်မှာ လိမ္မော်ရောင် ကောင်းကင်ကြီး အရောင်မရင့် စကပင်ဖြစ်တော့သည်။ အကယ်၍နှင့် အကယ်၍သာလျှင် ကျွန်တော်သည် ကျွန်တော့် သူငယ်ချင်းကဲ့သို့ အရက်မသောက်ခဲ့သော် ထိုအခါကာလသည် အလိုလိုဖြစ်ပျက်နေတတ်သော လောကကြီးအတွင်း အလွန်ပျင်းရိဖွယ်ကောင်းသော ကာလတစ်ခုသာ ဖြစ်နေပါလိမ့်မည်။ ထို့နောက် ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်သားမှာ ပျင်းရိခြင်းများစွာ အတွင်း၌ပင် ကျေနပ်စွာဖြင့် အရက်သောက်နေမိကြပါတော့သည်။

"တစ်နေ့နေ့ ငါသေရင်တော့ကွာ ငါကတော့ ဗင်ဂိုးလိုပဲ သေချင်ပါတယ်" အစချီ၍ ကျွန်တော့်သူငယ်ချင်းပန်းချီဆရာက ပြောလိုက်သောအခါ ပျင်းရိဖွယ်ကောင်းလှသောအခါ ကာလတစ်ခုကို တစ်ဦးတစ်ယောက်က ငြီးငွေ့စေခဲ့ပါပြီလား ဟု ကျွန်တော်က စဉ်းစားမိလိုက်ပါသည်။ ဗင်ဂိုး၏နောက်ဆုံးနေ့များအကြောင်း ကျွန်တော် မပြောပြချင်လှပါ။ ကျွန်တော် စိတ်ဝင်တစားမရှိလှသောအကြောင်းများအနက် ဖြစ်ခြင်းပျက်ခြင်း တရားများအတွင်း ပျက်ခြင်း

တရားများအကြောင်းလည်း ပါဝင်နေပါသည်။ အရာရာသည် အဘယ့်ကြောင့် ရပ်တန့်မနေပါသလဲ ဟု ကျွန်တော် တွေးကြည့်မိတတ်သော်လည်း တစ်ခါကမျှ အဖြေရှာမတွေ့မိသည့်အတွက် ကျွန်တော့်ကို ကျွန်တော်အပြစ် တင်ချင်လှသော်လည်း မနေ့တစ်နေ့ကအထိ အပြစ်မတင်မိသေးပါ။ သင်တို့က အပြစ်တင်ကြမည်ဆိုလျှင်ပင် သင်တို့၏အပြစ်တင်ကြောင်း တစ်စုံတစ်ရာကို ကျွန်တော်က သိနှင့်ပြီးသည့်တိုင် မသိသလိုပင် နေလိုပါမည်။

ကျွန်တော့် သူငယ်ချင်းပန်းချီဆရာနှင့်အတူ ကျွန်တော်တို့ နှစ်ယောက်သား အရက်သောက်နေကြသောအခါကပင် ကျွန်တော်တို့သည် အလွန် သတ္တိရှိနေခဲ့ကြပြီဖြစ်သည်။ ကစဥ့်ကလျားဖြစ်နေသော လောကကြီးကို ကျွန်တော်တို့ လှည့်၍မကြည့်တော့ပါ။ ပန်းချီကားတစ်ချပ်ထဲတွင်သာ သွားရောက်၍ ထိုင်နေကြမိပါသည်။

ကျွန်တော်တို့နှစ်ယောက်သား မှာတစ်သဘောတည်း မဟုတ်သည့်တိုင် ဆရာဝန်အသင်းတိုက်တွင် ပြုလုပ်သော ပန်းချီပြပွဲအဝင်ဝက ယပင့်ပြောင်းပြန်ရေးထားသော ဆိုင်းဘုတ်ကိုဖတ်၍ လက်ခုတ်လက်ဝါး တီးလိုက်ကြပါသည်။

သဘော်ာဆေးနှင့် ရောစပ်ဆွဲထားသော ဆီဆေးပန်းချီကားပေါ်တွင် အက်ကွဲစပြုလာသော ဆေးအက်ကြောင်းများကိုကြည့်ကာ ကြေကွဲဖွယ်ကောင်းသော သီချင်းတစ်ပုဒ် ဆိုမိကြပါသည်။ ထိုသီချင်းမှာ မောင်ဘမောင်၏

မြစ်ကမ်းခြေအနီးမှာ အစချီသည့် သီချင်းတစ်ပုဒ် မဟုတ်သည်မှာ သေချာပါသည်။

အရက်တစ်ပုလင်းကုန်သွားသောအခါ ကျွန်တော်တို့နှစ်ယောက်သားမှာ ပျင်းရိခြင်း၏ ခရီးဆုံးတွင် ရပ်တန့်မိကြပါသည်။ ထို့ထက်လည်း ပို၍ မည်သည်ကိုမျှ ရှင်းပြနိုင်လိမ့်မည် မဟုတ်ပါ။ အပြာရောင် မိုးကောင်းကင်ကြီး၏ အောက်တစ်နေရာ၌ ကျွန်တော်တို့ ကျေနပ်နှစ်သိမ့်စွာနှင့် အတူအိပ်စက်ခဲ့ကြပါသည်။ တစ်နေ့သောအခါ ပျင်းရိငြီးငွေ့ဖွယ်ကောင်းခြင်း များစွာကို သတ်ဖြတ်၍ ကျွန်တော်နှင့် ကျွန်တော်၏ သူငယ်ချင်းပန်းချီဆရာတို့သည် အပြာရောင် မိုးကောင်းကင်ကြီး၏ အောက်တစ်နေရာ၌ ယခုကဲ့သို့ပင် ကျေနပ်နှစ်သိမ့်စွာ အိပ်စက်ကြရပါစေလေ။

*

ကျွန်တော်ပြန်တော့မည်ဟုဆိုသော် ကျွန်တော့် သူငယ်ချင်း ပန်းချီဆရာက ဝမ်းနည်းပုံ မပြပါ။ ကျွန်တော်လည်း ဝမ်းမနည်းသဖြင့် သူကလည်း ဝမ်းမနည်းပါ။ ကျွန်တော် သူ့ထံက ပြန်သွားခဲ့ပြီဆိုလျှင် သူသည် အရင်ကလိုပင် ပန်းချီဆွဲ၍လည်းကောင်း၊ သီချင်းဆို၍ လည်းကောင်း၊ အရက်သောက်၍လည်းကောင်း၊ သာနေပါလိမ့်မည်။ ကျွန်တော့်ကိုလည်း သူ သတိရသည်အခါရ၍ မရသည့်အခါ မရဘဲနေပါလိမ့်မည်။ သူ့ဆီက ထွက်ခွာလာခဲ့သော်လည်း ကျွန်တော်သည်လောကနှင့် ပတ်ဝန်းကျင်ကို

ကျေနပ်သူမဟုတ်ခဲ့။ ကြောင်းကျိုးဆက်စပ်မှု တစ်စုံတစ်ရာ မရှိဘဲ လူသွားလမ်းပေါ်က ကောက်ယူသူမဲ့ဖြစ်နေသော နို့ဆီခွက်တစ်လုံးအား ကျွန်တော်ကန်လိုက်မိသောအခါ ကျွန်တော့် ခြေမမှာ နာခဲ့ရပါသည်။

**စပယ်ဖြူ မဂ္ဂဇင်း၊ အမှတ် ၆၉၊ စက်တင်ဘာ ၁၉၉၁။**

# ပြီးပြည့်စုံသော နံနက်ခင်း၏ လိုအပ်ချက်များ

ရောက်ရှိလာခဲ့ပြီဖြစ်သော နံနက်ခင်းတစ်ခုအား ရင်ဆိုင်တွေ့ရှုံမှအပ အခြားအကြောင်းတစ်စုံတစ်ရာ မရှိ။ ပြတင်းတံခါးမှ မဖွင့်ခင်ကပင်လျှင်၊ နံနက်ခင်းတစ်ခု ရောက်ရှိခဲ့သည်ကို သိနှင့်နေခဲ့ပါသည်။ အိပ်ရာမှ ထမည်လား။ အိပ်ရာထဲမှာပင် ခံစားကြည့်နေမည်လား ဆိုသည်မှာ အခြားသော ပြဿနာတစ်ခုသာ ဖြစ်သည်။ အပြင်မှာ နေရောင်ခြည်များ တောက်ပနေပေတော့မည်။ ဆောင်းကာလ၏ နေ့တစ်ခုဖြစ်နေ၍ နေရောင်ခြည်များသည် ထင်မှတ်ထားသကဲ့သို့ ပူလောင်လှမည် မဟုတ်။ အပြင်ဘက်မှ အသံများ များစွာ ကြားရခြင်း မရှိသေးသည့်အတွက် ဈေးသည်မတို့၊ နံနက်ဈေးသိမ်းချိန် မရောက်သေးဟု ဆိုရပေမည်။ ဈေးသည်မတို့ ဈေးက ပြန်ပုံမရသေး။ ထို့ကြောင့် ဆယ်နာရီထိုးပုံမရသေး။ ပြတင်းတံခါးကို ဖွင့်လိုက်သော် ခပ်လှမ်းလှမ်းတွင် ထင်းရှူးတောနှင့် စမ်းချောင်းကလေးကို

တွေ့ရပေလိမ့်မည်။ ကံသေကံမ မပြောနိုင်ခြင်းမှာ ယနေ့ အဖို့ မတွေ့ရသေး၍ ဖြစ်သည်။ မနေ့ညကအထိ ထို ခပ်လှမ်းလှမ်းတွင် ထင်းရှူးတောနှင့် စမ်းချောင်းကလေးတို့မှာ ရှိနေခဲ့ကြပါသည်။

အိပ်ရာပေါ်မှ အပေါ်သို့ မော့ကြည့်နေမိသော အခါ မျက်နှာကျက်ကိုသာ တွေ့ရသည်။ အကယ်၍ မျက်နှာကျက်သာ မရှိခဲ့လျှင် မိုးကောင်းကင်ကြီးကို မြင်ကောင်းမြင်ရပေမည်။ ဆောင်းဥတုဖြစ်၍ ကောင်းကင်တွင် မိုးသားတိမ်ဆိုင်များရှိကောင်းရှိနေပေမည်။ ဒက်ဖိုဒေးလ်ပန်းများကို ဖွဲ့ဆိုခဲ့သော ဝဒ်ဝါသ်၏ကဗျာတွင် ကဲ့သို့၊ ကျွန်တော်လည်း မိုးတိမ်ယံတို့အပေါ်တွင် လိုက်ပါစီးနင်းသွားချင်လှသည်။ နံနက်ခင်း၏လှပနေခြင်းတစ်ခုကို ခံစားချင်မိပါသည်။ သို့ရာတွင် မနေ့ညက တိမ်းပါးသွားသော မိတ်ဆွေတစ်ဦးကို သွား၍ သတိရမိလိုက်သည်။ အကယ်၍ သူသည် ကျွန်တော်ကဲ့သို့ အနာဂတ်တစ်စုံတစ်ရာအပေါ် မျက်ရမ်းမှန်းဆဖြင့် အတွေး၊ ဝေဒနာ၊ ခံစားချက် တစ်စုံတစ်ရာတို့ကို တည်ဆောက်ထားခြင်း မရှိခဲ့သော် သူ၏ဘဝမှာ ပြီးပြည့်စုံနေခဲ့ပေပြီဟု၍သာ ဆိုရတော့မည်။ သူဘဝ၏ လိုအပ်ချက်များကို ကျွန်တော်က ဖြည့်ဆည်းမပေးနိုင်သော်လည်း ကျွန်တော်လည်း သူ၏ဘဝကဲ့သို့ ပြည့်စုံစေခဲချင်ပါပြီ။

မနေ့ညက မအိပ်ခင် ဖတ်ခဲ့သော စာအုပ်ထဲတွင် ခရီးသွားယောက်ျားတစ်ယောက်၏ (ယခုအခါ)တွင် ပြီးဆုံးခဲ့ပြီဖြစ်သော ခရီးသွားမှတ်တမ်းကို သတိရမိပါသည်။

www.burmeseclassic.com


သူသွားခဲ့သော ခရီးတစ်ခုမှပြီးဆုံးခဲ့ပြီဖြစ်၍ လမ်းဆုံးသို့ တိုင်ခဲ့ပြီဟု ဆိုနိုင်ပါသည်။ သူ အမှန်တကယ်သွားခဲ့သော ခရီးတစ်ခုမှာ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း စာလုံးများ၊ စကား လုံးများဖြင့် သွားနေခဲ့သော ခရီးတစ်ခုများမှာမူ ကျွန်တော် အတွက် လမ်းခုလပ်တွင်သာ ရှိပါသေးသည်။ ခရီးမှာသွား ၍ကောင်းလှဆဲ၊ သူသွား၍ပြီးဆုံးခဲ့ပြီးဖြစ်သော ခရီးလမ်း တစ်ခုကို ကျွန်တော်က လိုက်ပါသွားရောက်နေပုံမှာ လေစုန် တွင် မျောပါနေသော ငှက်ငယ်တစ်ကောင်နှင့်တူလှသည်။ သို့ရာတွင် မနေ့ညက တိမ်းပါးသွားခဲ့သော မိတ်ဆွေ၏ ခရီးတစ်ခုမှာမူ ပြီးဆုံးသွားခဲ့ပြီဆိုသည်မှာ မငြင်းသာတော့ ချေ။ သူ၏ခရီးတစ်ခုမှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ သူသွားခဲ့ သော ခရီးကို ဘာသာစကားတို့ဖြင့် ပြန်လည်ဖော်ထုတ်၍ မရနိုင်သည်သာမက ခရီးဆုံး၏အနေအထားမှာလည်း ပြန် လည်ဖော်ထုတ်ပြ၍ ရနိုင်သည် မဟုတ်။

အပြင်ဘက်တွင် ရောက်ရှိနေခဲ့ပြီဖြစ်သော မနက် ခင်း၏ အနေအထားမှာ ကျွန်တော်၏အခန်းထဲမှ အနေ အထားများနှင့် ကွာခြားနေပေလိမ့်မည်။ အခန်းထဲတွင် ရောက်ရှိနေသော အနေအထားမှာ အိပ်ရာ၏ဘေးဘက်တွင် ရှိသော နာရီနှိုးစက်မှ ဂဏန်းများနှင့် ၎င်းတို့ကို ညွှန်ပြနေ သော နာရီလက်တံများကြောင့်သာ ယခုအခါ ညတစ်ခု မဟုတ်သော မနက်ခင်းတစ်ခုဖြစ်နေကြောင်း သိရခြင်း ဖြစ် သည်။ အသိတရားက ပေးထားသော မနက်ခင်းတစ်ခုသာ ဖြစ်သည်။ မျက်နှာကျက်က ခံနေသဖြင့် ကောင်းကင်ပြင်

ကြီးကို မမြင်ရသော်လည်း ကောင်းကင်၌ နေရောင်ခြည်များ ပေါ်လောက်ပေမည်ဟူသော အသိထက်မပိုနိုင်တော့။ ခရီးသွားယောက်ျား၏ စာများကို ဖတ်ရှုရင်း သူနှင့်အတူ လိုက်ပါသွားနေခဲ့သော ခရီးတစ်ခုကဲ့သို့သာဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် “မရှိ”သောအကြောင်းများကို “အသိ” ဖြင့် “အရှိ” လုပ်ပြောနေပါသလား။ သို့မဟုတ် “သိရုံသာသိသောအကြောင်းများ” ကို “ရှိပေလိမ့်မည်” ဟုသော အထင်ဖြင့် “အရှိ” လုပ်ပြောနေပါသလား။ သို့တည်းမဟုတ်၊ ဘာသာစကားအားဖြင့် လောကကြီး၏ ဖြစ်ပျက်အကြောင်းများကို ကျွန်တော် တည်ဆောက်ပြနေခြင်းပါလား။ ကျွန်တော် ရှင်းမပြနိုင်ပါ။ သို့ရာတွင် မနေ့ညက တိမ်းပါးသွားခဲ့သော မိတ်ဆွေမှာမူ၊ ယနေ့မနက်ခင်းတွင် သူနှင့် ကျွန်တော် စကားမပြောနိုင်ကြတော့ပါ။

မနေ့ညက တိမ်းပါးသွားခဲ့သော မိတ်ဆွေ၏ သေဆုံးခြင်းအဖြစ်သည် အမှန်တကယ်ဖြစ်၏။ စိတ်ကူးမဟုတ်။ အတွေးမဟုတ်၊ ဘာသာစကားများအားဖြင့် တည်ဆောက်ပြထားသည်မှာ မှန်သော်လည်း သေခြင်းတရားသည် အစစ်အမှန်တစ်ခုဖြစ်သည်။ သူ၏ “မရှိတော့ခြင်း” သည် အစစ်အမှန်တစ်ခုဖြစ်လာခဲ့ပြီဖြစ်သော “ရှိမှု” တစ်ခုဖြစ်သည်။ ထို့ကြောင့်လည်း သူ၏သေဆုံးခဲ့ပြီဖြစ်ခြင်းသည် ဘာသာစကားများအားဖြင့် သတ်ဖြတ်လိုက်သောကြောင့် မဟုတ်ဘဲ အစစ်အမှန်တရားကြီး၏ ဖြစ်ရိုးဖြစ်စဉ်ကြောင့် ဟူ၍သာ ဆိုရပါတော့မည်။ ဒီလင်တောမတ်စ၏

www.burmeseclassic.com


သေခြင်းတရား နှင့်ဆိုင်သော ကဗျာတစ်ပိုဒ်ကို စိတ်ထဲမှ ရေရွတ်ကြည့်လိုက်ရင်း ခပ်လှမ်းလှမ်းက ထင်းရှူးတောနှင့် စမ်းချောင်းကလေးကို သတိရလိုက်မိပါသည်။ ယနေ့နံနက်တွင် မတွေ့ရသေး၍ ရှိ–မရှိ မပြောနိုင်သော်လည်း သဘာဝအားဖြင့် တည်ဆောက်ထားခြင်းများအတွင်း ပြောင်းလဲခြင်းတရား၏နှေးကွေးမှုကြောင့် ထင်ရှူးတောနှင့် စမ်းချောင်းကလေးတို့၏ ရှိနေခြင်းမှာ မြဲနေကြပေဦးမည်။

ခရီးသွားယောက်ျား၏မှတ်တမ်းကို ကျွန်တော်ဆက်ဖတ်ရင်းဖြင့် အပြင်ဘက်တွင် သာယာနေပေမည်ဟု အထင်ရှိထားသော နံနက်ခင်းတစ်ခုကို ကျွန်တော် ခံစားရပါမည်လား။ ကျွန်တော်သည် နံနက်ခင်း၏ သာယာလှပနေခြင်း၊ နေချင်စဖွယ်ရှိခြင်းများ အတွင်းသို့ ဝင်ရောက်ကာ ခံစားရန်မသင့်ပေဘူးလား။ ထိုသို့မဟုတ်ဘဲ၊ နံနက်ခင်းမှာ ကျွန်တော်က ဖိတ်ခေါ်ထားခြင်းမရှိဘဲ ရောက်ရှိလာခြင်းဖြစ်၍ မသိကျိုးကျွံပြုထားရပါမည်လား။ စင်စစ်၊ နံနက်ခင်းနှင့် နံနက်ခင်းများစွာတို့သည် ကျွန်တော်က ဖိတ်ခေါ်သည်ဖြစ်–မဖိတ်ခေါ်သည်ဖြစ်စေ၊ နံနက်တိုင်းတွင် ကြက်ဖတွန်သံ၊ ပဲပြုတ်သည်၏ အော်သံ၊ နေရောင်ခြည်စသည် တို့နှင့်အတူ ရောက်ရှိလာတတ်သည် အဖြစ်အပျက်များသာ ဖြစ်သည် မဟုတ်ပါလား။ သို့အတွက် ကျွန်တော်၏ ခံစားခြင်း၊ သဘောတူခြင်း၊ အသိအမှတ်ပြုခြင်းတို့နှင့် မဆိုင်လှပါ။ ကျွန်တော်သည် နံနက်ခင်း၏ သာယာခြင်းအတွင်း လိုက်ပါ ခံစားနိုင်ရန်အတွက် အဓိက လိုအပ်နေသည်နေသည်မှာ

ကျွန်တော်နှင့် နံနက်ခင်းတို့အကြား ဆက်သွယ်မှုသာ ဖြစ်ပါသည်။ လောလောဆယ်တွင် ကျွန်တော် ရှိနေသည်မှာ သေချာသော်လည်း ကျွန်တော် ထင်မှတ်ထားသည့် သာယာစဖွယ်ရှိသော နံနက်ခင်းတစ်ခု ရှိ– မရှိမှာ ကျွန်တော်က အာမခံ၍ ပြောနိုင်သောကိစ္စတစ်ခု မဟုတ်ပါ။

ကျွန်တော့်အနေဖြင့် အာမခံ၍ ပြောနိုင်သော အကြောင်းတစ်ခုမှာ ကျွန်တော်တွင် အိပ်ရာပေါ်တွင် ပက်လက်လှန်အိပ်လျက် မျက်နှာကျက်ကို ကြည့်ရင်း တောစဉ်းစား၊ တောင်စဉ်းစား နေခြင်းသာ ဖြစ်သည်။ ထိုစဉ်းစားနေခြင်းများအတွင်း သာယာသောနံနက်ခင်း၊ မနေ့ညက တိမ်းပါးသွားသော မိတ်ဆွေတစ်ယောက်၊ ထင်းရှူးတောနှင့် စမ်းချောင်းကလေး၊ ဖတ်လက်စ ခရီးသွားမှတ်တမ်း စသည်တို့ အကြောင်းသာ ဖြစ်သည်။ ထိုစဉ်းစားမိသောအကြောင်းများတွင် အသေချာဆုံးမှာ မနေ့ညက တိမ်းပါးသွားသော မိတ်ဆွေ၏ အကြောင်းသာဖြစ်သည်။ သူနှင့် ကျွန်တော်၏ အကြားမှ ထူးခြားသော ကွာခြားချက်တစ်ခုမှာ "ရှိခြင်း" နှင့် "မရှိခြင်း" တို့ကို နေရာအပြောင်းအလဲ လုပ်၍ ကျွန်တော်က ဆုံးဖြတ်ချက် ပြုနိုင်ခြင်းသာ ဖြစ်တော့သည်။

တစ်နေ့သောအခါ ထင်းရှူးတောနှင့် စမ်းချောင်းကလေးတို့ ယခုရှိနေကြသောနေရာတွင် "မရှိ" ကြလျှင် ကျွန်တော်က "ရှိခဲ့ဖူးသည်" အကြောင်းများကို ပြောပြနိုင်မည်ကဲ့သို့ ယခု ထင်းရှူးတောနှင့် စမ်းချောင်းကလေးတို့ "ရှိနေသည့်အခါ" တွင်ပင်၊ နောင်တစ်နေ့သောအခါ၌ ထင်

www.burmeseclassic.com


ရူးတော၊ စမ်းချောင်းကလေးတို့၏အကြားမှ ထူးခြားသော ကွာခြားချက်တစ်ခုမှာ "ရှိခြင်း" နှင့် "မရှိခြင်း" တို့ကို နေရာ အပြောင်းအလဲ လုပ်၍ ကျွန်တော်က ဆုံးဖြတ်ချက်ပြုနိုင် ခြင်းသာဖြစ်တော့သည်။

တစ်နေ့သောအခါ ထင်းရူးတောနှင့် စမ်းချောင်း ကလေးတို့ ယခုရှိနေကြသောနေရာတွင် "မရှိ" ကြလျှင် ကျွန်တော်က "ရှိခဲ့ဖူးသည်" အကြောင်းများကို ပြောပြနိုင် မည်ကဲ့သို့ ယခု ထင်ရူးတောနှင့် စမ်းချောင်းကလေးတို့ "မရှိကြတော့မည့်အကြောင်း" ကို ပြောပြနိုင်ပါလိမ့်မည်။ "ရှိခြင်း" နှင့် "ရှိခဲ့ခြင်း" တို့မှာ ကြိမ်ဖန်များစွာ ရွတ်ဆိုဖြစ် သော ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်သာ မဟုတ်ပါလား။ အသက်ရှင်နေသရွေ့ ကျွန်တော်သည် "ကြိယာ"ပေါင်းများ စွာကို အပြောင်းအလဲ လုပ်၍သုံးစွဲတတ်ရန် သတိထား ပါတော့မည်။ "နာမ်" များမှာ လိုအပ်လျှင် ကျွန်တော်တွင် အစားထိုးရန် အမြောက်အမြားရှိပါသည်။ အကယ်၍ ကျွန်တော်သည် ပြတင်းတံခါးကို ဖွင့်ကာ အပြင်ဖက်သို့ ကြည့်လိုက်လျှင် သာယာသောတစ်နံနက်ခင်းကို တွေ့ ကောင်းတွေ့ရပါမည်။ သို့မဟုတ် တွေ့ရိုးတွေ့စဉ်တွေ့ရ တတ်သော နံနက်ခင်းတစ်ခုကို တွေ့ရပါလိမ့်မည်။ ထို တစ် နံနက်ခင်းထဲတွင် ခပ်လှမ်းလှမ်း၌ တွေ့ရတတ်သော ထင်း ရူးတောနှင့် စမ်းချောင်းကလေးလည်း ရှိကောင်းရှိပါလိမ့် မည်။ ဖတ်လက်စ ခရီးသွားမှတ်တမ်းထဲမှ အကြောင်း အချက်များလည်း ခရီးမဆုံးသေးသော အထောက်အထား

တစ်ခုအဖြစ် ရှိပါလိမ့်မည်။ ကွယ်လွန်တိမ်းပါးသွားခဲ့သော မိတ်ဆွေ၏ မရှိတော့ခြင်းသည်လည်း ရှိနေပါလိမ့်မည်။ နေရောင်ခြည်၊ သို့မဟုတ် မိုးစက်မိုးပေါက်ကလေးများလည်း ရှိကြပါလိမ့်လည်။ နံနက်ခင်းတစ်ခု၏ ရှိသင့်သည်များ ပြည့်ဝစွာ ရှိနေခဲ့သဖြင့် ထို တစ်နံနက်ခင်းကို ပြီးပြည့်စုံသော နံနက်ခင်းဟု ခေါ်လိုသော် ခေါ်ကြပါ။

အကယ်၍ ထို နံနက်ခင်းအတွင်း ပြီးပြည့်စုံသော နံနက်ခင်းကို ဖော်ထုတ်ပြနိုင်သည့် ဘာသာစကား တစ်စုံတစ်ရာပျောက်ဆုံးနေခဲ့သော် ကျွန်တော့်ကို အပြစ်မတင်ကြနှင့်။

**ချယ်ရီမဂ္ဂဇင်း၊ အမှတ် ၅၆၊ ၁၉၉၉။**

www.burmeseclassic.com


# ဘဝတစ်ပါးသို့ပြောင်းသွားသော ဆရာလေး ကိုသာဒင် အကြောင်း

ရုံဖန်ရုံခါ မိုးညိုပြီဟုဆိုလျှင် အတိတ်၏နေ့ရက်များအကြောင်း သတိရတတ်ပါသည်။ အတိတ်သည်ကားနိုင်ငံရပ်ခြားတိုင်းတစ်ပါး အတိတ်၏အရိပ်အရောင်တို့ကို အသိတရား၏နယ်ပယ်အတွင်းမှ ခံစားနိုင်သေးသော်လည်း ပြန်လည်ရယူရန် မလွယ်တော့။ ကိုယ်တိုင်ခံစားခဲ့ဖူးသော အတိတ်ပေါင်းများစွာ ရှိခဲ့သကဲ့သို့ မှတ်ယူခံစားရုံသာ မှတ်ယူခံစားခဲ့ရသော အတိတ်ပေါင်းများစွာလည်း ရှိခဲ့သည်မဟုတ်ပါလား။ အနာဂတ်အကြောင်းကိုမူ ကျွန်တော် ရှင်းမပြလိုပါ။ အလားတူပင် ရှင်း၍ မပြနိုင်ပါ။ အနာဂတ်ထဲမှ ရပ်၍ပြောသမျှတို့မှာ အတိတ်၏အကြောင်းများသာ ဖြစ်သော်လည်း စင်စစ် အတိတ်၏အကြောင်းများကို ပြောဆိုနိုင်သော ရပ်ဝန်းမှာ ပစ္စုပ္ပန်များသာ ဖြစ်ခဲ့ချေသည်။ အနာ

ဂုဏ်ဆိုသည်မှာ နေ့စဉ် ကျွန်တော်တို့ ရှုသွင်းပြီးနောက် ပျောက်ဆုံးသွားကြကုန်သော လေများအကြောင်းသာ မဟုတ်ပါလား။

ပညာတတ်တို့၏ မြို့တော်ကြီးမှ ကျွန်တော်စွန့်ခွာခဲ့သည်မှာ ကြာလှပါပြီ။ ကျွန်တော်ကဲ့သို့ ပညာတတ်တို့၏ မြို့တော်ကြီးအတွင်းမှ ထွက်ခွာခဲ့ကြသူမှာလည်း အများအပြားရှိခဲ့ပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် ပညာတတ်များအဖြစ်နှင့် ထွက်ခွာလာကြသည်လား၊ ထမင်းစားလက်မှတ်ဝယ်ရာမှ ပြန်လာခဲ့ကြသည်လား ဆိုသည်ကိုမူ၊ ကျွန်တော့်အနေဖြင့် သေချာစွာ ရှင်းပြနိုင်လိမ့်မည် မဟုတ်ပါ။ ထိုမသေချာမှုသည်ပင်လျှင် ကျွန်တော့်အနေဖြင့် ပညာတတ်တို့၏ ဂုဏ်သိက္ခာတစ်ခုဟု မှတ်ယူထားမိပါသည်။ ထို့ကြောင့်လည်း တစ်ရံရောအခါက ကျွန်တော်တို့မှာ တွေဝေတတ်သူများအဖြစ် တံဆိပ်နှိပ်ခံခဲ့ကြရသည် မဟုတ်ပါလား။ မရေရာသူများ၊ တွေဝေတတ်သူများမှာ ပညာတတ်များသာ ဖြစ်သည်ဟု ယိုးစွတ်ခံရခဲ့ခြင်းအပေါ် ကျွန်တော်တို့ ဝမ်းနည်းကြရပါမည်လား၊ ဂုဏ်သိမ်ငယ်သည်ဟု ထင်ရပါမည်လား။

ကျွန်တော်တို့တွင် ဂုဏ်ဆိုသည်မှာ စဉ်းငယ်မျှ မရှိခဲ့၍ သိမ်ငယ်စရာ ဂုဏ်လက်ကျန်ရှိသည် မဆိုနိုင်။ ဝမ်းနည်းခြင်းမှာမူ ဘဝတစ်လျှောက်လုံးတွင် ဝမ်းနည်း၍သာ နေလာခဲ့ကြသဖြင့် ပို၍ဝမ်းနည်းရန် အကြောင်း မရှိတော့ဟု ထင်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့အား

www.burmeseclassic.com


တွေဝေတတ်သူများ၊ မရေရာတတ်သူများဟု "ယိုးစွတ်ကြသောအခါက" သို့မဟုတ် "အခါ၌" ကျွန်တော်တို့သည် ကျွန်တော်တို့၏ အတောက်ပဆုံး အပြုံးများကိုခြယ်သရင်း နွားရေကူးသကဲ့သို့၊ မော့မော့နှင့် နေခဲ့ကြပါသည်။ ဘဝဆိုသည်မှာ အသိဉာဏ်ဖြစ်ပေါ်တိုးတက်မှု တစ်စုံတစ်ရာအတွင်းမှာပင်ဖြစ်သည်ဟု အကြမ်းဖျင်းယုံကြည်ထားသော ထိုအခါက အမှန်တကယ် တည်ရှိနေသည်ဟု ဆိုသော တကယ့်ဘဝ၏အကြောင်းကို ပြက်သိကာမျှ မြီးစမ်းကြည့်ရန် မစဉ်းစားခဲ့ကြ။ ဘဝကို ဦးနှောက်၏အတွင်း၌ တည်ဆောက်ကြည့်ကြရင်း၊ ညစဉ်အိပ်သည့်အခါတိုင်း၌ ဘဝကို အိပ်မက်များအဖြစ် တည်ဆောက်ကြည့်ကြမိပါသည်။

ပညာတတ်တို့၏ မြို့တော်ကြီးအတွင်း၌မူ အရာရာသည် ကြည့်ချင်ပွဲကဲ့သို့သာ ဖြစ်ခဲ့သည်။ မြူးထူးပျော်ပါးစွာ ခုန်ပေါက်ပြေးလွှားနေကြသော သူယောင်မယ်ကလေးများကို ကြည့်ကာ လှပခြင်းကို အဖြေရှာနိုင်ရန် အားထုတ်မိကြသည်။ လှပခြင်းသည် ကာလတရားနှင့် လိုက်လျောညီထွေစွာဖြစ်တည်ခဲ့ခြင်းရှိ မရှိကိုလည်းကောင်း၊ လှပခြင်းကို ပိုင်ဆိုင်သူများတွင် ဦးနှောက်ရှိမရှိကိုလည်းကောင်း၊ ဆွေးနွေးကြကာ၊ အချိန်များစွာကို အကျိုးမဲ့အကြောင်းတရားများ အဖြစ်သုံးစွဲခဲ့ကြပါသည်။ သစ်ပုတ်ပင်က ရွှတ်ကြွေလေတိုင်း ကာလတရား၏ ပြိုပျက်တတ်ခြင်းကို "ဇရာကား ငါ့အား ဝါးမျိုခဲ့ပြီ" ဟုသော သီချင်းထဲက စာသားများအတိုင်း လိုက်ပါလွင့်မျောကြရင်း၊ ဘဝ၏ နောက်ဆုံးနေ့များဆီသို့

မျှော်ငေးကြည့်ကြမိသည်မှအပ အကျိုးတစ်စုံတစ်ရာ ဖြစ်ဖွယ်သော အတွေးများလည်း မရှိ။ ရံဖန်ရံခါ အချိန်စေ့၍ ပညာတတ်ဖြစ်ကြောင်း လက်မှတ်ရရှိသူတို့ ဝတ်ဆင်သော အနက်ရောင်ဝတ်စုံပေါ်မှ အနီရောင်၊ အဝါရောင်၊ အစိမ်းရောင် စသည့်အရောင်များကို အားထုတ်ခြင်းကင်းမဲ့သော ဘဝအတွင်းမှ ရပ်ကာ ငေးမောကြည့်ရှုကြရင်း ရောင်စုံဖလင်ပေါ်ပေါက်လာခြင်းက ဓာတ်ပုံဆရာများ၏ စားဝတ်နေရေးကို ပိုမိုပြေလည်စေသည်သာမက၊ အနက်ရောင် ဝတ်စုံ ဝတ်ဆင်ထားကြသော ကောင်မကလေးများ၏ ခေါင်းထက်မှ စိန်ပန်းခိုင်၏အရောင်လည်း ပိုမိုပြောင်လက်စေနိုင်ကြောင်း တွေးကြည့်ကြကာ သိပ္ပံပညာ၏ တိုးတက်ခြင်းနှင့် စိန်ပန်းခိုင်၏အရောင်လက်ခြင်း အကြောင်း အကြားရှိ အပြန်အလှန် အကျိုးပြုမှု သဘောကို စဉ်းစားကြည့်ကြပါသည်။ အမှန်ကို ဝန်ခံရမည်ဆိုသော် အာဒိကပ္ပကျမ်းထဲမှ သိပ္ပံနည်းတကျ ကာဘွန်ဒိုင်အောက်ဆိုက် ထုတ်ယူရန် ကြံစည်နေသူများနှင့်မူ ထိုအခါက အပေါင်းအသင်း မလုပ်ဖြစ်ခဲ့ကြပါ။

ယခုအခါ ကျွန်တော်သည် ပညာတတ်တို့၏ မြို့တော်နှင့်ဝေးခဲ့ပြီဖြစ်သော်လည်း ကျွန်တော်၏ နေ့စဉ်ဘဝ၏နေ့ရက်များမှာ ယခင်ကနှင့် များစွာခြားနားခဲ့သည်ဟု မဆိုနိုင်ပါ။ ကျက်မှတ်ရန်စာများလည်း မရှိတော့၍လည်းကောင်း၊ တိုးပွားရန် အသိပညာသစ်တို့ လိုအပ်လှပြီဟု မယူဆမိတော့၍လည်းကောင်း၊ ကျွန်တော်သည် စာအုပ်များ

www.burmeseclassic.com


ကျမ်းစာများနှင့် လက်ပွန်းတတီးမနေတော့သော်လည်း အလကားရနေသေးသော စိတ်ကူးထည်များနှင့် ပေါင်းသင်း၍ကား နေလျက်ရှိပါသေးသည်။ အလကားရနေသေးသော စိတ်ကူးထည်များမှာ သိမှုအဟောင်းများတွင် အခြေခံခဲ့သော သိမှုများသာ ဖြစ်ပါသည်။ သို့အတွက်လည်း နေ့စဉ်လိုပင် မော်တော်ကားလမ်းမဘေးက ကျောက်တုံးများပေါ်တွင်ထိုင်ရင်း လမ်းမပေါ်တွင် ဖြတ်သွားဖြတ်လာ ပြုနေကြသော ကားများကို ကြည့်၍သာနေမိတော့သည်။ မော်တော်ကားများသာမဟုတ်၊ ကျွန်တော်၏မြင်ကွင်းအတွင်း အဖိုးအခ တစ်စုံတစ်ရာ မပေးရဘဲ၊ ရောက်ရှိလာသောအရာများနှင့် ကျွန်တော်မြင်နိုင်စွမ်းရှိသည်များကို ကြည့်ရင်း အချိန်များစွာကို နေ့စဉ် စားသုံးနေခဲ့မိပါသည်။ ရံဖန်ရံခါ ကျွန်တော် မြင်ရ၍ သိလိုက်ရခြင်းနှင့် မမြင်လိုက်ရသော်လည်း သိလိုက်ရသည့် အကြောင်းများကို ပြန်လည်ဆင်ခြင်ကြည့်ကာ ဒေဗစ်ဟျူး(မ)နှင့် ဒေကာတို့နှစ်ယောက်သား အနက်မည်သူ့အား ပို၍အပြစ်တင်ရန်သင့်ကြောင်း စဉ်းစားကြည့်နေမိတတ်ပါသည်။

မော်တော်ကားလမ်းကလေးမှာ ချောက်ကမ်းပါးထိပ်တွင် ရှိပါသည်။ သို့အတွက် ပင်လယ်ကြီးကို လှမ်း၍မြင်ရပါသည်။ ကျွန်တော်သည် တစ်နည်းအားဖြင့် ပင်လယ်ကြီးနှင့် မော်တော်ကားလမ်းအကြားတွင် ရှိသော ကျောက်တုံးများအပေါ်တွင် ထိုင်လေ့ရှိသည်ဟု ဆိုရပါသည်။ မော်တော်ကားလမ်းကို မျက်နှာမူ၍ ကြည့်နေလေတိုင်း ပင်

လယ်ကြီးမှာ ကျွန်တော်၏ နောက်ကျောတွင် ရှိနေပါသည်။ ပင်လယ်ဘက်က တိုက်ခတ်လာသော လေတို့သည် ရံဖန်ရံခါ ကျွန်တော့်အဖို့အရာရာ ပြည့်စုံသော နေရာ ဖြစ်ပါသည်။ လောကကြီးမှာ ရေ–မြေ–လေ–မီး တို့ဖြင့် ပေါင်းစပ်ဖွဲ့စီးထားသည်ဟု ဆိုခဲ့ကြသည်ဟု ဆိုလျှင်၊ ဤနေရာကလေးတွင် ရေ–မြေ–လေ–မီး အစုံရှိသည်ဟု ဆိုရပါမည်။ ပင်လယ်ကြီးထဲတွင် ရေများ၊ အလျှံအပယ်၊ ကျွန်တော်ရှူနေသော လေတို့မှာ မကုန်နိုင်မခမ်းနိုင် ကျွန်တော်ထိုင်နေသော ကျောက်တုံးများ၏ အောက်ရှိမြေသားများမှာလည်း ခိုင်မာဆဲ၊ ကျွန်တော့်အိတ်ကပ်ထဲက မီးခြစ်တစ်ဗူးမှာလည်း အသုံးဝင်ဆဲ။ ကျွန်တော်သည် ထို့ထက် ပို၍လောကကြီးထံမှ တောင်းဆိုရန်မရှိဟု ထင်သည်သာမက ယုံလည်းယုံကြည်ထားပါသည်။ ထို့ကြောင့်လည်း ကျွန်တော့်အဖို့ ယခုထက်ပိုပြည့်စုံသောဘဝ တစ်ခုမရနိုင်ဟု ထင်မှတ်ထားခြင်းသာ ဖြစ်တော့သည်။

ကျွန်တော်၏ ပတ်ဝန်းကျင်ရှိ ကျောက်တုံးများသည်လည်း ကျွန်တော်၏အဖော်အပေါင်းများသာမက၊ ကျွန်တော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြသည်များဟု ခေါ်နိုင်ပါသည်။ တစ်ခုသောအခါက တစ်ယောက်ယောက်က တစ်နေရာရာတွင် "လိုအပ်မှုများအပေါ် တန်ဖိုးထားတတ်ခြင်းသည်ပင် လွတ်လပ်ခြင်းမည်၏" ဟု ပြောခဲ့သည် မဟုတ်ပါလား။ သို့အတွက် ကျွန်တော်၏ ကျောက်တုံးများအပေါ် တန်ဖိုးထားနေမှုသည်ပင်လျှင် ကျွန်တော်၏

လွတ်လပ်လှစွာသောဘဝ၏ ခိုင်မြဲလှသော အကြောင်း တစ်ခု မဟုတ်ပါလား။ ကျွန်တော်သည် စိတ်ကူးရသည့် အခါတိုင်း ကျောက်တုံးများနှင့် ဆွေးနွေးလေ့နှီးနှောလေ့ရှိပါ သည်။ ကျောက်တုံးများသည် ကျွန်တော့်ကို ကန့်ကွက်ခြင်း၊ ငြင်းဆိုခြင်း မပြုကြပါ။ ကျွန်တော့်၏စိတ်ကူးထည်များနှင့် ပတ်သက်၍ ကျောက်တုံးများက ဝေဖန်ခြင်းမရှိသည်သာမ က မြှောက်ပင့်ပေးခြင်းလည်း မပြုကြပါသည်။ အကောင်း မြင်ရှုထောင့်မှ ကြည့်မည်ဆိုသော် ကျောက်တုံးများက ကျွန် တော်၏ ဘာသာစကားတစ်စုံတစ်ရာဖြင့် ဖော်ထုတ်တင်ပြ ချက်များအပေါ် တုံ့ပြန်ပြောဆိုခြင်း မရှိသည်မှာပင် ကျွန် တော်နှင့် သဘောတူညီမှုရှိကြောင်း ဖော်ထုတ်ကြခြင်း ဖြစ် သည် မဟုတ်ပါလား။ ကျွန်တော်ကမူ ရေညှိတက်နေသော ကျောက်တုံးများကို ပို၍ သဘောကျပါသည်။

ထိုကဲ့သို့ ကျောက်တုံးများနှင့် နေ့စဉ်လိုပင် စကားစမြီပြောဆိုရင်း ကျွန်တော်သည် လမ်းပေါ်တွင် ဖြတ် သန်းလာပြနေကြသော လူများနှင့်ယာဉ် ရထားမျိုးစုံကို ငေးမောကြည့်ရှုလေ့ရှိနေတတ်သည်မှာ ကြာခဲ့ပါပြီ။ ဘယ် သောအခါတွင်မှ ကျွန်တော်တို့သည် ခရီးသွားနေခြင်းကို ရပ်တန့်ကြရပါမည်လဲဟုလည်းဟု တွေးကာကြည့်မိတတ် ပါသည်။ ထိုသို့တွေးရင်း၊ ငေးရင်းက ဆရာလေး ကိုသာဒင် နှင့် ကျွန်တော် ပြန်လည်တွေ့မိရခြင်းဖြစ်ပါသည်။ လမ်း ပေါ်တွင် ဖြတ်သန်းသွားလာနေကြသော ကားများကို ကျွန် တော် အကြိမ်ကြိမ်တွေ့လိုက်မိပါသည်။ ကျွန်တော့် ဆရာ

မှာမူ ကျွန်တော့်ကို တွေ့ပုံမရပါ။ ကျွန်တော်မှာ တပည့်ဖြစ်ခဲ့သူသာဖြစ်၍ ဆရာ့ကို မှတ်မိနေသော်လည်း ဆရာကမူ တပည့်များစွာအနက်မှ ဘာမှမထူးခြားခဲ့သော သို့မဟုတ် ပြောင်ပြောင်မြောက်မြောက်မရှိခဲ့သော် ကျွန်တော့်ကို မှတ်မိပုံမရပါ။ သို့မဟုတ် လမ်းမဘေးက ကျောက်ခဲပုံပေါ်တွင် ထိုင်ရင်း တောင်တောင် မြောက်မြောက် ကြည့်နေသော လူတစ်ယောက်ကို သူ့အဖို့ သိရန်လိုအပ်လိမ့်မည် မဟုတ်ပါ။

ဆရာလေး ကိုသာဒင်နှင့် ကျွန်တော်တို့ ပြန်တွေ့ဆုံကြပုံကို ပြန်လည်မပြောမီ၊ ဆရာလေး ကိုသာဒင် အကြောင်းကို မတိမ်မနက်ပြောပြပါရစေ၊ သူသည် တကယ့်ဘဝတည်းက လူတစ်ဦးသာ ဖြစ်ပါသည်။ ထိုသို့ ဆိုသဖြင့် အနက်ယူမလွဲကြပါနှင့် ကျွန်တော်လည်း သူ့လိုပင် တကယ့်လူ ဖြစ်ပါသည်။ သူနှင့် ကျွန်တော့်၏ အကြားမှ အကြီးမားဆုံးသော ကွာခြားမှုမှာ သူသည် တကယ့်ဘဝကြီးအတွင်း နေပြီး ကျွန်တော်က စိတ်ကူးထည်များစွာဖြင့် တည်ဆောက်ထားသော ဘဝကြီးအတွင်း နေထိုင်နိုင်ရန် ကြိုးပမ်းနေခြင်းသာ ဖြစ်သည်။ ကျွန်တော်ပညာတတ်တို့၏ မြို့တော်ကြီးသို့ ရောက်ရှိသောအခါက ဝတ္ထုစာအုပ်များထဲတွင် ဖတ်ရတတ်သော စိတ်ကူးယဉ်စရာကောင်းသည့် ကျူတာဆရာကလေး အများအပြားကို တွေ့ခဲ့ရပါသည်။ စတိုင်ကျသည်ဟု ခေါ်ဆိုရန်ဖြစ်သော ကျူတာဆရာကလေးများကို ကြည့်ကာ ကျွန်တော်တို့အားလည်းကျ၊ စိတ်ကူးလည်း ယဉ်ခဲ့ကြပါသည်။ အမှန်ကို ဝန်ခံရမည်ဆိုသော် ထိုစိတ်ကူးယဉ်စရာ

www.burmeseclassic.com


ကောင်းလှသော ကျူတာဆရာကလေးများ၏ စာရင်းထဲတွင် ကျွန်တော်တို့ ဆရာလေး ကိုသာဒင် မပါပါ။ ထိုစဉ်က သူသည် "ဘဝဆိုတာ ယုံကြည်ချက်တစ်ရပ်ဖြင့် တည်ဆောက်ရသည်" ဟု ဆိုလေ့ရှိသော ပညာတတ်တစ်မျိုးတစ်စား ဖြစ်ပါသည်။

ဆိုလိုသည်မှာ ထိုစဉ်က ပညာတတ်တို့၏ မြို့တော်ကြီးအတွင်း မာယာပေါသော မိန်းမချောတို့၏ ဖြားယောင်းမှုကို လည်းကောင်း၊ လောကကြီး၏ မလိုင်လုံးများကို စားသုံးရန်ကိုလည်းကောင်း၊ ဆရာလေးကိုသာဒင် သိစိတ်သိမှု အစုံစုံအတွင်း လက်ခံထားခဲ့ပုံမရ၊ သူသည် ခိမ့်ခိဉာန်ကြသော လောကကြီးတစ်ခုကို တည်ဆောက်ကာ လူသားတို့နှင့် လူသားတို့ပတ်ပတ်လည်ရှိ ဘာဘာ–ညာညာတို့ အကြား ခလုတ်ကန်းသင်း ကျင်းပရေးကို တည်ဆောက်နေသူဖြစ်ခဲ့သည်။ သူသည် သမိုင်းကြီး၏ ဖြစ်စဉ်အတွင်း ပါဝင်ပတ်သက်လိုသည်သာမက အုတ်တစ်ချပ်သာမက ဘိလပ်မြေတစ်အိတ်လည်း ဖြစ်ရန် ကြိုးပမ်းနေသူဖြစ်ခဲ့သည်။ ထိုစဉ်က သူ့ခမျာ သာယာဝပြောသော လောကသစ်ကြီးတစ်ခုကို ကန့်ထရိုက်တာ မပါဘဲ တည်ဆောက်ရန် ကြိုးပမ်းနေချိန်ဖြစ်သည်။ ကျွန်တော်တို့ကမူ မည်သည့်လောကကြီးအား တည်ဆောက်မှုအတွင်းတွင်မှပါနိုင်လောက်သူများမဟုတ်မှု၍ ဆရာလေးကိုသာဒင် ကိုကြည့်ကာ တစ်နည်းတစ်လမ်းအားဖြင့် အားကျခဲ့မိသည်မှာ အမှန်ပါ။ ပလေးတိုး၏နိုင်ငံတော် ကျမ်းထဲတွင် ပါသော

အတွေးအခေါ်ရှင်များက ဦးဆောင်ရေးဟုသော အပိုင်းကို ဖတ်သည့်အခါတိုင်း "ဒါကတော့ တို့ဆရာလေး ကိုသာဒင်လို လူမျိုးကို ဆိုလိုတာပဲ" ဟုလည်း ရာကြံတွေးမိတတ်ပါသည်။

ဒန်ထမင်းဖူးကလေးများကို သရေဘာရိ(ဖ)ကေ့(စ)တွင်ထည့်ကာ ဟန်ကျပန်ကျကိုင်သော နိုင်ငံခြားပြန် ပညာတတ်များပေါ်သည်။ ပညာတတ်တို့၏ မြို့တော်အတွင်း၌ ကော်လာ ကတုံးရှပ်နှင့် ဂုန်နီအိပ်လိုလို၊ ဘိလတ်မြေအိတ်ဟောင်းလိုလိုကိုင်ကာ၊ ပုဆိုးတိုတိုဝတ်တတ်သော ဆရာလေးကိုသာဒင်မှာ အမြဲလို ထူးခြားနေတတ်ပါသည်။ အရင်ကျမ်းထဲက စာပိုဒ်များကို အလွတ်ရွတ်ပြနိုင်စွမ်းရှိသော ဆရာလေး ကိုသာဒင်ကိုကြည့်ကာ၊ တစ်နေ့သော အခါတွင် ဆရာလေး ကိုသာဒင် ကဲ့သို့မာ့က်(စ)၊ လီနင်တို့၏ စကားလုံးများကို အလွတ်ရွတ်မပြနိုင်သည်တိုင် ဦးထွန်းငြိမ်း အဘိဓာန်တစ်အုပ်လောက်ပိုင်ရကောင်း၏ဟု ထင်မှတ်ကာ စိတ်ကူးများစွာကို ပျိုးထောင်ထားခဲ့မိပါသည်။ စင်စစ်ဤစိတ်ကူးသည်ပင် သမုတိနယ်ပယ်အတွင်း ကာလနှင့် အာကာသကို အခြေခံထားကာ တည်ဆောက်ခဲ့သော စိတ်ကူးတစ်ခုဖြစ်ခဲ့၍ ထိုစိတ်ကူးများဖြစ်ပေါ်ခဲ့သော ကာလကမူ မှားခဲ့သော စိတ်ကူးတစ်ရပ် မဟုတ်ပါ။ ထိုသို့ဆိုသဖြင့်လည်း ထိုစိတ်ကူးမှာ ယခုအခါတွင်း မှားခဲ့ပြီဟု ဆိုလိုသည် ဟု ထင်မှတ်မမှားကြစေလိုပါ။ ကျွန်တော့်အနေဖြင့် အခိုင်အမာ ပြောပြနိုင်သော အကြောင်းတစ်ခုမှာ သမု

www.burmeseclassic.com


တိနယ်ပယ်အတွင်းမှ ဆရာလေးကိုသာဒင်မှာ ပြောင်းလဲခဲ့ပြီဖြစ်သော ကာလတရားကြီးနှင့်အတူ (ပညာတတ် 'ကောင်း' တစ်ယောက်ပီသစွာ) လိုက်လျောညီထွေနေနိုင်ပြီဖြစ်သည်အကြောင်းသာဖြစ်ပါတော့သည်။

တစ်နေ့သောအခါ ဆရာလေးကိုသာဒင် စီးနင်းလိုက်ပါလာသည် ကားဖြူကြီးမှာ လမ်း၏နံဘေးတွင် ရပ်လိုက်ပြီး၊ အင်ဒိုနီးရှားပါ တိတ်အင်္ကျီဝတ်ထားသော ဆရာလေးကိုသာဒင် တစ်ယောက်ကားပေါ်မှ ဆင်းကာ ကျွန်တော့်ထံလျှောက်လာပါသည်။ သူသည် ကာလတရားကြီးနှင့်အတူ လိုက်ပါပြောင်းလဲနိုင်ခဲ့သူ ဖြစ်သော်လည်း၊ သူ၏ရုပ်ရည်မှာ ရုပ်တန့်နေခဲ့ပါသလားဟု သံသယဖြစ်ရန်ကောင်းလောက်အောင် နုပျိုနေဆဲဖြစ်သည်။ သူသည် သစ်လွင်နေသော ပတ်ဝန်းကျင်အတွင်း ထာဝစဉ်နုပျို၍ နေခဲ့ပြီထင်သည်။ ဆရာလေးကိုသာဒင်က ... လမ်းရဲ့ဟိုဘက်က လူတွေက ပင်လယ်ကမ်းစပ်ထိပ်က ကျောက်တုံးတွေပေါ်မှာ လူတစ်ယောက် ထိုင်ထိုင်ပြီး ဆေးတံသောက်ရင်း ဒီဘက်ကိုကြည့်ကြည့်နေတတ်တယ်လို့ ပြောကြလို့ ငါလာကြည့်တာ။ ထင်တော့ထင်သားပဲ။ ငါ့တပည့်တွေထဲက တစ်ယောက်ယောက်ဖြစ်လိမ့်မယ်လို့။ ခုတော့မှ သေချာသွားတယ်။ မင်း ... ကိုး။ ... ဟု ပြောပါသည်။ ကျွန်တော့်အဖို့မှာမူ ကျွန်တော့်ကို ကျွန်တော့် ဆရာက နှစ်ပေါင်းများစွာ ကြာသည်ထိအမှတ်ရနေသေးသော ဆရာ့ကို ကျေးဇူးတင်၍သာနေလိုက်မိသည်။

ဆရာလေးကိုသာဒင် ပြောပြခဲ့သော စကားများအနက် "မင်းရဲ့သိမှုဗေဒ၊ ရှိမှုဗေဒတွေက ဗိုက်မဝဘူး" ဟူသောစကားကိုအလွန်ပင် ကျွန်တော် သဘောကျနေမိပါသည်။ ကျွန်တော့်အဖို့မှာမူ သိမှုဗေဒ၊ ရှိမှုဗေဒများကို ဝါးမျို၍နေလာခဲ့သည်မှာကြာခဲ့ပြီဖြစ်၍ အစာသစ်များကို ဝါးတတ်လိမ့်မည် မထင်ပါ။ တစ်နည်းဆိုရသော်၊ ကျွန်တော်၏ ရေခဲတုံးများဖြင့် တည်ဆောက်ထားသော အနာဂတ်ရဲတိုက်များကို ဖြိုဖျက်ရန်ကြံစည်သူမှာ ဆရာလေးကိုသာဒင်သာ ဖြစ်ပါသည်။ "စိတ်ကူးယဉ်တယ် ဆိုတာကလည်း ဗိုက်ဝမှ ယဉ်လို့ကောင်းတာ မဟုတ်လား" ဟု ဆရာလေးကိုသာဒင်က အဖြေပါနှင့်ခဲ့ပြီသော အမေးတစ်ခုကို ပြုပါသည်။ ကျွန်တော်မဖြေတတ်ပါ။ ကျွန်တော် နေ့စဉ် ပြုမှုနေသည်မှာ ဆင်ခြင်ခြင်းသာ ဖြစ်ပါသည်။ ကျွန်တော် စိတ်ကူးမယဉ်တတ်ကြောင်း ကျွန်တော့်ဆရာက သိပုံမပါ။ သို့ရာတွင် ကျွန်တော့်ဆရာကို အရင့်အရင်ကများကဲ့သို့ပင် ကျွန်တော်က ကြိတ်၍ချီးကျူးနေမိပါသည်။ ဆရာလေး ကိုသာဒင်မှာ ဟေရာကလိုက်တပ်စ၏ မြစ်ကြီးထဲတွင် ရေချိုးဆင်းလေ့ရှိသူဖြစ်၍ လောကကြီး၏ပြောင်းလဲနေခြင်းတွင် လိုက်ပါနေခဲ့သူ ဖြစ်ပါသည်။ သူသည် တကယ့်ဘဝ ကြီးထဲကလူဖြစ်ပါသည်။ ကျွန်တော်ကမူ စာရွက်ပေါ်က စိတ်ကူးပုံစံများထဲက ဒြပ်မဲ့လူတစ်ယောက်သာ ဖြစ်ပါသည်။ တစ်ခါက တစ်ထပ်တည်း မကျသော်လည်း စိတ်ကူးပုံစံတို့ဖြင့် တည်ဆောက်ထားသော လောကကြီးများအတွင်း အတူတကွ

www.burmeseclassic.com


ပျော်ပါးစွာနေထိုင်ခဲ့ကြရာမှ ကျွန်တော့် ဆရာလေးကိုသာဒင်သည် ယခုကဲ့သို့ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့သောအခါ ကျွန်တော့်အနေဖြင့် စိတ်မကောင်း ဖြစ်နေမိပါသည်။

တကယ့်ဘဝထဲ ရောက်သွားခဲ့ပြီဖြစ်သော ဆရာလေးကိုသာဒင်က "လူဆိုတာ အသက်ရှင်နေဖို့လိုတယ်။ အသက်ရှင်နေဖို့ ထမင်းစားရယ်။ မင်းစိတ်ကူးတွေက အသက်ရှင်နေခြင်းရဲ့ ဆူးညှောင့်တွေပဲ၊ ရော့ ထမင်းလေးဘာလေးဝယ်စား၊ မင်းက ငါ့တပည့်ဖြစ်ခဲ့ဖူးတော့၊ ငါ့မှာတာဝန်ရှိနေတယ်" ဟု ဆိုကာ ရာတန်တစ်ထပ် ပေးခဲ့ပါသည်။ ဆရာလေးကိုသာဒင် ပေးခဲ့သော ရာတန်ငွေစက္ကူများကိုကိုင်ရင်း ကျွန်တော်သည် မော်တော်ကားလမ်းမကြီးအား ကျောပေး၍ပင်လယ်ဖက်သို့ ထွက်ခဲ့ပါသည်။ ပင်လယ်ရေမျက်နှာပြင်အောက်ရှိ ကြမ်းပြင် တစ်နေရာသို့ သွားရောက်ကာ ကျွန်တော်၏ဆင်ခြင်ခြင်းပုံစံများငြဖ့် သမုတိနယ်ပယ်၏သဘောတရားများကို နားလည်ရန် အားထုတ်ကြည့်ပါတော့သည်။ နောင်တွင် ကျွန်တော့်ဆရာလေးကိုသာဒင် ဤနေရာသို့ ဖြတ်သန်းဖြတ်လာပြုသည့်အခါများတွင် ကျွန်တော့်ကို တွေ့ရလိမ့်မည် မဟုတ်တော့ပါ။ လမ်း၏ဒီမှာဖက်တွင် ရှိသော ပင်လယ်စပ်ထိပ်က ကျောက်တုံးများမှာမူ အရင်က အတိုင်းပင် ရှိနေပေလိမ့်ဦးမည်။

**ချယ်ရီမဂ္ဂဇင်း၊ အမှတ် ၅၃၊ ၁၉၉၉။**

www.burmeseclassic.com

# အသိပညာကင်းမဲ့သော အလွမ်း

## (၁)

ဟိုး ... ဟိုး အဝေးကြီးမှာ စိတ်ကူးယဉ်စရာတွေ မရှိဘူးလား။ တွေးစရာ ဆွေးစရာတွေ မရှိဘူးလား။ စိတ်ကူးထည် ကောင်းကောင်းကလေးများ ဝေငှစားသုံးစရာ မရှိဘူးလား။ ဝေဒနာဖြစ်စရာများ မရှိဘူးလား။ ကခုန်စရာ တေးသီချင်း ကောင်းကောင်းကလေးများရော မရှိဘူးလား။ သဘင်သည် ကောင်းကောင်းများ မရှိဘူးလား။ ပြတ်လတ်နေသော ကဗျာသောဆရာကလေးများ မရှိဘူးလား။ စာအရေးကောင်းသော ဘိုးသူတော်များ မရှိဘူးလား။ မရှိခြင်းနှင့် ရှိခြင်းကို လွယ်လင့်တကူ ရောထွေးပစ်နိုင်စွမ်းရှိသော အကြောင်းမဲ့ စိတ်ကူးယဉ် ဝါဒီများ မရှိကြဘူးလား။ သေဆုံးခြင်းနှင့် သေဆုံးခြင်းကို ခံစားတတ်သူများနှင့် မခံစားနိုင်သူများ မရှိကြဘူးလား။ ဘဝ၏ ဖြစ်ရှိနေခြင်းကို မေ့လျော့နေသူများ မရှိဘူးလား။ ရေးစရာအကြောင်းများ ရှိ

www.burmeseclassic.com


လျက်နှင့် စာရေးရန် မစွမ်းသူများ မရှိကြဘူးလား။ ဂီတသံစဉ်တို့၏ ပြောင်းလဲမှုကို လက်မခံနိုင်ကြသော နားထိုင်းများ မရှိကြဘူးလား။ ရောင်စဉ်တို့၏ သဟဇာတဖြစ်မှုကို ကန့်ကွက်ပြောဆိုနေကြသော ကန်းနေသူများ မရှိကြဘူးလား။ ကြေကွဲဖွယ်မရှိသော ဇာတ်တစ်ပုဒ်ကို အလွမ်းဇာတ်လုပ်၍ ဒိုင်အိုနီဆီယံကဲ့သို့ လည်းကောင်း၊ အပိုလိုနီဆီယံကဲ့သို့ လည်းကောင်း ခံစားသင့်မသင့် ငြင်းဆိုနေကြသူများ မရှိဘူးလား။

(၂)

ဟိုး … ဟိုး အဝေးကြီးမှာလေ မြစ်ကြီးတစ်စင်း ရှိတယ်။ ဘယ်ကစလို့ ဘယ်မှာ ဆုံးသွားမှန်းတော့ မသိဘူး။ မြစ်ထဲမှာ ရေတွေရှိတယ်။ ရေထဲမှာတော့ ငါးတွေ ရှိတယ်။ တစ်ခါတစ်ရံ မြစ်ထဲမှာ လူတွေ ရေကူးကြတာတွေ့ရဖူးတယ်။ လှေ၊ သင်္ဘော အစရှိတာတွေ သွားလာနေတာလည်း တွေ့ရဖူးတယ်။ အရှေ့က နေထွက်တဲ့အခါ အနောက်မှာ နေဝင်တဲ့အခါ မြစ်ရဲ့မျက်နှာပြင်ပေါ်က အရောင်ဟာ ပြောင်းလဲသွားတတ်တယ်။ တချို့ကတော့ မြစ်ရေ အရောင်ပြောင်းသွားတယ်လို့ ဆိုကြတယ်။ ရွှံ့အရောင်က ရွှေရောင်ပြောင်းသွားတယ်လို့ ဆိုကြတယ်။ ရွှံ့ဟာ ရွှံ့ဖြစ်တယ်။ ရွှေဟာ ရွှေဖြစ်တယ်။ ရွှံ့ဟာ ရွှံ့ဖြစ်တယ်။ ရွှံ့ဟာ ရွှေဖြစ်လို့ ဖြစ်တယ်လို့ဆိုရင် ကနဦး မမှန်တာတစ်ခုဟာ မမှန်ဘူး ဖြစ်သွားတယ်။ ဒါကြောင့် ဘာသာ

စကားဟာ ရှုပ်တယ်။ မြစ်ထဲမှာ ဘာသာစကားမရှိဘူးလို့ ပြောနိုင်တယ်။ ဘာသာစကား မရှိလို့ ကစဉ့်ကလျားဖြစ်နေခြင်းဟာ အမှန်တရားပဲလို့ ပြောနိုင်တယ်။ မဟုတ်ဘူးလို့လဲ ဆိုနိုင်တယ်။ မဟုတ်ဘူးဆိုတာ ဟုတ်တယ်လို့လဲ ပြောနိုင်တယ်။ ဗစ်ဂိုင်စတိုင်း သေတာကြာခဲ့ပြီးဆိုတာ ဟုတ်တယ်။ မြစ်ထဲမှာ ဗစ်ဂိုင်စတိုင်း မရှိတာ သေချာတယ်။ ဗစ်ဂိုင်စတိုင်းက ဘာသာစကားအားဖြင့် ပြောဆို၍ မရသည်များသည် တကယ်တမ်း မတည်ရှိကြလို့ ပြောခဲ့တာ မှန်တယ်။ ထိုမှန်ကန်ခြင်းမျာ ရပ်တန့်ခဲ့ပြီး ဆိုတာလည်း မှန်တယ်။ ဘာသာစကားအားဖြင့် ပြောဆို၍ မရသည်များလည်း တည်ရှိနိုင်တယ်ဟု ဆိုခြင်းများလည်း မှန်တယ်။ ရေထဲက ငါးများ ရေထဲမှာ လေကိုရှုကြသည်မှာလည်း မှန်တယ်။

ဟိုး ... ဟိုး အဝေးကြီးက မြစ်ထဲက ရေထဲမှာ အောက်ဆီဂျင် ရှိသတဲ့။

(၃)

ဤတွင် တစ်မျိုးဖြစ်သည်။ ဘထွေးလေး ကိုထွန်းပ၏ မယ်ညိုဟု ခေါ်သော နွားမသားကျသော ညက အရီးမရွှေညာ၏ ယာထဲ မီးရှို့ခံရလေသည်။ ဤတွင် မီးလောင်သွားသည်ဟု မဆို။ မီးရှို့ခံရသည်။ ဟုသာ ဆိုသည်။

နောက်တစ်နေ့တွင် အရပ်လူကြီး ဦးဘိုးထင်နှင့် အတူ ကာလသားခေါင်း ရွှေညိုတို့ မြောက်ကျောင်းဘုန်းကြီး ဦးပညာကျောင်းတွင် တိုက်အုပ်ဘုန်းကြီးနှင့်အတူ တစ်

www.burmeseclassic.com


စုံတစ်ရာကို အချေအတင် ဆွေးနွေးကြကြောင်း သိရသော်လည်း မည်သူမျှ အကြောင်းရင်းကို သော်လည်းကောင်း၊ အဖြေတစ်စုံတစ်ရာကို သော်လည်းကောင်း၊ မသိကြရချေ။ ကာလသားခေါင်း ရွှေညို၏နောက်လိုက် သောင်းဖေ၊ အပုလေးနှင့် ဘမြင့်တို့ ယနေ့ အလွန် ခြေငြိမ်ကြသည်။ မြောက်ဘက်ယာထဲမှ ပြန်လာသည်ကိုပင် မတွေ့ရပေ။ အရီး မရွှေညာ၏ သမီးတစ်လင်ကွာ တစ်ခုလပ် သန်းတင်မကသာ အရပ်ထဲတွင် "တို့အမျိုးက လက်စားမချေရ သရွေ့မကျေပေါင်" ဟု မကြားတကြား စကားဆိုနေသည်။

ဘထွေးလေးကိုထွန်းပတို့ မိသားတစ်စုမှာမူ ခပ်ညံ့ညံ့ အိမ်ကြက်တစ်ကောင်အား ညစာအတွက် ချက်ပြုတ်နေကြစဉ် ကိုထွန်းပ၏ သမီးအလတ်မနှင့် မြောက်ရွာမှ ကောင်ကလေးတစ်ဦးမှာ မမယ်တင်၏ ကောက်ရိုးပုံတွင် ထင်တိုင်းကြဲနေကြသည်။

နေစောင်း၍ ဘုန်းကြီးကျောင်းမှ ဦးဘိုးထင်နှင့် ရွှေညိုတို့ ထွက်လာသောအခါ သတင်းစုံ ကြားရတော့သည်။ ဘဘိုးထင်ကပင် ဦးဆောင်၍ ရှင်းပြသည်။

"သည်နှစ် တန်ဆောင်မုန်းလ ဘုရားပွဲကြီးမှာ ရွာလုံးကျွတ် မီးခိုးတိတ်ဟေ့" ဟု သံနေသံထားနှင့် ပြောသောအခါ တစ်ရွာလုံး ပြုံးနိုင်ကြသည်။

"ကိန်" ဟု အသံကြား၍ ကြည့်လိုက်သောအခါ ယာထဲမှ ပြန်တက်လာသော သောင်းဖေတို့ လူသိုက်ထဲမှ တစ်ယောက်ယောက်က လမ်းပေါ်တွင် ယောင်ပေပေလုပ်နေ

သော ခွေးပိန်မတစ်ကောင်အား ခဲနှင့် ပစ်လိုက်သည်ကို တွေ့လိုက်ကြရတော့သည်။

(၄)

သို့ဖြစ်လျှင် ကျွန်တော်တို့ မဟုတ်သည့် အကြောင်းများကို ပြောဆိုကြပါစို့။

ရေထဲတွင် ငါးများ ကနဦးကတည်းက ရှိနေကြသည် မဟုတ်။ ထို့အတူ "အဆုံး"ထဲတွင် "အစ"များ ရှိနေခဲ့ကြသည် မဟုတ်။ "မဟုတ်" "မဟုတ်" သည် "မဟုတ်" "မဟုတ်" ထို့ကြောင့် "ဟုတ်ကဲ့" များစွာအတွင်း မဟုတ်ဘူးများ မပါဝင် ဟု ဆိုသည်မှာ မဟုတ်။ ထို့အတူ "အစထဲတွင် "အဆုံး" မပါဝင်ခဲ့ဟု ဆိုသည်မှာ မဟုတ်။ ထို့ပြင် စိတ်ကူးယဉ်ခြင်းနှင့် တွေးခေါ်ခြင်းတို့ကို အတူတူပင်ဟု ဆိုသည်မှာ မဟုတ်။ ဒါဒါအစ်ဇင်မှာ "မဟုတ်။ ဖြစ်ခြင်းနှင့် ရှိခြင်းသည် လည်းကောင်း၊ တည်ခြင်းနှင့် ရှိခြင်းသည် လည်းကောင်း အတူတူပင်ဟု ကန့်သတ်မျိုးတူစုပြုထားခြင်းမှာ မဟုတ်။ ငါသည် အများတကာနှင့် ဆက်စပ်နေသော်လည်း ငါသည် အများနှင့် တစ်သားတည်းဆိုသည်မှာ မဟုတ်။ ထိုမျှသာမက ဖြစ်နိုင်ချေပင် မရှိ။ ထို့အတူ ငါသည် အများ၏အတွင်း ပျောက်ဆုံးနေသည် မဟုတ်ဘဲ ထင်ပေါ်၍သာ နေသည်ဟု ဆိုခြင်းမှာ မဟုတ်။

အကယ်၍နှင့် အကယ်၍သာလျှင် ငါ၏ပျောက်ဆုံးနေခဲ့ခြင်းကို အသိအမှတ် မပြုနိုင်ခဲ့သော် ကျွန်တော်တို့

www.burmeseclassic.com


သည် မေ့လျော့ထားခြင်း ခံထားရသော "ငါ" ကို ရှာရပါတော့မည်။ ရေထဲက ငါးများ အသက်ရှူခြင်းအကြောင်းကို စဉ်းစားကြည့်ရန် လိုလာပါသည်။ ဦးဘိုးထင်နှင့် ရွှေညိုကို ဘုန်းကြီးဦးပညာက တကယ်တမ်း ဘာပြောခဲ့သည်ကို သိကြရန် လိုလာပါသည်။ ထွက်ခွာရာပုဒ်နှင့် ဆိုက်ရောက်ရာပုဒ်ကို သိရန် လိုလာပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် စိတ်ကူးထားခြင်း မရှိဟု ဆိုသော စိတ်ကူးတစ်ခုကို ရှာဖွေရန် လိုအပ်၍ လာခဲ့ပေပြီ။ စိတ်ကူးကို ရှာမရနိုင်ဆိုသည်မှာမူ မဟုတ်။

(၅)

ဒီနှစ်နွေဦးရောက်လို့ သစ်ချပင်က ရွက်နုတွေ ထွက်တဲ့အခါ တို့တစ်တွေ မြို့ပြဆီ သွားကြမယ်။ မြို့ပြရဲ့ ရင်ခွင်ထဲက နာလှပြီဖြစ်တဲ့ ကွေကွင်းမှုဝေဒနာကို သွားပြီး စားသောက်ကြမယ်။ ဒီတော့ မြို့ပြရဲ့ ဝေဒါနာကူးစက်ခြင်းကို ခံစားရမယ်။ မြို့ပြထဲက သင်းကွဲမျောက်တွေလို ဘာလုပ်လို့ လုပ်ရမှန်း မသိတဲ့ လူတွေရဲ့ သင်းကွဲမျောက်တွေလိုပဲ ဘာသာစကားအားဖြင့် ဖော်ထုတ်လို့ မရတဲ့ ခံစားချက်တွေကိုသွားပြီး ဝေငှခိုင်းမယ်။ ဘာသာစကားနဲ့ ဖွင့်အန်မပြနိုင်တာ ရှိရင် ပုလွေနဲ့ဖြစ်ဖြစ် မှုတ်ပြခိုင်းကြည့်မယ်။ သင်္ကေတနဲ့ ဖြစ်ဖြစ် ရေးခိုင်းပြီး ကြိုးတပ်တူရိယာသမားလေးယောက်ကို တီးခိုင်းကြည့်မယ်။ ဝေဒနာမှန်ရင် ခံစားလို့ရမယ် မဟုတ်ဘူးလား။ တကယ်တော့ ဝေဒနာဟာ သိ

စရာ မလိုဘူး။ ခံစားရုံပဲ မဟုတ်လား။ ဝေဒနာကို သိဖို့ကြိုးစားနေရင်း ဝေဒနာကို တည်ဆောက်နေမှုဟာ ပျောက်ဆုံးသွားမယ်။ ဆုံးရှုံးသွားမယ်လေ။ ဟန်းစ်ဂျော့ဂါဒမာကို ခေါ်ကြပါ။ ဂါဒမာကို ခေါ်ကြပါ။ သူပါမှလည်း ကောင်းမယ်။ မြို့ပြကို ရောက်တဲ့အခါ မောင်ဇော်ကို ခေါ်ပြီး အဖျားအနားကို ဓားသန်လျက်နဲ့ ညှိခိုင်းမယ်။ တိခိုင်းမယ်။ ပန်းပွင့်တွေက ရော်နေပြီ။ လွမ်းစရာ မရှိတော့ဘူး။ နွေဦးရောက်လို့ ပန်းတွေ အများကြီး ပွင့်လာတော့မှာ မဟုတ်ဘူးလား။ အရင်က ပန်းတွေလည်း မလှဘူးတော့ မဟုတ်ပါဘူ။ လှတော့ လှခဲ့တာပါပဲ။ ဒါပေမယ့် အတိတ်က လှပခဲ့ခြင်းများပဲ ဖြစ်ခဲ့သည် မဟုတ်လား။ လှပခြင်းဟာ အလွမ်းဖြစ်ခဲ့ရပြီ မဟုတ်လား။ မြို့ပြထဲက ပြန်ရင်ဖြင့် အလွမ်းတွေ သယ်မလာကြပါနဲ့။ အလွမ်းတွေ သယ်မလာကြပါနဲ့။ ဝေဒနာတွေကိုသာ ယူလာခဲ့ကြပါ။ ဒီနှစ်နွေဦးရောက်ရင်လေ မြို့ပြတွေဆီ တို့တစ်တွေ သွားကြမှာနော်။

(၆)

ဤတွင် ရှိရင်းစွဲကိစ္စကို ပြန်၍သုံးသပ်ရန် လိုအပ်လာခဲ့ပေပြီ။ အရာရာကို သန်းတင်မ ပြောသကဲ့သို့ ဖြစ်ရမည်ဟု မဆိုနိုင်။ အရီး မရွှေညှာကမူ "ပြီးတာတွေ ပြီးစေတော့အေ" ဟု ဆိုလေ သန်းတင်မ၏ မကြားတကြား ဆိုသံများ ကျယ်လာလေဖြစ်၏။

နောက်တစ်နေ့တွင်မူ အရီးမရွှေညှာကို ဘုန်းကြီး

www.burmeseclassic.com


ဦးပညာက အခေါ်လွှတ်သည်ဟု ကြားရသော်လည်း အကြောင်းရင်း တစ်စုံတစ်ရာ မသိရချေ။ ဘထွေးလေး ကိုထွန်းပက ဘုန်းကြီးအတွက် ဆွမ်းလာပို့သောအခါတွင်မူ ကပ္ပိယချမ်းသာအိုးက “ယနေ့တော့ ဗိုက်ခွေးနမ်းပဟေ့”ဟု တစ်ကိုယ်တည်း ခပ်တိုးတိုး ပြောလိုက်လေသည်။

အရပ်လူကြီး ဦးဘိုးထင်တစ်ယောက်မှာမူ မန်ကျည်းပင်အောက်က ကွပ်ပျစ်ပေါ်တွင် အခန့်သား ထိုင်ရင်း ဆိတ်ကုလား မောင်မြဆံပင် ညှပ်ပေးသည်ကို ဇိမ်ခံနေတော်မူသည်။

ရွှေညိုတို့ လူသိုက်မှာ တောင်ဘက်က ထန်းထဲတွင်သာ တစ်နေကုန် အောင်းနေရင် ပုံမှန်ပြန်ဖြစ်သွားကြလေပြီ။ နောက်ထပ်ပေါ်ပေါက်လာသော ပြဿနာတစ်ရပ်မှာ လှေသမားများ မြစ်ထဲမှ ဆယ်လာသော လူသေကောင်တစ်ခုဖြစ်သည်။ ထိုလူသေကောင်မှာ မည်သူမည်ဝါ ဖြစ်ခဲ့သည်ဆိုခြင်းကိုမူ မသိကြပေ။ အမျိုးမျိုး ထင်ကြေးပေးကြသော်လည်း မည်သူမကမျှ ရေရေရာရာ မပြောနိုင်ကြ။ သူသည် တစ်နေရာရာတွင် ပျောက်ဆုံးနေမည်မှာ မုန်သော်လည်း သူ၏ဖြစ်ခဲ့ခြင်းနှင့် ရှိခဲ့ခြင်းကို လည်းကောင်း၊ ယခုအခါတွင် ရှိခြင်း ကျင်းပခဲ့ပြီဖြစ်သော သူ၏ဖြစ်နေသေးခြင်းကို လည်းကောင်း၊ မည်သူကမျှ စိတ်ဝင်စားခြင်း မရှိကြပါ။ မည်သူကမျှ ထိုလူသေကောင်၏ ရှိနေခြင်းကို အသိအမှတ်မပြုကြပါ။ သို့အတွက် ဤတွင် ဘဝတစ်ခု၏ ဖြစ်ရှိခဲ့ခြင်းနှင့် ပတ်သက်၍ မည်သူကမျှ ဘာကိုမျှ မပြောနိုင်ကြ

ပါ။

(၇)

ဟိုး ဟိုး အဝေးကြီးမှာ ရှိတဲ့ မြစ်ကြီးထဲမှာ ငါး တွေရှိတယ်။ တချို့ငါးတွေဟာ ရေစုန်ကို လိုက်သွားကြရင်း မြစ်မကြီးထဲက တစ်ဆင့် ပင်လယ်ကြီးထဲသို့ ရောက်သွား ကြလေရဲ့။ ငါးတချို့ကျတော့လည်း ရေဆန်ကို ဆန်တက် ကြလေရဲ့။ မြစ်များ၊ မြစ်စကို ရောက်မရောက်တော့ မပြော တတ်ပါဘူး။ ရေဆန်ကို တက်ကြရာမှာတော့ အကြောင်း ရင်း တစ်စုံတစ်ရာ ရှိကောင်းမှာပါ။

မြစ်ဟာ တစ်ဘက်သတ်သာ စီးဆင်းနေလေ တော့ မြစ်ရဲ့ ကစဉ့်ကလျားဖြစ်နေမှုဟာ စည်းကမ်းဘောင် တစ်ခုတည်းက ကစဉ့်ကလျားဖြစ်နေမှုပဲ ဖြစ်မယ်။ ဒါ ကြောင့်လည်း ဘာသာစကားရဲ့ နေရာက ကျယ်ပြန့်လာ တော့တာပေါ့။ မြစ်ကမ်းပါးမှာတော့ တစ်နေကုန် တစ်နေ ခမ်းထိုင်ပြီး မြစ်ကြီးကို ကြည့်နေတဲ့လူတွေရှိတယ်။ နား ထိုင်းတဲ့ ဂီတဆရာတွေ၊ အနေတဲ့ သီချင်းသည်တွေ၊ အကြောင်းမဲ့ စိတ်ကူးယဉ်ဝါဒီတွေ၊ "ငါ"ကို ရှာမတွေ့နိုင် သူတွေ၊ အလွမ်းကို စနစ်တကျ သင်ကြားပေးနိုင်ရန် ကြိုး ပမ်းနေကြသူတွေ၊ အသိပညာမဟုတ်တဲ့ အသိတစ်စုံတစ်ရာ ကို ရှာဖွေနေကြတဲ့ မော်ဒန်လွန်ကာလရဲ့ ကျေးကျွန်တွေ စသည်ဖြင့် စသည်ဖြင့်။

(၈)

www.burmeseclassic.com


ဤတွင်မူ ကနဦးက အတိုင်းပင် ဖြစ်သည်။

(၉)

ဟိုး ဟိုအဝေးကြီးမှာ ရှင်အဲဂနိရဲ့ တစ်ညနေခင်း၊ တစ်နည်းပြောရရင် ကိ(သ)(စ) ရဲ့ ရှင်အဲဂနိညနေခင်းတစ်ခုဟာ ဟိုအသစ်တုန်းက အတိုင်းပါပဲလေ။

# ဘာသာစကားများအတွင်းမှ သိမှုဗေဒ၏ အနာဂတ်ရေခဲတုံး

အစ်ကိုလေးကိုကြည်နူးကို သင်္ဂြိုဟ်မြှုပ်နှံပြီးသော အခါ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သားတွင် တာဝန် တစ်ရပ်ပြီးစီးသွားသည်ကဲ့သို့ ခံစားမိကြပါသည်။ ဤနေရာ တွင် ကျွန်တော့်အဖို့ ကျွန်တော်က ပို၍ တာဝန်ယူပြောနိုင်ပါ သည်။ ကျွန်တော်သည် ကျွန်တော့် ညီကလေး မောင်ချစ်ဖို့ မဟုတ်ပါ။ ကျွန်တော်တို့ညီအစ်ကို သုံးယောက်သားအနက် သူနှင့် ကျွန်တော်သည် အထက်အောက် ဖြစ်ပါသည်။ အတော်များများတွင် စိတ်တူသဘောတူ ဖြစ်ကြပါသည်။ ဤသို့ဆို၍ ကျွန်တော်တို့အစ်ကိုမှာ အရာရာတွင် တစ် သဘောတည်း ဆောင်ကြသည်ဟု အမှတ်မမှားကြပါနှင့်။ ကျွန်တော်ပြောချင်သည်ကို နားလည်ရန်အတွက် လူဆို သည်မှာ တစ်ဦးချင်းစီကို ခေါ်ဆိုသည်ဟူ၍သာ ယာယီအား

ဖြင့် ခပ်လွယ်လွယ် မှတ်ထားကြစေချင်ပါသည်။ သို့ဖြစ်၍ အစတွင် ပြောခဲ့သောစကားကို ပြန်ကောက်ရသော် ... အစ်ကိုလေး ကိုကြည်နူးကို သင်္ဂြိုဟ်မြုပ်နှံပြီးစီးသောအခါ ကျွန်တော့်အဖို့ လူသားတစ်ယောက်အတွက် လုပ်ဆောင်ရန်ရှိနေခဲ့သော တာဝန်တစ်ရပ်မှာ ပြီးစီးသွားခဲ့ပြီဖြစ်ကြောင်း ကျေနပ်စွာ ခံစားလိုက်မိခြင်း ဖြစ်သည်။ နောင် အစ်ကိုလေးနှင့် ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးဟုသော အသိတရားကမူ ဝမ်းနည်းခြင်းတစ်ရပ်ကို ဖြစ်စေခြင်းပေါ်နေမိကြောင်း ဝန်ခံရပါသည်။

ညီကလေးမောင်ချစ်ဖို့မှာမူ ဝမ်းနည်းကြေကွဲမှုများကို အလွယ်တကူ သုတ်သင်ပစ်နိုင်ပုံမရပါ။ ကျွန်တော်က သည်းခံနိုင်စွမ်း မရှိတော့သည့်အခါ "တစ်နေ့တော့၊ မင်းလည်း သေမှာပဲ။ ငါလည်း သေမှာပဲ။ မင်းခုလို ငိုနေလို့လည်း ဘာမှ အကြောင်းထူးလာမှာ မဟုတ်ဘူး" ဟု ပြောလိုက်မိပါသည်။ ထိုအခါ ညီကလေးမောင်ချစ်ဖိုက ဒေါသသံဖြင့် ကျွန်တော့်ကို တုံ့ပြန်ပါသည်။ "ဒီမယ်၊ ခင်ဗျားသိသလောက်တော့ ကျုပ်လည်း လောကကြီးအကြောင်းသိပ။ ခင်ဗျားပြောနေကြ၊ လူတွေဟာ ဒါပေတဲ့။ ခုသေသွားတာက ကျုပ်အစ်ကိုဗျ။ ခင်ဗျားအစ်ကိုသေလို့ ခင်ဗျားဖာသာ ဝမ်းမနည်းတာ ခင်ဗျား အလုပ်။ ကျုပ်အစ်ကို သေသွားလို့ ကျုပ်ဝမ်းနည်းတယ်။ ကျုပ်ငိုတယ်။ ဘာဖြစ်သလဲ။ ခင်ဗျားသေရင်လည်း ကျုပ်ငိုမှာပဲ" ယခုကဲ့သို့သောအခါမျိုးတွင် ညီကလေးမောင်ချစ်ဖို့ကို ကျွန်တော် ရှင်းပြနေ၍လည်း

အကြောင်းထူးမည် မထင်လှ။ စိတ်ထဲမှာပင် "ငါသေလို့ မင်းငိုလည်း မင်းပင်ပန်းယုံသော ရှိမပေ့။ ငါကမှ ပြန်ရှင် မလာနိုင်တော့တာ" ဟု ပြောလိုက်မိပါသည်။ ညီကလေး မောင်ချစ်ဖိုအား ဆက်လက်၍ အပြန်အလှန်ပြောဆိုနေခြင်း ဖြင့် အကျိုးတစ်စုံတစ်ရာ ထူးလာဖွယ်မရှိတော့သဖြင့် ကျွန် တော်သည် မြစ်ဖက်သို့ ထွက်ခဲ့ပါသည်။

နေဝင်ရန် တာစူနေခဲ့ပြီဖြစ်၍ တန်ဆောင်မုန်းလ ၏ ကောင်းကင်ပြင်မှာကား ငြိုညင်စရာမရှိသော အလှတစ် မျိုးဖြင့် ပြည့်နေခဲ့ပါ၏။

*

မြစ်မှာမူ ဆုတ်ရေနှင့် တက်ရေ အရောရှိနေသေး သည်။ ခပ်လှမ်းလှမ်းမှ မြစ်ကွေ့တွင် ပြိုစပြုသော ကမ်းပါး ၏ အားပေးမှုကြောင့် ရွှံ့ရောင်ရေပြင်တွင် ပြေပြစ်လှခြင်း မရှိသော စပ်ကြားအရောင်များ ထွက်ပေါ်၍နေသည်။ ရှန်း ရင်းကြမ်းတမ်းလှသော အလှတစ်မျိုးမှာ မြစ်၏မျက်နှာပြင် တွင် ပေါ်ပေါက်နေခဲ့ပါ၏။ ကျွန်တော့်အနေဖြင့်မူ ပညာ တတ်တို့၏ ထိုးဇာတ်များအတွင်း တည်ဆောက်ပြခဲ့သော "ရွှေရောင် တောက်နေသော မြစ်ရေ၏အရောင်" ဆိုသော စကားလုံးအသုံးအနှုန်းကို မသုံးလိုပါ။ အများက သိကြပြီး သည့်အတိုင်း ရွှေသည် ရွှေဖြစ်ပြီ၊ ရွှံ့သည် ရွှံ့သာဖြစ်ပါ သည်။ ရွှေနှင့်ရွှံ့ကို ရောထွေးပစ်ရန်မှာ အသိပညာကို လက် ပြောင်းလက်လွှဲပြုရာတွင် အလွန်ကျွမ်းကျင်နှံ့စပ်ရန် လိုပါ

www.burmeseclassic.com


လိမ့်မည်။ မြစ်ဖက်မှ တိုက်ခတ်လာသောလေက ကျွန်တော့်အား တိုးခွေ့သွားသောအခါ တစ်ချက်တစ်ချက်တွင် အပုတ်နံ့ရတတ်ပါသည်။ မြစ်၏သာယာစဖွယ်ရှိနေခြင်းကို ကျွန်တော် ခံစားလိုပါသည်။ မြစ်၏သာယာစဖွယ်ရှိနေခြင်းကို ကျွန်တော်က ဝေငှရယူလိုပါသည်။ သို့ရာတွင် ရှိနေသည် ဟု ယုံကြည်ထားသော "သာယာစဖွယ်ရှိနေခြင်း"နှင့် ရှိလိမ့်မည် ဟု ထင်ရှိနေသော "သာယာစဖွယ်ရှိနေခြင်း" တို့အကြားမှ နီးစပ်မှုကို ရှာရပါလိမ့်မည်။

တကယ်တမ်း ရှိနေသော မြစ်၏ရန့်ရင်းကြမ်းတမ်းသော အလှကို ကျွန်တော် ပယ်ဖျောက်၍ မထားနိုင်ပါ။ "အလှ"ဟုသော စကားလုံးကို "ရန်ရင်းကြမ်းတမ်းသော" ဟူသော နာမဝိသေသန ဖြင့် တွဲစပ်သုံးသဖြင့် ကျွန်တော့်ကို အပြစ်ပြောလိုသော် ကျွန်တော် ရှင်းပြစမ်းပါရစေ။ ရှေးဦးစွာ ဂန္ထဝင်ခေတ်မှာ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်းကို အစဉ်အလာ အုံးမောင်းခေါက်သံကြားရသည့်တွင် နိုးထရန် သတိရစေချင်သည်။ သို့သော်လည်း သတိပေးစမ်းပါရစေ။ ကျွန်တော်က ဂန္ထဝင်ခေတ်ကို ကျော်ခဲ့ပြီ ဟု သာဆိုသည်။ ဂန္ထဝင်ခေတ်ကို ငြင်းဆိုကြပါ ဟု မဆိုလိုပါ။ ငြင်းဆိုလိုသူများရှိသော် သူတို့ထဲတွင် ကျွန်တော်မပါ၊ ပါ။ မှန်ရာကိုပြောရလျှင် "အလှ" နှင့် ပတ်သက်၍ ဂန္ထဝင်မြောက်ကာလ၏ အနက်ဖွင့်ဆိုမှုများကိုသာ ကျွန်တော် ငြင်းဆိုပါသည်။ ကျွန်တော်နှင့် တော်လစတွိုင်းတို့အကြား၊ ကျွန်တော်နှင့်လောဒဘိုင်ရွန်တို့အကြား၊ ကျွန်တော်နှင့် ဒစ်ဒရိုးတို့အကြား၊

ပုဂ္ဂိုလ်ရေးမှန်းတီးမှုများမရှိပါ။ လောလောဆယ်ပေါ်ပေါက်နေခဲ့သော မှန်းတီးမှုတစ်ရပ်မှာ ညီကလေးမောင်ချစ်ဖို့၏ စည်ရိုးခြားထား၍ မရနိုင်သေးသော သိမှုအတွင်းမှ အမှန်တရားနှင့် သရုပ်ပျက်စိတ်ကူးပုံစံများ၏ ရောထွေးနေမှုသာဖြစ်ပါသည်။ သရုပ်ပျက်စိတ်ကူးပုံစံတို့၏ အရင်းခံမှာ လိုအပ်သည်ထက်ပို၍ စိတ်ကူးယဉ်ခြင်းသာဖြစ်ကြောင်း၊ အချိန်ရသည့်အခါ ညီကလေးမောင်ချစ်ဖို့အား ရှင်းပြမည်ဟူ၍ကား စဉ်းစားထားပါသည်။

ဤတွင်မူ မြစ်၏ရန့်ရင်းကြမ်းတမ်းစွာ လှုပနေမှုအကြောင်းကို ကျွန်တော် ရှင်းပြချင်ပါသည်။ သို့သော်၊ မြစ်၏ အစိတ်အပိုင်း တစ်ခုကဖော်ထုတ်နေသည့် "အလှ" တစ်မျိုးကို ကျွန်တော်က ဖော်ထုတ်ပြသင့်ပါသလော။ "တစ်စိတ် တစ်ပိုင်း" သည် "တစ်ခုလုံး" နှင့် ဆိုင်ပါသလော။ မြစ်၏ရှိနေခြင်းမှာ မြစ်၏လှုပခြင်းနှင့် ဆိုင်ပါသလော။ ကျွန်တော်၏ ညီကလေးမောင်ချစ်ဖို့အပေါ် မကျေနပ်ချက်များကို မြစ်၏လှုပခြင်းဖြင့် အစားထိုးကာ မည်သို့ပြောဆိုဆွေးနွေးရနိုင်ပါမည်နည်း။ အကယ်၍ ထိုနေ့က အစ်ကိုလေး ကိုကြည့်နူးအား မြေမြုပ်သင်္ဂြိုဟ်လိုက်ရသော တန်ဆောင်မုန်းလ၏ တစ်ခုသော ညနေဖက်မဟုတ်ဘဲ၊ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်သား မြစ်လည်တွင် ငါးများထွက်ခဲ့ကြသော တပေါင်းလဆန်း၏ ညတစ်ည ဖြစ်ခဲ့သော ကျွန်တော့်တွင် မြစ်၏ရန့်ရင်းကြမ်းတမ်းသော အလှအကြောင်း တွေးမိခဲ့ပါမည်လော။ ရှိမှန်းသိသော်လည်း

www.burmeseclassic.com


ကျွန်တော်မတွေ့ရသေးသဖြင့် မြစ်၏ရှိနေခြင်းကို ကျွန်တော် ယတိပြတ်ပြောမပြနိုင်သေးပါ။ ယုတ္တိဗေဒစာအုပ်များလည်း မဖတ်သည်မှာကြာခဲ့ပြီဖြစ်၍ နည်းလမ်းတကျ မတွေးခေါ်ခဲ့သည်မှာလည်း ကြာလှပါပြီ။ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။

*

ဤသို့ဆိုလျှင် "ငါတွေး(တတ်)လို့၊ ငါရှိတယ်" ဟု သံသယလောကကြီးကို တည်ဆောက်ပြသော ဒေးကာကို သင်္ဂြိုဟ်ကုန်းထဲမှ သွား၍ နိုးရပေလိမ့်မည်။ အလွန်ကောင်းသော်လည်း အသုံးမတည့်သည့် စိတ်ကူးစိတ်သန်းများအကြောင်း သင်တို့ ကြားခဲ့ဖူးပြီ မဟုတ်ပါလား။ ဒေးကာကို သင်္ဂြိုဟ်ကုန်းထဲသွား၍ နိုးစေခဲ့၍ ကျွန်တော် ရှင်းပြချင်သောအကြောင်းများအား သူ့ကို ရှင်းပြစေနိုင်ခဲ့သော် အထိုက်အလျှောက်ပြေလည်နိုင်စရာ ရှိပါသည်။ သို့သော်လည်း ဖြစ်နိုင်သောကိစ္စ ဖြစ်တန်ရာအခြေရှိသောအကြောင်း တစ်ခု မဟုတ်ပါ။ ယခုကဲ့သို့ အခါမျိုးတွင် အစ်ကိုလေးကိုကြည်နူးကိုသာ သတိရလိုက်မိသည်။

အစ်ကိုလေးကသာ ကျွန်တော့် ကိုဒေးကာ၏ ဆင်ခြင်ခြင်းတောကြီးမျက်မည်းထဲမှ ဆွဲထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် သေခြင်းတရားထက် ဆင်ခြင်တုံတရားများ ပျောက်ဆုံးသွားမည်ကို ပူပင်နေတတ်ခဲ့ပါသည်။ ဆင်ခြင်တုံတရားများ ပျောက်ဆုံးသွားလေမလားဟု တွေးပူ

တတ်ပါသည်။ သို့ရာတွင် ကျွန်တော် တွေးပူနေသည် ဆင်ခြင်တုံတရားများ၊ ဆင်ခြင်ခြင်းစနစ်များမှာ ရေခပ်ဆင်းလာကြသော သူငယ်မများ၊ ဘာဘူဘုရားနောက်ဖက်က ထန်းတောထဲက ကြက်ဥရိုးဖြင့် အလျှော်ခံထားသော ထန်းရည်များအကြောင်း၊ မနှစ်က မိုးဦးကျက ကြိုးသွားသော တာရိုးအကြောင်း စသည်များ မဟုတ်ကြပါ။ အလုံးစုံသဘောကို ချုပ်နှောင်ထားနိုင်ရန် ဆင်ခြင်နည်းများအကြောင်းသာ ဖြစ်တော့သည်။ သို့အတွက် "လှပခြင်း" သည်လည်းကောင်း၊ "သေဆုံးခြင်း" သည်လည်းကောင်း၊ သို့မဟုတ် "စနစ်တကျမရှိခြင်း" သည်ပင်လည်းကောင်း၊ ကျွန်တော့်အဖို့ စနစ်တစ်စုံတစ်ရာ၏ ပရဝဏ်အတွင်းတွင်သာ ဖြစ်နေတော့သည်။ ပိုမိုသာချာစွာဆိုရသော်၊ "ဖြစ်နေတော့သည်" ဟုဆိုခြင်းထက် "ဖြစ်စေချင်သည်" ဟူ၍သာဆိုရပါမည်။

ဆင်ခြင်ခြင်းတောကြီးမျက်မည်းထဲရှိစဉ်ကမူ သေခြင်းသည်ပင် ဆင်ခြင်တုံတရား၏ အစိတ်အပိုင်းတစ်ခု၍သာ ထင်ခဲ့မိသည်။ ထို့အတူ လှပခြင်းများ၊ သာယာသောသံစဉ်များ၊ တိမ်တောက်ခြင်းများ၊ ခိုးငြီးသံများ၊ စသည် ... စသည်တို့မှာ ကျွန်တော်၏ သိမှတ်ခံစားနိုင်ခြင်းအတွင်းမှ ဆင်ခြင်ခြင်းပုံစံများသာ ဖြစ်တော့သည်။ တကယ့်ဘဝဆိုသည်မှာ ဆင်ခြင်နိုင်သော တစ်စုံတစ်ရာမှ လွဲ၍ အခြားမဖြစ်နိုင်တော့။ ဘဝဆိုသည်မှ စိတ်ကူးထဲတွင် တည်ဆောက်နိုင်သော စိတ်ကူးများထက် မပိုနိုင်တော့။ ထိုအခါဘဝ၏ဖြစ်နေခြင်းတွင် အဆုံး–အစ မရှိတော့။ သေဆုံး

www.burmeseclassic.com


ခြင်း၊ လှပခြင်း အစရှိသည့် အလုံးစုံတို့မှာ ဒြပ်မဲ့သော စိတ်ကူးပုံစံများသာ ဖြစ်တော့သည်။ တဆောင်မုန်းလသည် လည်းကောင်း၊ တပေါင်းလသည် လည်းကောင်း၊ ပြက္ခဒိန်စာရွက်ပေါ်တွင် တစ်ယောက်ယောက်က ပုံနှိပ်ထားခဲ့သော စာလုံးအချို့သာ မဟုတ်ပါလား။

ထိုစဉ်ကမူ ကျွန်တော် ပျော်ခဲ့ပါ၏။

*

အစ်ကိုလေးကို မြုပ်နှံလိုက်စဉ်က စတိသဘောဖြင့် သူ၏မြေကျင်းထဲသို့ ကျွန်တော်က မြေတစ်ခဲပစ်ချခဲ့ပါသည်။ စိတ်ထဲမှမူ "သွားပေတော့။ ဆင်ခြင်တုံတရားတွေ" ဟု ပြောလိုက်မိပါသည်။ အစ်ကိုလေး ကိုကြည်နူး၏ ရုပ်တန့်ခဲ့ပြီဖြစ်သော ရုပ်နှင့်အတူ ကျွန်တော် ဆင်ခြင်တုံတရားများလည်း ရုပ်တန့်သွားကြစေလိုသည်။ ဆင်ခြင်တုံတရားများ၊ ဆင်ခြင်ခြင်းနည်း စနစ်များ မရှိတော့ဘူးဟု ဆိုသောအခါ အစ်ကိုလေး၏ သေဆုံးသွားခဲ့ခြင်းသည် တကယ့်အဖြစ်အပျက်တစ်ရပ်နှင့် တူလာခဲ့တော့သည်။ ညီကလေးမောင်ချစ်ဖို့၏ ကြေကွဲမှုသည် တကယ့်ဖြစ်ရပ်နှင့် တူလာတော့သည်။ "လှပခြင်း"၊ "တန်ဆောင်မုန်းလ" စသည်တို့မှာမူ အဘယ်မှာနည်း။ ဆင်ခြင်းခြင်းများနှင့်အတူ ပျောက်ဆုံးခဲ့ပါပြီလော။

ကျွန်တော် သတိတရရှိနေသေးသော တပေါင်းလ၏ နေ့တစ်နေ့ကို ပြန်လည်ခံစားကြည့် ရန်မြစ်ဖက်လျှောက်

လာရင်း မြစ်မှာ ပျောက်ဆုံးစပြုလာခဲ့သည်။ ထိုအခါ စိတ်ထဲမှပင် ဒေါသတကြီးဖြင့် "မြစ်၊ မြစ်၊ ... မြစ်၊ ခင်ဗျား ရှိနေဖို့ လိုသေးတယ်။ ခင်ဗျားပျောက်ဆုံးသွားလို့ မဖြစ်သေးဘူး" ဟု မြစ်ကို အသိဉာဏ်ရှိသူ တစ်ယောက်ဟု သဘောထားကာ အော်ဟစ်နေမိသည်။ မြစ်ကို ပျောက်ဆုံးမသွားစေချင်သေးပါ။ မြစ်၏ ရုန့်ရင်းကြမ်းတမ်းသောအလှများကို ကျွန်တော် ခံစားချင်ပါသေးသည်။ မြစ်ထဲတွင် ကျွန်တော်တို့ ညီအစ်ကိုတစ်သိုက် ငါးမျှားထွက်ခဲ့ကြပုံများကို စိတ်ကူးပုံရိပ်ဖော်ကြည့်ချင်ပါသေးသည်။ သို့သော်လည်း ဆင်ခြင်တုံတရားများကို စွန့်ပစ်ခဲ့ပြီဖြစ်၍ ကျွန်တော့်တွင် တစ်ခါကတပေါင်းလတွင် မြစ်ထဲ၌ ကျွန်တော်တို့ညီအစ်ကိုတစ်သိုက် ငါးမျှားထွက်ခဲ့ကြပုံကို မည်သို့ ပြန်လည်ပုံရိပ် ဖော်ကြည့်ရပါမည်နည်း။

မြစ်ဖက်သို့ လျှောက်လာခဲ့သော ကျွန်တော်သည် ယခုတိုင်မြစ်ကိုမတွေ့ရသေးသဖြင့် ပူပန်လာမိသည်။ မြစ်ကို စိတ်ကူးများထဲတွင် ပြန်လည်ပုံဖော်ကြည့်နိုင်သော ဆင်ခြင်ခြင်းမှာလည်း ကျွန်တော်နှင့်အတူ ပါမလာခဲ့တော့။ ယခုကဲ့သို့သောအခါမျိုးတွင် မြစ်၏ "ရှိခဲ့ခြင်း"နှင့် "ရှိနေခြင်း" အကြောင်းကို ပြန်လည်ပုံဖော်ပြနိုင်သည်မှာ ဘာသာစကားတစ်ခုသာ ကျန်တော့သည် မဟုတ်ပါလော။ ဘာသာစကားကသာ အရာရာ၏ ရှိနေခြင်းကို ဖော်ထုတ်နိုင်ခဲ့ပြီ မဟုတ်ပါလော။ ဘာသာစကားထဲတွင် အစ်ကိုလေး ကိုကြည်နူး၏ မရှိတော့သည် ရှိနေခြင်းသည်လည်းကောင်း၊

www.burmeseclassic.com


ညီကလေး မောင်ချစ်ဖို့ ကြေကွဲတတ်သော အဖြစ်သည် လည်းကောင်း၊ တဆောင်မုန်းလများ၊ တပေါင်းလများ၊ မြစ်များ၊ လှပခြင်းများ ရှန့်ရှင်းကြမ်းတမ်းမှုများနှင့် ဆင်ခြင်တုံတရားများသည်” ရှိ နေခဲ့ပြီ ဖြစ်တော့သည်။

အကယ်၍ ကျွန်တော်သေဆုံးသွားသည့်အခါ ညီကလေး မောင်ချစ်ဖို့က ဝမ်းနည်းသဖြင့် ငိုကြွေးခဲ့သော် ကျွန်တော်က ကန့်ကွက် ပြောဆိုရန်အကြောင်း မရှိတော့ပါ။ ညီကလေးအဖို့ နာမ် သို့မဟုတ် ကြိယာတစ်စုံတစ်ခုအား နာမဝိသေသန သို့မဟုတ် ကြိယာဝိသေသန တို့ဖြင့် ပေါင်းစည်း၍ ဘာသာစကား၏ ပရဝဏ်အတွင်း၌ ခိုင်မာမှုတစ်ရပ်ကို ထူထောင်ပြခြင်းသာ ဖြစ်ပေတော့သည်။ ဘာသာစကား၏ဘောင်ထဲမှ ညီကလေး မောင်ချစ်ဖို့က လူမှုဘဝ၏ အနေအထားများကို ထူထောင်ပြနေသည်သာ ဖြစ်တော့သည်။

ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ငိုကြွေးခြင်း တို့သည် ဘာသာစကားအတွင်း၌သာ ရှိပါသည်။ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ငိုကြွေးခြင်း တို့မှာ ဘာသာစကား မဟုတ်ကြပါ။

www.burmeseclassic.com

# ဘီယာလာသောက်သူများ

(၁)

ပျော်ပွဲစားရုံ၏ရှေ့ဖက်ပိုင်းတွင် ပြတင်းပေါက်များပါသော အခန်းနှစ်ခန်း ရှိလေသည်။ ထိုအခန်းများမှာ လှေကား၏ဘေးတစ်ဖက်တစ်ချက်တွင် ရှိသည်။ အခန်းထဲမှ လှမ်းကြည့်လျှင် ပျော်ပွဲစားရုံ၏ ခြံစည်းရိုးကို ကျော်ကာ၊ ကန်၏ရေစပ်အထိ မြင်ရတတ်သည်။ အေးအေးလူလူ စားသောက်ချင်သူများကမူ အတွင်းဖက်မှ အခန်းများကို သဘောကျတတ်သည်။ ဟိုတယ်၏ ရှေ့ဖက်ပိုင်းကို ကြည်အေးနှင့် လှအေးတို့က တာဝန်ယူကြရသည်။ နောက်ပိုင်းကိုမူ ဖထီးနှင့် အချိန်ပိုင်းငှားထားသော စားပွဲအငယ်များက တာဝန်ယူကြလေသည်။ ဤသည်မှာလည်း ပိုင်ရှင်အဖိုးကြီး ချောင်းရိန်း၏ သဘောသရဖြစ်သည်။ "မင်းတို့မှာ အတွေ့အကြုံ ပိုရှိတယ်" ဟုသော အဆုံးအဖြတ်ဖြင့် ချောင်းရိန်းက ကြည်အေးနှင့် လှအေးကို ရှေ့ဖက်ပိုင်းတွင် နေရာချလိုက်

www.burmeseclassic.com


ခြင်းသာ ဖြစ်တော့သည်။

သို့အတွက်လည်း "ထိုလူတစ်သိုက်" နှင့် ကြည်အေး၊ လှအေးတို့ပို၍ ရင်းနှီးဆက်စပ်မှု ရှိလာကြတော့သည်။ သူတို့လူသိုက်လာလျှင် ဟိုတည်၏ ရှေ့ဖက်ပိုင်းက ပြတင်းတံခါးပေါက်များပါသော အခန်းတွင် ထိုင်လေ့ရှိကြသည်။ များသောအားဖြင့် လှေကား၏ဘယ်ဖက်မှ အခန်းတွင် ထိုင်ကြလေ့ရှိသည်။ ထိုအခန်းမှာလည်း လူကြိုက်နည်းလှသော အခန်းဖြစ်၍ သူတို့တစ်သိုက်သော အထိုင်များတော့သည်။ "ထိုလူတစ်သိုက်" ကို "လူ၊ လေး ငါးယောက်" ဟု ခေါ်နိုင်သည်။ အကြောင်းမှာ သူတို့လာလျှင် တစ်ခါကမှ ငါးယောက်ထက်မပို လေးယောက်ထက် မနည်း။

"ထို လူတစ်သိုက်" လာလျှင် နှစ်နာရီခွဲနှင့် သုံးနာရီအကြားလောက်တွင် ရောက်လာလေ့ရှိသည်။ ထိုအချိန်မှာ ဟိုတယ်တွင် လူအပါးဆုံးအချိန် ဖြစ်သည်။ သောကြာနေ့ကဲ့သို့သော နေ့မှအပ၊ သူတို့ ငါးနာရီကျော်သည်အထိ မနေတတ်ကြ။ ဤသည်မှာပင် သောကြာနေ့တိုင်း မဟုတ်။ တစ်ခါတစ်ရံသာ ဖြစ်သည်။ သူတို့သည် မန္တလေးဘီယာသောက်သည်က များသည်။ တစ်ခါတစ်ရံ အထူးသဖြင့် သောကြာနေ့မျိုးတွင် မော့ဝီစကီတစ်လုံး ဝယ်သောက်ကြသည်။ ပုံမှန်မှာ တစ်ယောက်လျှင် ဘီယာသုံးလုံးသောက်ကြသည်။ တစ်နာရီလျှင် တစ်လုံးသာသာ နှုန်းဖြစ်သည်။ သူတို့သည် တနင်္လာနေ့မှ သောကြာနေ့ အထိပုံမှန်

တတ်ကြရာ ဘီယာအလာနည်းသောနေ့များတွင် ကြည်အေးနှင့် လှအေးတို့က "ထို လူတစ်သိုက်" အတွက် ဘီယာ တစ်ဆယ့်ငါးလုံး ချန်ထားလေ့ရှိသည်။

(၂)

"ထို လူတစ်သိုက်" စ၍ ပျော်ပွဲစားရုံသို့ ဘီယာ သောက်စက ချောင်ရိန်းပင် ခပ်ငယ်ငယ် ရှိသေးသည်။ ကြည်အေးနှင့်လှအေးလည်း ခပ်ငယ်ငယ်။ ချောင်ရိန်း အပါ အဝင် ကြည်အေးနှင့် လှအေး တို့ သတိပြုမိလိုက်သည်မှာ သူတို့လူသိုက်လျှင် လှေကားထပ်က ဘယ်ဖက်က အခန်း တွင် ပုံမှန်ထိုင်ကြခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ပို၍ သတိထားမိကြသည်မှာ ဆေးဘဲဥနှင့် ကြက်ဥဖူရောင်ကို သာ မှာကြခြင်းဖြစ်သည်။ ချောင်ရိန်း မှတ်မိသရွေ့ "ထို လူတစ်သိုက်" နေ့စဉ်လိုလို ဘီယာလာသောက်ကြသော ငါး နှစ်နီးပါးကာလတွင် တစ်ခါသာ ထူးထူးဆန်းဆန်း စပယ် ရှယ် ထမင်းကျော်ပွဲကြီးတစ်ပွဲမှာခဲ့ခြင်းဖြစ်သည်။

နေ့လယ်နေ့ခင်းပိုင်းတွင် ပျော်ပွဲစားရုံနောက်ဖက် ရှိ အခန်းပိုထဲသွား၍ အိပ်လေ့ရှိသော ချောင်ရိန်းသည် အိပ် ယာမှ နိုးလာသည့်အခါတိုင်းလိုလို ကြည်အေး သို့မဟုတ် လှအေးကိုတွေ့ပါက "ဟေ့ ဟို လူတစ်သိုက် ရောက်ပလား" ဟု လှမ်း၍ မေးလေ့ရှိတတ်သည်။ အကြောင်းမှာ နောက် ဖေးဖက်တွင် တိုင်ကပ်နာရီမရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူ့ကို တစ်ယောက်ယောက်က "ဟို လူတစ်သိုက် မရောက်သေးဘူး" ဟုဖြေလျှင် ချောင်ရိန်းအနေဖြင့် သုံးနာရီ

www.burmeseclassic.com


မထိုးတတ်သေးဟု အတတ်သိလိုက်တော့သည်။

ပြဿနာတစ်ခုမှာ "ထို လူတစ်သိုက်" မှာ ဘယ်သူဘယ်ဝါဟု မပြောနိုင်ခြင်းဖြစ်သည်။ သူတို့မှာ ဝန်ထမ်းများ၊ ကုန်သည် ပွဲစားများ၊ မဟုတ်သည်မှာ သေချာသည်။ သူတို့ လာ၍ ဘီယာသောက်သောအချိန်မှာ အခြားသူများ အလုပ်လုပ်၍ ကောင်းလောက်သော အချိန်ဖြစ်သည်။

သူတို့မှာ စကားအပိုပြောတတ်ကြသူများ မဟုတ်ချေ။ ကြည်အေးနှင့် လှအေး တို့ကို အပြောအဆို အဆက်အဆံ ရှိသော်လည်း၊ ထွေလီကာလီ ပြောတတ်သူများ မဟုတ်၊ တစ်ခါတစ်ရံ ချောင်ရိန်း၏ ငွေသိမ်းစားပွဲဆီလာ၍ ပိုက်ဆံရှင်းရာတွင် ချောင်းရိန်းနှင့် စကားတစ်ခွန်းစ နှစ်ခွန်းစသာ ပြောကြသည်။ နောင်သော် သူတို့ထဲက တစ်ယောက်ယောက်က ချောင်ရိန်းအား ချောင်ရင် ဟု အမည်ပေးလိုက်သည်။ ထိုအခါက အခြားတစ်ယောက်က "ချောင်ရင် ကောင်းတယ်။ ကြောင်ရင် မကောင်းဘူး" ဟု ဆိုသည်။ ထိုအခါမှာစ၍ သူတို့ပြန်ခါနီးတိုင်းလိုလို ချောင်ရိန်းကို တွေ့လျှင် တစ်ယောက်ယောက်က "ချောင်ရင် ကောင်းတယ်။ ကြောင်ရင် မကောင်းဘူး" ဟူ၍ နှုတ်ဆက်သွားလေ့ရှိတော့သည်။

(၃)

သူတို့ဘီယာသောက်ပြီး လောက်၍ ပြန်ကာနီးပြီဆိုလျှင် သူတို့အခန်းမှ ဆေးလိပ်မီးခိုးငွေ့ ထွက်လာသည်

ကို တွေ့ရတတ်သည်။ သူတို့အထဲက အရပ်မြင့်မြင့် တစ်ယောက်သည် ဆေးတံသောက်လေ့ရှိသည်။ ကျန်သုံးယောက်မှာ စီးကရက်သောက် လေ့ရှိသည်။ အရပ်ပုပုတစ်ယောက်မှာမူ ပြန်ကာနီး လှေကားထိပ်ရောက်လျှင် လွယ်အိတ်ထဲမှ ပလပ်စတစ်ဗူးတွင် သပ်သပ်ယပ်ယပ်ထည့်ယူလာသော ကွမ်းယာကိုထုတ်၍ ဝါးလေ့ရှိသည်။ သူက မကြာမကြာ "ကိုယ်ဒီကပဲ လမ်းလျှောက်ပြန်မယ်။ ကွမ်းကလေးဝါးပြီး လမ်းလျှောက်ရတာ အရသာရှိတယ်" ဟု ပြောလေ့ရှိသည်။ ကျန်လူများမှာ သူတို့ကို လာခေါ်သောကားများဖြင့် လူစုခွဲကာ ပြန်လေ့ရှိသည်။

ညနေ ငါးနာရီမထိုးမီ ပျော်ပွဲစားရုံအတွင်းသို့ ကားတစ်စီး သို့မဟုတ် နှစ်စီးရောက် လာတတ်သည်။ သူတို့ကိုလာခေါ်ခြင်းဖြစ်သည်။ ချောင်ရိန်း၏ ငွေသိမ်းစားပွဲမှာ လှမ်းကြည့်လျှင် ပျော်ပွဲစားရုံဂိတ်ဝမှ "ထို၊ လူတစ်သိုက်" ကို လာခေါ်သော ကားများ ဝင်လာသည်ကိုတွေ့လျှင် ထိုင်ရာမှ မထဘဲ "ညဆိုင်းကောင်တွေ ရောက်ပလား" ဟု ဆိုင်နောက်ဖေးဖက်သို့ လှမ်းမေးလေ့ရှိသည်။ ညဆိုင်း လုပ်သော ကောင်ကလေးအချို့မှာ ညနေငါးနာရီတွင် စကြရလေ့ရှိသည်။

တစ်ညနေတွင်မူ သူတို့အားလုံး ချောင်ရိန်း၏ ငွေသိမ်းစားပွဲသို့ ရောက်လာကြသည်။ သူတို့နောက်နားတွင် ကြည်အေးနှင့် လှအေး လည်းပါလာကြသည်။ ချောင်ရိန်းအား ကျသင့်ငွေများပေးပြီးနောက်၊ ကွမ်းဝါးလေ့ရှိသူက

www.burmeseclassic.com


“ချောင်ရင်၊ ကျုပ်တို့ မနက်ဖြန်ကစပြီး မလာကြတော့ဘူး။ ခင်ဗျား ဆိုင်မှာလာလာပြီး ဘီယာသောက်ရတာ အားလုံး အဆင်ပြေပါတယ်။ ဒါပေတဲ့ ကျုပ်တို့လည်း လူစုခွဲဖို့ အချိန်တန်ပြီ။ ဒီတော့ ကျုပ်တို့ အားလုံး ဒီကနေ့စလို့ လူစုခွဲလိုက်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ကျေးဇူးတင်ပါတယ်ဗျာ ...”ဟုပြောရင်း၊ လက်ဆွဲနှုတ်ဆက်ရန် သူ့လက်ကို ရှေ့ထိုးပေးလိုက်လေသည်။ ချောင်ရိန်းအဖို့ ဘာပြောရမှန်းမသိ။ ထို့နောက် တစ်ယောက်ပြီးတစ်ယောက် ချောင်ရိန်းကို လက်ဆွဲနှုတ်ဆက်ကြလေသည်။ နှုတ်ခမ်းမွှေးနှင့် ဆံပင်ခပ်ရှည်ရှည်နှင့် လူကမူ၊ ချောင်းရိန်ကို လက်ဆွဲနှုတ်ဆက်ပြီးသောအခါ စားပွဲဘေးနားတွင် ရပ်နေသော ဖထီးအား လက်ဆွဲနှုတ်ဆက်ရန် လက်ထိုးပေးလိုက်ရင်း “မင်းကို လူတွေက ဖထီးလို့ ခေါ်ကြတာ၊ မင်းက ကရင်လား” ဟု မေးလိုက်ပါသည်။ ထိုအခါ နောက်နားတွင် ရပ်နေသော လှအေးက “ဒီကောင်က ရှမ်းစပ်ပါ။ ကရင်နဲ့တူလို့ လူတွေက ဖထီးလို့ ခေါ်တာပါ” ဟု ဆိုလေသည်။

ချောင်ရိန်းအား နောက်ဆုံးလက်ဆွဲနှုတ်ဆက်သော ဆေးတံသောက်သမားကမူ ချောင်ရိန်းစားပွဲပေါ်မှ ပေသီးကို ကြည့်လိုက်ရင်း သူ့အင်္ကျီအိတ်ထဲမှ ရွှေရောင်အဖုံးနှင့် ပတ်ကားဖောင်တိန်ကို ထုတ်ယူလိုက်ကာ “ရော့၊ ခင်ဗျား စာရင်း ရေးဖို့ ကျုပ်တို့အားလုံးရဲ့ အမှတ်တရ ...” ဟု ဆိုကာ လှမ်းပေးလိုက်သည်။ ချောင်ရိန်းမှာ တစ်ခါကမှ သူ့ပျော်ပွဲစားရုံသို့လာရောက် စားသောက်သူများက သူ့

ကို ဤသို့ မဆက်ဆံခဲ့ကြသဖြင့် မည်သို့ပြန်ပြောရမှန်း မသိ။ ထိုအခါ ဆေးတံသောက်လေ့ရှိသူက ချောင်ရိန်း ညာဖက်လက်ကို လှမ်းဆွဲလိုက်ရင်း ဖောင်တိန်းကို ချောင်ရိန်း လက်ထဲသို့ထဲလိုက်တော့သည်။ ထို့နောက် သူတို့အားလုံးတို့သည် ဖထီး အပါအဝင် ကြည်အေးနှင့် လှအေးတို့အား လက်ဆွဲနှုတ်ဆက်ကြရင်း တစ်ယောက်ကို ဘောက်ဆူး တစ်ဆယ်စီပေးကြသည်။ လေ့ကားထိပ်အရောက်တွင် သူတို့အထဲမှ တစ်ယောက်က "ချောင်ရင် ကောင်းတယ်။ ကြောင်ရင် မကောင်းတာ" ဟု လှည့်၍ပြောလိုက်သည်။

ထို့နောက် "ထို လူတစ်သိုက်" သည် ပျော်ပွဲစားရုံရှေ့တွင် သူတို့အား လာစောင့်နေသော ကားနှစ်စင်းပေါ်သို့ လူစုခွဲကာ တက်လိုက်ကြသည်။ ကွမ်းဝါးသမားတစ်ယောက်သာလျှင် လမ်းလျှောက်၍ ထွက်သွားတော့သည်။ ထိုနေ့မှစ၍ ချောင်ရိန်းတို့ လူသိုက်၊ "ထိုလူတစ်သိုက်" ကို ပြန်၍မတွေ့ကြရတော့သော်လည်း တနင်္လာနေ့မှ သောကြာနေ့အတွင်း နေ့စဉ် နှစ်နာရီခွဲနှင့် သုံးနာရီအကြား တစ်ယောက်ယောက်များ လာမည်လောဟု အတွေးဖြင့် ပျော်ပွဲစားရုံအပေါက်ဝဖက်သို့ လှမ်း၍ လှမ်း၍ကြည့်နေမိတတ်သည်။

(၄)

ချောင်ရိန်းတစ်ယောက် ချော်လဲ၍ တင်ပဆုံးအရိုးအက်သွားသောကြောင့် အိပ်ရာထဲ တစ်နှစ်နီးပါးလဲနေခြင်း

www.burmeseclassic.com


သည် သူ၏ပျော်ပွဲစားရုံ ကလေး ပိတ်ထားရန် အကြောင်းရင်းတစ်ခု ဖြစ်လာသည်။ ချောင်ရိန်းက မပိတ်လိုသော်လည်း သူ့သားများက ယာယီဖြစ်စေ၊ ပိတ်ထားလိုက်စေလိုသည်။ သူတို့မှာ သူတို့၏ စွတ်ကျယ်စက်လုပ်ငန်းများ၊ မျက်နှာသုတ်ပဝါ စက်လုပ်ငန်းများနှင့် မအားနိုင်ကြ။ သို့ဖြင့် ချောင်ရိန်း၏ ပျော်ပွဲစားရုံကလေး ကိုးလ တစ်နှစ်ခန့် ပိတ်ထားလိုက်ရသည်။

ဤသို့ဖြင့် ကြည်အေးတို့ လူသိုက်ဇာတ်ခေါင်းကွဲသလိုဖြစ်ကြသည်။ ကြည်အေးလည်း သူ့မိန်းမ၏ အမျိုးများရှိရာ အညာသို့ လိုက်သွားတော့သည်။ လှအေးလည်း ဖျာပုံပြန်သည်။ ဖထီးတစ်ယောက်သာ ကုန်သည်လိုလို၊ စပယ်ယာလိုလိုဖြင့် ရန်ကုန်နှင့် မော်လမြိုင် ကူးနေသည်။ ရန်ကုန်ရောက်တိုင်း ချောင်ရိန်း အိမ်တွင် သွားနေလေ့ရှိသည်။ ချောင်ရိန်း၏ တောင်းဆိုချက်အား တစ်နှစ်ကျော်ကျော်ကြသောအခါ သူ့သားများက ပျော်ပွဲစားရုံကလေး ပြန်ဖွင့်နိုင်ရန် လုပ်ပေးကြရသည်။ သို့သော်လည်း ချောင်ရိန်းမှာ တစ်ပတ်လျှင် တစ်ရက်နှစ်ရက်သာ ပျော်ပွဲစားရုံတွင် ထိုင်နိုင်သည်။ ပျော်ပွဲစားရုံကလေးမှာ ချောင်ရိန်း ဆန္ဒအရ၊ ဖွင့်သည်ဟု ဆိုရုံသာဖြစ်သည်။ ဖထီး ရန်ကုန်သို့ ရောက်လာသော တစ်နေ့တွင် ချောင်းရိန်က ကြည်အေးတို့၊ လှအေးတို့ ရှာကွာ။ တို့အရင်ကလို ပြန်လုပ်ကြရအောင်ဟု ဆိုသည်။ သို့ရာတွင် ကြည်အေးကို ရှာမရတော့။ လှအေးမှာသဘော်ာနစ်ရာတွင် ပါသွားခဲ့လေပြီ။ ထိုအခါ အဖိုးကြီး

ချောင်ရိန်းသားများက ဖထီးကို ဦးစီးပေးရန် ပြောကြသည်။ ဖထီးကလည်း ကာလတရား၏ပြောင်းလဲနေမှုအတွင်း ပျော်ပွဲစားရုံကလေးကို အထိုက်အလျှောက်ပုံပြောင်းပစ်ရန် အကြံပေးလေသည်။

ချောင်ရိန်း၏ ပျော်ပွဲစားရုံကလေးမှာ အနှစ်နှစ်ဆယ် အစိတ် လောက်အကြာတွင် ပုံစံ အထိုက်အလျောက် ပြောင်းသွားခဲ့သည်။ ချောင်ရိန်းသား အကြီးကောင်က သူ့စရိတ်နှင့် သူပြင်ပေးခြင်း ဖြစ်သည်။ ပျော်ပွဲစားရုံကလေးကို လေအေးစက်များ တပ်ဆင်သောအခါ ချောင်ရိန်းက လေကားထိပ်နှစ်ဖက်မှ အခန်းများတွင် အတပ်မခံ။ "လေ၊ ရိုးရိုးတိုက်တာကြိုက်တဲ့ လူတွေလည်း ရှိဦးမှာပဲ" ဟု ဆိုကာ ငြင်းလေသည်။ "စက်ထဲက လာတဲ့လေက မရိုးဘူး။ လူတွေက ရှာကြံလုပ်ထားတာ" ဟု ဆိုသည်။ ဘယ်သူကမျှ ချောင်ရိန်း ဘာကို ဆိုလိုမှန်း မသိကြ။ ဖထီးကမူ နောက်သလိုလိုဖြင့် "ဟို ဆရာတစ်သိုက်အတွက် ဆိုပြီး ဆိုင်းဘုတ်ကလေး တပ်ပြီးထားရင် မကောင်းဘူးလား" ဟု ဆိုသောအခါ အဖိုးကြီးချောင်ရိန်းသည် သူ့ကို မကျေနပ်သော အကြည့်ဖြင့် လှမ်းကြည့်သည်ကို ဖထီး တွေ့လိုက်ရသည်။

ယခုအခါ ချောင်ရိန်း၏ ပျော်ပွဲစားရုံကလေးတွင် ဖထီးသည် လုပ်သက်အရင်ဆုံး အလုပ်သမားဖြစ်နေသည်။ ချောင်ရိန်းနှင့် သားများကလည်း သူ့ကို ယုံကြည်စိတ်ချအားကိုးကြသည်။ တနင်္လာနေ့များတွင် ချောင်ရိန်း ပျော်ပွဲစားရုံသို့ အလာမပျက်။ အဘယ့်ကြောင့် တနင်္လာနေ့များ

www.burmeseclassic.com


တွင် ချောင်ရိန်းတစ်ယောက် ပျော်ပွဲစားရုံသို့ မပျက်မကွက် လာတတ်သည်ကို မည်သူကမျှ ရှင်းမပြနိုင်။ သူလာသည် အခါတိုင်းတွင် ထိုင်နေကြငွေသိမ်းစားပွဲတွင် ထိုင်ကာ ပျော်ပွဲစားရုံရှေ့မှ မော်တော်ကားများရပ်သည့် နေရာဖက်၊ ဂိတ်တံခါးဖက်သို့ ငေးနေတတ်သည်။

(၅)

ထို၊ တနင်္လာနေ့ကမူ ထုံးစံအတိုင်း ပျော်ပွဲစားရုံတွင် လူပါးသည်။ နေ့ခင်းပိုင်းတွင် အဖိုးကြီးချောင်ရိန်း အိပ်ရာမှ ထလာသောအခါ ဖထီးသည် ပျော်ပွဲစားရုံကလေး၏ လှေကားထစ်ထိပ်တွင် ထိုင်ကာ ဆေးလိပ်သောက်နေလေသည်။ ထိုစဉ်၊ ပျော်ပွဲစားရုံကလေးဝင်းထဲသို့ ကားတစ်စီး ဝင်လာသည်။ ကားရပ်သောအခါ ကားထဲမှ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူတစ်ယောက် ဆင်းလာရာ ဖထီးက နိုင်ငံခြားသား ခရီးသည် တစ်ယောက်ယောက်လာသည် ထင်၍ ပျော်ပွဲစားရုံကလေး၏ တံခါးမကို အသာဖွင့်ပေးလိုက်ရင်း ခရီးကြိုပြုလိုက်သည်။ ထိုအခါ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူက "ဒီ၊ ထိပ်ခန်းမှာ ထိုင်လို့ရမလား" ဟု မေးလိုက်ရာ ဖထီးက အံ့ဩသင့်သလိုဖြစ်သွားပြီး "ရပါတယ် ဆရာ" ဟု ဆိုလိုက်ရင်း လှေကားထိပ်မှ ဘယ်ဖက်အခန်းလိုက်ကာကို အသင့်မပေးလိုက်သည်။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့်လူသည် ပြတင်းပေါက်မှ တစ်ဆင့် ရေကန်ဖက်သို့ လှမ်းကြည့်လိုက်ပြီး

နောက် ကုလားထိုင်တွင် ထိုင်လိုက်ရင်း သက်ပြင်းရှည်ကြီး ချလိုက်တော့သည်။ ထို့နောက်မှ ဖထီးအား မော့ကြည့်လိုက်ရင်း "မန္တလေးဘီယာ ငါးလုံးပေး ဗျာ" ဟု ဆိုရင်း၊ "အရင်ကလို ကောင်းသေးရဲ့လား" ဟု မေးလိုက်သည်။ ဖထီးက ကောင်းကြောင်း ပြောလိုက်ရင်း "ဆရာ ငါးလုံးစလုံး တစ်ခါတည်း ယူခဲ့ရမှာလား" ဟု မေးလိုက်မိသည်။ ထို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူက "ဟုတ်ကဲ့၊ တစ်ခါတည်းသာ ယူခဲ့ပါ" ဟု ပြန်ပြောလေသည်။ "ဆရာ ဧည့်သည်တွေ လာမလား" ဟု မေးချင်သော်လည်း ဖထီး မမေးတော့။ အခန်းထဲမှ ထွက်ကာနီးတွင် ထိုမုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူက "ခင်ဗျားတို့ဆီမှာ၊ ဆေးဘဲဥများရသေးလား" ဟု မေးရင်း၊ တစ်ဆက်တည်း "ရယင် တစ်ပွဲယူခဲ့ဗျာ" ဟု ဆိုလိုက်သည်။ ဖထီး အသာအယာ ခေါင်းညိတ်ပြရင်း အခန်းထဲမှ ထွက်လာခဲ့လေသည်။

ဖထီးက ဘီယာငါးလုံးနှင့် ဆေးဘဲဥကို စားပွဲပေါ် ချလိုက်ပြီးသောအခါ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့်လူက ဘီယာပုလင်းများအားလုံးကို ဖွင့်၍ ဖန်ခွက်ငါးလုံးတွင် ထည့်လိုက်လေသည်။ ဤသည်ကို အဆန်းတကြယ်အဖြစ် ရပ်ကြည့်နေသော ဖထီးအား သူက လှမ်းကြည့်လိုက်သောအခါ ဖထီးက အသာအယာပြုံးပြလိုက်ရင်း အခန်းထဲမှ ထွက်သွားခဲ့တော့သည်။ ထို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူသည် နောက်ထပ် တစ်စုံတစ်ရာ မမှာတော့ဘဲ၊ တစ်နာရီခန့်ကြာသောအခါ အခန်းထဲမှ ထွက်လာပြီး ချောင်ရိန်း၏

ငွေသိမ်းစားပွဲရှေ့သို့ ရောက်လာတော့သည်။ ဖထီးက ကျသင့်ငွေကို စာရင်းရေးပေးနေစဉ် ချောင်ရိန်းက သူပြောနေကျ စကားတစ်ခွန်းဖြစ်သော "အဆင်ပြေတယ် နော်၊ ဆရာကြီး" ဟူသော စကားတစ်ခွန်းကို ထိုမုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူအား ပြောလိုက်သည်။

ထို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူက ပါးစပ်ပေါ်အောင် ပြုံးလိုက်ရင်း၊ "ခင်ဗျားတို့ နှစ်ယောက် ကျုပ်တို့ မမှတ်မိတော့ဘူး ထင်တယ်" ဟု ပြောလိုက်ရင်း တစ်ဆက်တည်း "ချောင်ရင်ကောင်းတယ်။ ကြောင်ရင် မကောင်းဘူး" ဟု ပြောလေသည်။ ထိုအခါတွင် ချောင်ရိန်းနှင့် ဖထီးနှစ်ယောက်သား "ဟာ၊ ဆရာ ..." ၍သာပြောနိုင်ကြပြီး၊ အံ့သြသင့်နေမိကြတော့သည်။ ထို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူက ကျသင့်ငွေ ထုတ်ပေးသောအခါ ချောင်းရိန်းက "ဆရာကြီး၊ ဒီတစ်ခါ မပေးပါနဲ့၊ ငါကြွေးပါရစေ" ဟု ဆိုရင်း မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူပေးသောငွေများကို ငြင်းဆန်လေသည်။ ထို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူက "ကျုပ်နောက်တစ်ခါ လာဖြစ်မှာ မဟုတ်တော့ဘူး" ဟု ဆိုကာ ချောင်ရိန်းလက်ထဲသို့ ကျသင့်ငွေများပေးတော့သည်။ ထို့နောက် သူ့လက်ထဲတွင် ပိုနေသော ရာတန်အချို့ကို ဖထီးအား လှမ်း၍ပေးလိုက်ရင်း ပျော်ပွဲစားရုံလေး၏ အပေါက်ဝဖက်သို့ တစ်လှမ်းချင်း ထွက်သွားလေသည်။

အဖိုးကြီးချောင်ရိန်းနှင့် ဖထီးတို့လည်း ထို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူနောက်မှ အသာလိုက်ပါလာ

ကြရင်း ဖထီးက "ဆရာ၊ ဆရာ့မိတ်ဆွေတွေကော" ဟု မေးလိုက်မိသည်။ ထိုအခါ ထို မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် လူက ပျော်ပွဲစားရုံကလေး၏ လှေကားထိပ်တွင် ရပ်လိုက်ရင်း ဘယ်ဖက်မှ အခန်းကို လှည့်ကြည့်လိုက်ကာ ဝမ်းနည်းသံဖြင့် "မရှိကြတော့ဘူး" ဟု ပြန်ဖြေလိုက်သည်။ ဖထီးက အဖိုးကြီး ချောင်ရိန်းကို လှမ်းကြည့်လိုက်သောအခါ သူတို့နှစ်ယောက်သား အကြည့်ချင်း ဆုံးသွားကြသည်။ လှေကားထစ်များကို ဖြည်းလေးစွာ နင်း၍ဆင်းသွားသော မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့်လူ၏ ကျောပြင်ကို ကြည့်နေမိကြရင်း၊ စကားလုံးများအားဖြင့် ဖော်ပြရန်ခက်သော ဝမ်းနည်းခြင်းသည် သူတို့၏အသိတရားထဲ ဝင်လာတော့၏။

သူတို့နှစ်ဦးသားက မည်သည့်အခါမျှ ပြန်၍ တွေ့ကြရတော့မည် မဟုတ်တော့သော ဘီယာလာသောက်ခဲ့ကြသူများ အနက်မှ နောက်ဆုံးကျန်ရစ်သူ တစ်ယောက်ကိုပါ၊ နောင်တွေ့ရလိမ့်မည် မဟုတ်ဟူ သော အသိဖြင့် ကြည့်နေမိကြသည်။ မည်သည့်အခါတွင်မှ ပြန်တွေ့ကြရတော့မည် မဟုတ်ဟူသော အသိအခြေခံဖြင့် ကြည့်နေကြပုံမှာ ရုပ်ရှင်ကား တစ်ကားပြီးဆုံးသွားပြီးနောက် "ပြီးပါပြီ" ဟု စာတန်းထိုးထားခြင်းကို ဆက်လက်၍ ထိုင်ကြည့်နေကြသည်နှင့်သာ တူတော့သည်။

မြင့်သန်း

www.burmeseclassic.com

# ကျွန်တော်နှင့်အခြားသူတို့၏ အကြောင်းများ

မြသန်း

(၁) [illegible]

(၂) [illegible]

(၃) [illegible]

(၄) [illegible]

(၅) [illegible]

(၆) [illegible]

(၇) [illegible]

(၈) [illegible]

(၉) [illegible]

(၁၀) [illegible]